ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (17-10-2014) (၇၉၉၆)

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန် ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သော ကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏။ အလွန်ပင် ဝမ်းမြောက်ရပေ၏။

(ဓမ္မပဒ-၁၆)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံ မီလန်မြို့သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၀) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် အောက်တိုဘာ ၁၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် အီတလီနိုင်ငံ မီလန်မြို့သို့ အောက်တိုဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။



## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မီလန်မြို့ Melpensa လေဆိပ်၌ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် မီလန်မြို့ NH President ဟိုတယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအနေဖြင့် ယနေ့တွင် ဥရောပသမဂ္ဂ-အာဆီယံ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ မျက်နှာစုံညီထိပ်သီးအစည်းအဝေးများနှင့် အီတလီသမ္မတနိုင်ငံသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတို့သို့ တက်ရောက်ရန်ရှိကြောင်း သတင်းရရှိသည်။

မီလန်မြို့ကို ရောမလူမျိုးများက အီတလီနိုင်ငံ အလယ်ပိုင်းရှိ လွင်ပြင်များ၏ အလယ်၌ ဘီစီ ၄၀၀ ခန့်တွင် စတင်တည်ထောင်ခဲ့ကြသည်။ လက်ရှိမြို့နေလူဦးရေမှာ ၁ ဒသမ ၃ သန်းခန့်ရှိပြီး အီတလီနိုင်ငံ၏ ဒုတိယလူဦးရေအများဆုံးမြို့ဖြစ်သည်။ မီလန်မြို့ကို အီတလီနိုင်ငံသားများက မီလန်နိုဟုခေါ်ဆိုကြပြီး ဖက်ရှင်နှင့် စက်မှုလုပ်ငန်းများဖြင့် ကမ္ဘာကျော်သည့် မြို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အင်းလေးဒေသရောက် ဧည့်သည်များ၏ အားပေးမှုကြောင့် အင်းလေးရက်ကန်းထည်များ အရောင်းတွင်ကျယ်လျက်ရှိ

**အင်းပေါ်ခုံ အောက်တိုဘာ ၁၆**

ခေတ်စနစ်များ မည်မျှပင်ပြောင်းပြောင်း စက်ရက်ကန်းရုံကြီးများမှ ခေတ်မီနည်းစနစ်ဖြင့် အဆင့်မြင့်သော အဝတ်အထည်များကို မည်မျှပင် ထုတ်လုပ်ကြသည်ဖြစ်စေ အင်းလေးဒေသ၏ ရက်ကန်းသံကား ညံလျက်ရှိနေသည်ကို တွေ့ခဲ့ကြားခဲ့ရသည်။ အင်းလေးဒေသရှိ နမ့်ပန်ရွာ၊ အင်းပေါ်ခုံရွာနှင့် ရွာမရွာတို့သည် ရှေးယခင်ကတည်းက ယခုအချိန်အထိ ရက်ကန်းလုပ်ငန်းဖြင့် ထင်ရှားလျက်ရှိသောရွာကြီးများအဖြစ် ရပ်တည်နေပြီး အထူးသဖြင့် အင်းပေါ်ခုံရွာသည် ရက်ကန်းလုပ်ငန်းနှင့်ပတ်သက်၍ အင်းလေးဒေသတစ်ခုလုံး၏ အချက်အချာကျသော နေရာဒေသအဖြစ် ရပ်တည်နေသည်။ တစ်ချိန်က နာမည်ကျော်ရေပန်းစားခဲ့သော ဘန်ကောက်လုံချည်မှလွဲ၍ ကျန်အင်းလေးဇင်းမယ်၊ အင်းတွဲလုံချည်နှင့် ပိုးထဘီများကို ယခုအချိန်အထိ ရက်လုပ်လျက်ရှိကြောင်း သိရသည်။

"ရှေးယခင်ကထင်ရှားကျော်ကြား လူကြိုက်များခဲ့တဲ့ ဘန်ကောက်လုံချည်က ခေတ်မရှိတော့ မရက်ကြတော့ပါဘူး။ အင်းလေးဒေသထွက် လွယ်အိတ်တွေကို ရွာမရွာမှာအများဆုံးရက်လုပ်ကြပြီး

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ○

## မိုးရွာသွန်းမှု

၁၆-၁၀-၂၀၁၄

| | | |
|---|---|---|
| တောင်ကြီး | ၂ ဒသမ | ၂၈ လက်မ |
| မြစ်ကြီးနား | ၁ ဒသမ | ၃၀ လက်မ |
| မြောင်းမြ | သုညဒသမ | ၉၄ လက်မ |
| ဗန်းမော် | သုညဒသမ | ၉၁ လက်မ |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

UPVC Windows & Doors
Manufacturing
The Best Windows
Weather Proof Water Proof
The quality products
UPVC Window & Door များကို ကိုရီးယားနိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကုန်ကြမ်းများကို တိုက်ရိုက်တင်သွင်းပြီး ကိုရီးယား စက်ကြီးများဖြင့် ကိုရီးယားနည်းပညာအတိုင်း ထုတ်လုပ်ထားပါသည်။ ပူလွန်းအေးလွန်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ UV Coated ပါရှိခြင်းကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည်ခိုင်ခံ့ခြင်း၊ အသံလုံ၍ အသုံးပြုရ ပေါ့ပါးခြင်း စသည့် အားသာချက်တို့ကို ရရှိစေပါသည်။
ကိုရီးယား ABS Moulding Door အမျိုးမျိုး၊
ကိုရီးယား UPVC Window & Door ဆိုဒ်အမျိုးမျိုးတို့ကို မိမိစိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။
- Vinyl Tiles
- Carpet Tiles
- Eco Art Tiles
Floor Tiles အမျိုးမျိုးတို့ကို စိတ်ကြိုက်အော်ဒါမှာယူနိုင်ပါသည်။
HOME GALAXY Interior Mall
Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

## အတွေးအမြင်

**ကြေးမုံ စာတည်းရှေ့ထောင့် — ၁၇-၁၀-၂၀၁၄၊ သောကြာနေ့**

# မိခင်နှင့် ကလေးစောင့်ရှောက်ပေး

မိမိတို့နိုင်ငံသည် ပထဝီအနေအထားပကတိအခြေအနေအရ လူဦးရေ ၇၀ ရာခိုင်နှုန်းတွင် ဝေးလံခေါင်သီ တောင်ပေါ်မြေပြန့်နေရာအနှံ့တွင် ပြန့်ကြဲနေထိုင်ကြသူများလည်းရှိသည်။ သဘာဝအတားအဆီးတောင်တန်းကြီးများ မြစ်ချောင်းများကြောင့် တစ်နေရာနှင့်တစ်နေရာအမြင်နီးပါလျက် အနေဝေးနေကြရသည်။ ကျေးလက်နေပြည်သူများသည် မိရိုးဖလာ လယ်ယာကိုင်းကျွန်းလုပ်ကိုင်ရင်း ရိုးသားစွာသက်မွေးဝမ်းကျောင်းမှုပြုကာ ငြိမ်းချမ်းစွာနေထိုင် တတ်ကြသူများဖြစ်သည်။

အချို့ အစွန်အဖျားကျေးလက်များတွင် ကျန်းမာရေး၊ ပညာရေး အစစနိမ့်ကျလျက်ရှိနေပြီး အထူးသဖြင့်ကျန်းမာရေးတွင် မြို့ပြဆေးရုံဆေးခန်းများနှင့်အလှမ်းဝေးနေကြဆဲ။ ကျေးလက်နေပြည်သူများအတွက် မလွှဲမရှောင်သည့် အရေးကိစ္စများမှအပ မြို့ပြသို့အရောက်နည်းသည်။ ပညာရေးတွင် စာသင်ကျောင်းမရှိက ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် အဆင်ပြေနေကြသည်။ ကျန်းမာရေးတွင် ဒေသခံတိုင်းရင်းဆေးဆရာများနှင့် ကုသကြရသည်။ အထူးသဖြင့် ကလေးမွေးဖွားရေးတွင် အရပ်လက်သည်များကို အားကိုးကြသည်။ ထိုအခါ နည်းစနစ်မမှန် ရှေးရိုးအစဉ်အလာမှ ရှန်းမထွက်နိုင်ကြသော အရပ်လက်သည်တချို့ကြောင့် သားကောင်းမိခင်နှင့် မျိုးဆက်သစ်ကလေးသူငယ်အချို့ ဆုံးရှုံးကြရသည်။

ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ မိမိတို့နိုင်ငံတွင် ၂၀၁၂ ခုနှစ် မွေးကင်းစကလေးငယ် ၁၀၀၀ တွင် ၄၁ ဦးနှုန်း ဖိတ်စဉ်သေဆုံးနေရကြောင်းသိရသည်။ သေဆုံးမှုများပြားရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆေးရုံဆေးခန်းသို့ အချိန်မီ မရောက်ရှိခြင်းကြောင့်ဟု သိရသည်။

သားဖွားမိခင်နှင့်ကလေးငယ်သေဆုံးမှု လျော့နည်းရေးအတွက် ကိုယ်ဝန်ဆောင်ချိန်အစောပိုင်းကတည်းက သားဖွားဆရာမနှင့် ကြိုတင်ပြသခြင်း(သို့) ဗိုက်အပ်နှံခြင်း၊ ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ တစ်ပတ်တစ်ကြိမ် ဆရာဝန်နှင့်ပြသကာ ကိုယ်ဝန်ဆောင်သည့် မိခင်လောင်းကိုယ်တိုင်ကလည်း ကျန်းမာရေးအသိနှင့် နေထိုင်စားသောက်ကြရမည်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ မှတ်သားဖူးသည်။

ပြည်သူ ၇၀ ရာခိုင်နှုန်းနေထိုင်လျက်ရှိရာ ကျေးလက်ဒေသအစွန်အဖျားများတွင် သားဖွားဆရာမ၊ ဆရာဝန်နှင့် ကျန်းမာရေးအသိရှိမှုနည်းပါးနေသေးသည်။ တစ်နိုင်ငံလုံးမြို့ပြ ၃၃၀ တွင် ဆေးရုံဆေးခန်းရှိသည်။

အချို့ဆေးရုံများတွင် ဆရာဝန်အင်အားလုံလောက်စွာ မရသေးသော်လည်း ယခုဖြည့်ဆည်းပေးနေပြီဖြစ်သည်။ အထူးသဖြင့် ဝေးလံခေါင်သီ မြို့နယ်များတွင် လိုအပ်မှုများရှိနိုင်ပါသည်။

ဥပမာအားဖြင့် နာဂတောင်တန်းဒေသမှ "လဟယ်"မြို့လေးသို့ စေလွှတ်ပို့ပေးသော်လည်း မသွားလိုကြသည်က များသည်။ ဤကဲ့သို့သော နေရာဒေသများမိမိတို့နိုင်ငံတွင်ရှိနေဆဲဖြစ်ရာထိုသို့ဒေသများအတွက် စေတနာ၊ အနစ်နာ၊ ဝါသနာအခံရှိသော ပညာရှင်များကိုသာ အားကိုးရသည်။

ထို့ကြောင့်လည်း ဝေးလံခေါင်သီသောဒေသများတွင် ဆရာဝန်မရှိမှု၊ အရန်သားဖွားဆရာမနည်းပါးမှုကို ဖြေရှင်းပေးနိုင်ရန် ဒေသခံများထဲမှ ရှစ်တန်းအောင်ပြီးသူများအား အရန်သားဖွားဆရာမများအဖြစ် သင်တန်းပေးခန့်အပ် တာဝန်ပေးမှုများပြုလုပ်နေသည်။ ဒေသ၏ ပကတိအခြေအနေအရ လက်တွေ့ကျသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

နိုင်ငံ၏သားကောင်းမိခင်နှင့် မျိုးဆက်သစ်လေးများအား အန္တရာယ်ကင်းဘေးရှင်းရေး ဒေသခံအရန်သားဖွားဆရာမလေးများက စေတနာဗရပွနှင့် ပြုစုစောင့်ရှောက်မှုပေးသွားပါလိမ့်မည်။ အကြောင်းမှာ ဒေသခံများပီပီ မိမိဒေသ၊ မိမိမွေးဖွားကြီးပြင်းရာ ပတ်ဝန်းကျင်ကို သံယောဇဉ်ရှိကြစမြဲဖြစ်ပါသည်။

အခြားတစ်ဖက်တွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNICEF တို့ပူးပေါင်းကာ သားဖွားမိခင်နှင့် မွေးကင်းစကလေးငယ်သေဆုံးမှုမြင့်မားနေမှုကို လျှော့ချနိုင်ရေးအတွက် မိသားစုကျန်းမာရေးအဆင့်မြှင့်တင်မှု အသိပညာပေးရေးကို ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဤလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်အောင်လုပ်ဆောင်လာနိုင်ပြီဆိုလျှင်၊ ကျေးရွာတိုင်းတွင်လည်း ဒေသခံသားဖွားဆရာမလေးများ ကိုယ်စီနှင့် ရှိလာနိုင်ပြီဆိုပါလျှင် အနာဂတ်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ကြီး ပြီးပြည့်စုံသည့်အဆင့်တစ်ခုသို့ ရောက်သွားပြီဟုဆိုနိုင်ပါသည်။ ။

# ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ကော်ပိုရေးရှင်းအသွင်ပြောင်းလဲရာတွင် ကဏ္ဍအလိုက် ပညာရှင်များပါဝင်သော အကြံပြုဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (YESB) ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာပညာရှင်များနှင့် လုပ်ငန်းရှင်များပါဝင်သော အကြံပြုဆွေးနွေးပွဲကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။**

ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားပေးရေးစနစ်တစ်ခုလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမှု လျှော့ချကာ သီးသန့်ရန်ပုံငွေဖြင့် သီးခြားရပ်တည်ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပြည်တွင်းပြည်ပပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ တိုးပွားလာသော ရင်းနှီးမြှုပ်နှံမှုများဖြင့် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ လုံခြုံစိတ်ချရသောဓာတ်အားဖြန့်ဖြူးမှုစနစ်တည်ဆောက်ပြီး တည်ငြိမ်ပြည့်ဝသောလျှပ်စစ်ဓာတ်အား ဖြန့်ဝေနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့်လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေးတို့ကိုရှေးရှုကာ YESB အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပညာရှင်များနှင့် လုပ်ငန်းရှင်များ အကြံပြုဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါ အကြံပြုဆွေးနွေးပွဲကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်၊ ဒုတိယဥက္ကဋ္ဌ၊ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ FMI၊ IGE၊ MGS၊ Smart Group၊ IKBZ၊ Aung Myanmar၊ ဧရာဟသ်ာ စသည့်ကုမ္ပဏီများမှ ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများတက်ရောက်ကြပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အား ကော်ပိုရေးရှင်းအသွင်ပြောင်းလဲရာတွင်ရရှိနိုင်မည့် အခွင့်အရေး၊ အားသာချက်များနှင့် ကြုံတွေ့ရမည့် အခက်အခဲ၊ စိန်ခေါ်မှုများကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အကြံပြုဆွေးနွေးချက်များအပေါ် အလေးထားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

## ရွှေရေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၇၄၀၀ | - | ၆၅၈၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၇၁၀၀ | - | ၆၅၈၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၄. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၂. ၁၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၆၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၃၇. ၅၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၇၅၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၇၂. ၃၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁. ၇၁ |


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# အလုံမြို့နယ်၌ ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူတို့အသိပညာမြင့်မားတိုးတက်ရေး၊ ဗဟုသုတကြွယ်ဝ ဖွံ့ဖြိုးရေးကိုရှေးရှုပြီး စာဖတ်လိုသူများ အလွယ်တကူ စာအုပ်စာပေ ဖတ်ရှုလေ့လာနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ရုံးဌာန၊ အလုပ်ရုံ၊ ကျောင်းများသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်သည့် Mobile Library လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတို့သည် အလုံမြို့နယ် မီးရထားအငယ်တန်း အင်ဂျင်နီယာ(၂)သို့ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် အများပြည်သူဖတ်လိုသည့် သုတ/ရသစာအုပ်စာစောင်များဖြင့် သွားရောက်၍ Mobile Library ကွင်းဆင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း သုတ/ရသ စာအုပ် ၄၅ အုပ်အား ရက်သတ္တနှစ်ပတ်ကြာ ငှားရမ်းပေးထားခဲ့ကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**




ရွှေဆောင်(၁) ဖုန်း - 252113 388034 | Top Royal စိန်ဂေဟာ - ပါရမီ ဖုန်း- ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | မြို့မ (မန္တလေး) ဖုန်း- ၃၉၁၃၆၊ ၃၉၁၃၇ | ၁၇ . ၁၀ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမြို ပွဲချိန်သတ်မှတ်ပြ ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀ နာရီ




နေပြည်တော်(၂) ဖုန်း - 251277 251288 | မင်္ဂလာ (၂) ဓဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၃၁၇၆၀၀၀ ၀၉၇၃၁၇၆၁၁၁ ၀၉၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | ၁၇ . ၁၀ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမြို ပွဲချိန်သတ်မှတ်ပြ ၁၀း၀၀နာရီ ၁၂း၃၀နာရီ ၃း၃၀နာရီ ၆း၃၀နာရီ ၉း၃၀ နာရီ



ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ လိုက်ပါလျက် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက စစ်တွေမြို့မှ ရေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ဘူးသီးတောင် မြို့သို့ရောက်ရှိကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက် လျက်ရှိသည့် ဘူးသီးတောင်-တောင်ဘဇာ-ဝါးနက်ရုံလမ်း၊ တောင်ဘဇာ-ဗန္ဓုလ လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီအသီးသီးမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး ကော်မတီများမှ တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူလိုက်ပါလျက် ဘူးသီးတောင်-ငါးကျည်တောက်လမ်းပေါ်ရှိ လမ်း၊ တံတားများကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ဝေသာလီ-ဥဒေါင်းကွန်ကရစ်လမ်းနှင့်တံတားများ၊ မောရဝတီကျေးရွာရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သည့် နှစ်ထပ်မူလတန်းလွန်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ကင်းချောင်းကျေးရွာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အခက်အခဲများကြောင့် ပြောင်းရွှေ့ရောက်ရှိလာသော တိုင်းရင်းသားများအတွက် လုံးချင်းအိမ်ရာများဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး ကော်မတီများမှတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းရင်းသူလေးများအား အခြေခံစက်ချုပ်သင်တန်း ပို့ချပေးနေမှုနှင့် သင်တန်းသူအိပ်ဆောင်တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းကျောင်းအုပ်၊ နည်းပြဆရာမများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မောင်တောမြို့ဗဟိုကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော် ကြည်ညို၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် ဆောင်ရွက်နေသော မြို့မအရှေ့ရပ်ကွက် မူလတန်းလွန်ကျောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မောင်တောမြို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သည့် နှစ်ထပ်မူလတန်းလွန်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပုဂံ)ဖွင့်ပွဲ ကျင်းပ

**ပုဂံ အောက်တိုဘာ ၁၆**

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ်(ပုဂံ)ကို အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်က အဓိကကူညီပံ့ပိုးပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးကြပ်မှုဖြင့် Bagan Golf Club၌ ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပရာ ဂေါက်သီးရိုက်အားကစားသမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် သတ်မှတ်ထားသည့် အမှတ်(၁၀)တီခုံ၌ နေရာယူကြပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကိုယ်စား ဗိုလ်မှူးချုပ်တင်ဝင်း(ငြိမ်း)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးနှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD) မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးကာ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့်တွင် ၂၃ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၅၃ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း အားကစားသမား ၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့အပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်လတ်(HAN Golf Academy) က ၆၈ ချက်ဖြင့် ပထမ၊ မင်းနိုင်(Srixon)က ၆၉ ချက်ဖြင့် ဒုတိယ၊ နိုင်နိုင်လင်း(New Star)က အချက် ၇၀ဖြင့် တတိယရရှိပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် သူရက ၇၂ ချက်ဖြင့် ပထမ၊ ရဲမြတ်သူက ၇၃ ချက်ဖြင့် ဒုတိယ၊ ဇော်ဇော်ထွန်းက ၇၃ ချက်ဖြင့် တတိယလိုက်နေသည်။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဋ္ဌမပွဲစဉ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)က အဓိကကူညီပံ့ပိုးပေးပြီး မြနန္ဒာသောက်ရေသန့်၊ နေပြည်တော်သောက်ရေသန့်၊ မြဝတီသောက်ရေသန့်၊ Dagon Motor Fresh၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ Official Golf Ball အဖြစ် Volvik၊ Bagan Golf Club နှင့် HAN Event Management တို့က ထပ်မံပံ့ပိုးပါဝင်ကူညီကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

## ဒေသခံပြည်သူများနှင့် ခရီးသွားများအား အကျိုးပြုနေသည့် ကျားထူးချောင်းကူးတံတား

သတင်း-ကိုကိုနေ၊ နိုင်လင်းကြည်
ဓာတ်ပုံ-ရာမည



**နတ်မောက် အောက်တိုဘာ ၁၆**

သွားရမယ့်ခရီးလမ်းကို မြင်နေရသော်လည်း သွားနိုင်ခြင်းမရှိ၊ စိတ်မောခြင်း၊သောကဖြစ်ခြင်း ကိုယ်စီနှင့် တစ်ဖက်ကမ်းကို လှမ်းမျှော်ကြည့်ရုံသာ တတ်နိုင်သည်။ အခြားတစ်ဖက်တွင်လည်း ထို့အတူပင်။ ထိုခရီးသည်နှစ်စု၏အကြားတွင် ကျားထူးချောင်း၏ တောင်ကျရေစီးသည် အရှိန်ပြင်းစွာဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက် မတိုင်မီ အချိန်များက ပျော်ဘွယ်-နတ်မောက်ခရိုင်ချင်းဆက် ကားလမ်းပေါ်မှ ကျားထူးချောင်းကို ဖြတ်သန်းသည့် နေရာတွင်ဖြစ်သည်။

ဒေသခံပြည်သူများ ခရီးသွားများ၏ အခက်အခဲ၊ ကုန်စည်ပို့ဆောင်မှုနှောင့်နှေးခြင်းအခက်အခဲများ ပြေလည်စေရေးအတွက် တောင်ကျရေစီးဒဏ်ခံနိုင်၍ ရာသီဥတုမရွေးဖြတ်သန်းသွားလာနိုင်သော ကျားထူးချောင်းဖြတ် သံကူကွန်ကရစ်တံတားဆောက်လုပ်ပြီးချိန်တွင် ကျားထူးချောင်းအားဖြတ်သန်းမောင်းနှင်နေရသည့် မကွေး-နတ်မောက်-ရန်ကုန် အဝေးပြေးယာဉ်များ၊ မကွေး-နတ်မောက်-နေပြည်တော် အဝေးပြေးယာဉ်များ၊ မကွေး-နတ်မောက်-ပျော်ဘွယ်-မန္တလေး အဝေးပြေးယာဉ်များ၊ မကွေး-နတ်မောက်-ပျော်ဘွယ်-တောင်ကြီး အဝေးပြေးယာဉ်များသည် သွားလိုသည့်နေရာသို့ လွယ်လင့်တကူသွားလာနေပြီဖြစ်သည်။

"ချောင်းရိုးကလည်း ရှည်တော့ ချောင်းရေက တော်တော်နဲ့မကျဘူး။ ဒီကျားထူးချောင်းကူးတံတား မဆောက်ခင် အရင်တုန်းကဆို ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ကားမပြောနဲ့ လူတွေတောင် သွားလာဖို့ခက်တယ်။ ချောင်းကိုကူးပြီးမှ သွားလို့ရတာဆိုတော့ ချောင်းရေမကျမချင်း စောင့်ရတဲ့ပြဿနာက အတော်ဒုက္ခရောက်တယ်။ ခရီးသွားတွေဆိုရင် မကွေးကနေ မန္တလေးကိုသွားမယ်ဆိုရင် ကိုယ်စီးလာတဲ့ကားက ချောင်းကိုဖြတ်ကူးဖို့ အဆင်မပြေတဲ့အခါ မန္တလေးဘက်က လာမယ့်ကားကိုစောင့် တစ်ဖက်ကမ်းကို လူချည်းကူးရတယ်။ မန္တလေးဘက်ကလာတဲ့ ကားကလည်း မကွေးဘက်ကလာတဲ့ခရီးသည်တွေကို တင်ပြီး မန္တလေးဘက်ကို ပြန်မောင်းရတယ်။ တခြား တောင်ကြီး၊ နေပြည်တော်၊ ရန်ကုန်စတဲ့ဘက်က လာတဲ့ကားတွေရော မကွေးဘက်က လာတဲ့ခရီးသည်တင်ကားတွေရော ကျားထူးချောင်းရောက်ရင် ဟိုဘက်ကလာတဲ့ကားကို စောင့်ပြီး နောက်ကြောင်းပြန်မောင်းရတယ်။ တံတားဆောက်ပြီးတော့ မန္တလေးကပဲလာလာ၊ တောင်ကြီးကပဲလာလာ၊ မကွေးဘက်ကိုသွားမယ်ဆိုရင် ခရီးသည်တွေ ကားပြောင်းစီးစရာမလိုတော့ဘူး။ သွားချင်တဲ့နေရာ လွယ်လွယ်ကူကူသွားလာနိုင်နေပြီ။ ဒေသထွက်ကုန်တွေဆိုရင်လည်း မြို့ကြီးတွေကို အလွယ်တကူနဲ့ သွားပြီးရောင်းဝယ်ရတာလည်း အဆင်ပြေလာတယ်"ဟု တံတားမဆောက်မီကာလနှင့် တံတားဖွင့်လှစ်ပြီးချိန် အဆင်ပြေချောမွေ့မှုများကို ဒေသခံတစ်ဦးဖြစ်သူဦးသိန်းစိုးက ပြောသည်။

အဆိုပါ ကျားထူးချောင်းကူးတံတားသည် အရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန်တန် ၆၀၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။


ကျောင်းစာသင်ခုံများ ရောင်းမည်။
(ကျွန်းခုံ)
Tel: 095133458, 09420129333

ဆုပြည့် 0931815390, 0931815395
ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)– ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ငြိမ်း)– ၄၀၀၀၀
ငွေဆောင်(သောကြာ)(ငြိမ်း)– ၅၀၀၀၀
တောင်ကြီး(မီးပုံးပျံပွဲ)– ၈၅၀၀၀
6+1 FREE
Car Rental
Nov 4 ထွက်မည်။

POST ရာထူးဝင်ခွင့်သင်တန်း
Tel: 09420129333
နည်းပြ၊ သရုပ်ပြအနီးကပ်
ဖွင့်ပြီ
ဘဏ္ဍာရေး – ပြည်တွင်းအခွန် အနီးကပ်
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ
၂၀၁၄ ခုနှစ် အတွက်
ထူးထူးခြားခြားတင်ဆက်လိုက်သော
နှလုံးသားကို .....
ဦးနှောက်နဲ့စဉ်းစားတတ်သူ
သစ္စာတရားနဲ့စဉ်းစားတတ်သူ
မေတ္တာတရားနှင့်စဉ်းစားတတ်သူတို့
အကြားမည်သို့မည်ပုံ ဖြစ်မည်ကို
မြင်တွေ့ရမယ့်...




၃.၁၀.၂၀၁၄မှစ၍
ရန်ကုန်၊သမ္မတ၊သွင်၊မင်္ဂလာ၊မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊Junction Square၊ (မန္တလေး – ဝင်းလိုက်)
၁၇–၁၀–၂၀၁၄ မှစ၍ နဝဒေး၊ မဟာမြိုင်

# ဓားစာခံနှစ်ဦးကို ကယ်တင်နိုင်ရန် ဖိလစ်ပိုင်တပ်မတော် ကြိုးပမ်းမည်

**မနီလာ အောက်တိုဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုလိုကျွန်း၌ အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော စစ်သွေးကြွအဖွဲ့က ဂျာမန်လူမျိုးနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားရာ အစိုးရတပ်ဖွဲ့က ယင်းဓားစာခံနှစ်ဦးကို ကယ်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဓားစာခံနှစ်ဦးအတွက် ပြန်ပေးရွေးငွေ ပီဆိုသန်း ၂၅၀ (ဒေါ်လာ ၅ဒသမ၆သန်း)ပေးရန်နှင့် ဆီးရီးယားနိုင်ငံ၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်နေမှု အဆုံးသတ်ရန် သို့မဟုတ်ပါက ဓားစာခံနှစ်ဦးအနက် တစ်ဦးကို သတ်ဖြတ်ပစ်မည် ဖြစ်ကြောင်း စစ်သွေးကြွများက ခြိမ်းခြောက်ထားသည်။

ဓားစာခံအဖြစ် အဖမ်းခံရသူ ဂျာမန်နှစ်ဦးမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြသည်။

ဓားစာခံနှစ်ဦး၏ အသက်ကို ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် စစ်ဆင်ရေးလုပ်ငန်းအရပ်ရပ်ကို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော် ဗိုလ်မှူးကြီးအယ်လန်အာရိဂျာဒိုက ပြောကြားသည်။

ဖမ်းဆီးခံ ဓားစာခံနှစ်ဦးအား ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို စစ်သွေးကြွအဖွဲ့က ဒေသဆိုင်ရာ ရေဒီယိုအသံလွှင့်ဌာနတစ်ခုသို့ ပေးပို့ခဲ့သည်။ **ရိုက်တာ**



ဂျာမန်ဓားစာခံနှစ်ဦး အဖမ်းခံထားရသော ဂျိုလိုကျွန်း၌ အစိုးရတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်စဉ်။



# ဝန်ကြီး ကယ်ရီ၏ လေယာဉ်စက်ချို့ယွင်း ခရီးသည်တင်လေယာဉ်ဖြင့် လိုက်ပါရ

**ဗီယင်နာ အောက်တိုဘာ ၁၆**

ပြည်ပခရီးသွားရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးစီးနင်းသည့် လေတပ်လေယာဉ်သည် ယခုနှစ်အတွင်း စတုတ္ထအကြိမ် စက်ချို့ယွင်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် အောက်တိုဘာ ၁၆ ရက်တွင် ဗီယင်နာမြို့မှ ပြန်မည့် ခရီးစဉ်အတွက် ခရီးသည်တင် လေယာဉ်ဖြင့် လိုက်ပါစီးနင်းခဲ့ရကြောင်း ယနေ့ ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

**ဆွေးနွေးပွဲသို့ တက်ရောက်**

ဩစတြီးယားနိုင်ငံ မြို့တော်ဗီယင်နာ၌ အောက်တိုဘာ ၁၅ ရက်က အီရန်နျူကလီးယားအရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ဝန်ကြီးကယ်ရီ၏ အဖွဲ့တွင် သံတမန်ဝန်ထမ်းများနှင့် သတင်းစာဆရာ ၄၀ ကျော်ပါဝင်သည်။ ဝန်ကြီးစီးနင်းသော ဘိုးရင်း-၇၅၇ လေယာဉ်သည် ပြုပြင်ရန် လိုအပ်ခြင်းကြောင့် ခရီးသည်တင် လေယာဉ်ဖြင့် လိုက်ပါခဲ့ရသည်။

ကယ်ရီသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံခြားရေးဝန်ကြီးရာထူး၌ တာဝန် ယူခဲ့ပြီးချိန်နောက်ပိုင်း ကမ္ဘာ့နိုင်ငံပေါင်း၅၅နိုင်ငံသို့ သွားရောက်ခဲ့ပြီး ၎င်းသွားရောက်ခဲ့သော ခရီးတာမှာ ကီလိုမီတာမှ ၉၁၁၀၀၀ ခန့်ရှိသည်။ နိုင်ငံအချို့သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ရပြီး လမ်းခရီး၌ ကုန်ဆုံးခဲ့သောရက်ပေါင်းမှာ ၂၄၉ ရက် ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# စစ်သွေးကြွများကိုချေမှုန်းသည့် ကာ့ဒ်တပ်ဖွဲ့များအတွက် အီရန်နှင့်တူရကီ လက်နက်များထောက်ပံ့ပေးခဲ့

**ဘဂ္ဂဒက် အောက်တိုဘာ ၁၆**

**အီရန်နှင့် တူရကီနိုင်ငံတို့သည် အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)ထူထောင်သည့် စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်နိုင်ရန် ကာဒစ္စတန်ဒေသရှိ ကာ့ဒ်တပ်ဖွဲ့ဝင်များ အတွက် လက်နက်များကို တိတ်တစ်ဆိတ် ထောက်ပံ့ပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်း ဌာနများက အောက်တိုဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသကို ထိုးစစ်ဆင်တိုက်ခိုက်သည့် ပထမညမှာပင် အီရန်နိုင်ငံက လေယာဉ်နှစ်စင်းစာ လက်နက်များကို ပေးပို့ခဲ့ကြောင်း ကာဒစ္စတန်ဒေသ အစိုးရအဖွဲ့ အကြီးအကဲ ဘာဇာနီက စကိုင်းရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။ သို့ရာတွင် မည်သည့် စစ်လက်နက်ပစ္စည်းများ ဖြစ်သည်ကို အတိအကျ ပြောကြားခြင်းမရှိပေ။


ကာဒစ္စတန်ဒေသ၌ ကာ့ဒ်တပ်ဖွဲ့၏ စစ်စခန်းတစ်နေရာကို တွေ့ရစဉ်။

တူရကီနိုင်ငံကလည်း ကာဒစ္စတန် တပ်ဖွဲ့အတွက် လက်နက်များ ထောက်ပံ့ပေးခဲ့ကြောင်း၊ သို့ရာတွင် ယင်းသို့ ထောက်ပံ့ပေးခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်းမပြုရန် တူရကီအစိုးရအဖွဲ့က မိမိအားပန်ကြားခဲ့ကြောင်း ဘာဇာနီက ပြောကြားသည်။

ကိုဘာနီဒေသကို သိမ်းပိုက်နိုင်ရန် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွအဖွဲ့က ကြိုးပမ်းလျက်ရှိပြီး ယင်းအဖွဲ့ကို ချေမှုန်းတိုက်ခိုက်နေသည့် ကာ့ဒ်တိုက်ခိုက်ရေးသမားများအနက် ဒဏ်ရာရရှိသူများကို တူရကီနိုင်ငံက ဆေးဝါးကုသပေးလျက်ရှိသည်ဆို၏။

ဒီမိုကရက်တစ်ယူနီယံ ပါတီမှ ကာ့ဒ်တိုက်ခိုက်ရေးသမားများအနက် ထိခိုက်ဒဏ်ရာရရှိသူ ၄၂၀ ကျော်ကို တူရကီနိုင်ငံရှိ ဆေးရုံများနှင့် ဆေးခန်းများတွင် ကုသပေးခဲ့ရာ ပြန်လည် နာလန် ထူလာပြီဖြစ်ကြောင်း ဘာဇာနီက ပြောကြားသည်။ **ပီတီအိုင်။**

# ဆန္ဒပြ ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ဟောင်ကောင်အစိုးရ ကမ်းလှမ်း

**ဟောင်ကောင် အောက်တိုဘာ ၁၆**

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၌ ဒီမိုကရေစီလိုလားသော ကျောင်းသားခေါင်းဆောင်များနှင့် လာမည့် ရက်သတ္တပတ်တွင် တွေ့ဆုံဆွေးနွေးရန် မိမိတို့လိုလားကြောင်း ဟောင်ကောင်အုပ်ချုပ်ရေးမှူး လွေ့ ချန်ယင်း က အောက်တိုဘာ ၁၆ရက်တွင် ပြောကြားလိုက်သည်။

ဟောင်ကောင်၌ ရက်သတ္တပတ်နှစ်ပတ်ကျော်မျှ ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အုပ်ချုပ်ရေးမှူး လွေ့ချန်ယင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဟောင်ကောင်၌ ဆန္ဒပြမှုများကြောင့် ကသောင်းကနင်းအခြေအနေ ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၇ ခုနှစ်တွင် လွတ်လပ်သောရွေးကောက်ပွဲများကို ကျင်းပပေးရန် ဆန္ဒပြသူများက တောင်းဆိုလျက်ရှိကြပြီး လွေ့ချန်ယင်း ရာထူးမှ နုတ်ထွက်ပေးရန်လည်း တောင်းဆိုခဲ့ကြသည်။ ဟောင်ကောင်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် တရုတ်အစိုးရ၏ စိစစ်မှုကို ဦးစွာခံယူရန် ကွန်မြူနစ်အာဏာပိုင်များက မူချမှတ်ခဲ့သည်။

ယခုလအစောပိုင်းက ကျောင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ဟောင်ကောင်အတွင်းဝန်ချုပ် ကာရီလမ်းက ဖျက်သိမ်းခဲ့သည်။ ထိုစဉ်အတွင်း ဟောင်ကောင်ရှိ လမ်းအချို့ကို ထိန်းချုပ်ထားသည့် ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က ငရုပ်ကောင်းမှုန့်အသုံးပြု၍ လမ်းများပေါ်မှ ရှင်းလင်းဖယ်ရှားခဲ့သည်။ **ရိုက်တာ။**

# စစ်သွေးကြွစခန်းများကို ပါကစ္စတန်လေတပ်တိုက်ခိုက်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၆**

ပါကစ္စတန် ဂျက်တိုက်လေယာဉ်များသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော နိုင်ငံအနောက်မြောက်ပိုင်းတိုင်းရင်းသားမျိုးနွယ်စု နေထိုင်ရာဒေသတစ်နေရာရှိ စစ်သွေးကြွစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ခိုင်ဘာတောင်ကြားဒေသရှိ စစ်သွေးကြွစခန်းငါးခုကို ပါကစ္စတန်လေတပ်က လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။ စစ်သွေးကြွ ၂၁ ဦး သေဆုံးကြောင်း စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားသော်လည်း အသေးစိတ် ဖော်ပြထားခြင်း မပြုပေ။ **ပီတီအိုင်။**

# အမ်အာရ်ဂျေ အမျိုးအစားလေယာဉ် မစ်ဆူဘီရှီ စတင်ထုတ်လုပ်တော့မည်


ဂျပန်အလယ်ပိုင်း ကိုမာကီမြို့ရှိ မစ်ဆူဘီရှီ လေယာဉ်ထုတ်လုပ်ရေးစက်ရုံကိုတွေ့ရစဉ်။

**တိုကျို အောက်တိုဘာ ၁၆**

ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် ဒီဇိုင်းပုံစံထုတ် တည်ဆောက်သည့် အမ်အာရ်ဂျေအမျိုးအစား ခရီးသည်တင် ဂျက်လေယာဉ် စတင်ထုတ်လုပ်မှု အခမ်းအနားကို နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့ရှိ မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းစက်ရုံ၌ အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမ်အာရ်ဂျေ အမျိုးအစား ဂျက်လေယာဉ်သည် တာတိုနှင့်တာလတ်ပျံသန်းနိုင်သည့် လေယာဉ်ဖြစ်ပြီး တာဘိုဖန်အင်ဂျင် အသုံးပြုကာ မစ်ဆူဘီရှီဒေသသုံး ဂျက်လေယာဉ်(အမ်အာရ်ဂျေ)ဟု အမည်ပေးထားသည်။ အမ်အာရ်ဂျေလေယာဉ်သည် လောင်စာဆီစား သက်သာပြီး အလေးချိန်အရ ပေါ့ပါးသည့် ကာဘွန်-ဖိုင်ဘာကွန်ပိုစစ်ကို အသုံးပြုကာ တည်ဆောက်ထားသည်။

မစ်ဆူဘီရှီ ကုမ္ပဏီ၏ အမ်အာရ်ဂျေ-၉၀ အမျိုးအစား ဂျက်လေယာဉ်သည် ထိုင်ခုံ ၈၈ လုံး၊ အမ်အာရ်ဂျေ-၇၀ အမျိုးအစား ဂျက်လေယာဉ် ထိုင်ခုံ ၇၆ လုံး၊ အမ်အာရ်ဂျေ-၁၀၀ အမျိုးအစား ဂျက်လေယာဉ်သည် ထိုင်ခုံ ၁၀၀ ပါဝင်မည်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

လာမည့်နှစ် ဒုတိယနှစ်ဝက်တာ ကာလအတွင်း ပထမဆုံးအကြိမ် ခရီးစဉ် ပျံသန်းနိုင်မည်ဟု မျှော်လင့်ရသည်။ နာရီပေါင်း ၂၅၀၀ ကြာမျှ စမ်းသပ်ပျံသန်းမှု ပြုလုပ်သွားရန် ကုမ္ပဏီက စီစဉ်ထားသည်။ **ကျိုဒို။**

ပြည်တွင်းရေးရာ

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မိမိတို့နှစ်သက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် လွတ်လပ်စွာကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြသည်။

ယနေ့နံနက် ၉ နာရီတွင် မြန်မာ့ကျောက်မျက်ရိုင်းအတွဲ(၁)မှ (၁၆၀) အတွက် တင်သွင်းခဲ့ကြသည့် ဈေးနှုန်းအဆိုပြုလွှာတင်ဒါများ ဖွင့်ဖောက်၍ တင်ဒါအောင်မြင်သည့် ဝယ်ယူခွင့်ရရှိသူများကို ထုတ်ပြန်ကြေညာရောင်းချရာ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ကြည့်ရှုအားပေးသည်။



အဆိုပါရောင်းချပွဲနှင့် ပတ်သက်၍ ကျောက်မျက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲငြေးက "ဒီနေ့မှာတော့ ကျောက်မျက်တင်ဒါတွေဖွင့်ဖောက်ပြီး တင်ဒါအောင်မြင်သူပြည်တွင်းကျောက်မျက်ရတနာကုန်သည်တွေကို မြန်မာကျပ်ငွေနဲ့ရောင်းချမှာပါ။ ကျောက်မျက်နဲ့ပတ်သက်လို့ နေပြည်တော်မှာ မြန်မာကျပ်ငွေနဲ့ ရောင်းချတာက အခုတစ်ကြိမ်အပါအဝင် နှစ်ကြိမ်ရှိသွားပါပြီ။ ကျောက်စိမ်းပွဲဆိုရင်လည်း ဒီတစ်ကြိမ်ရောဆို လေးကြိမ်ရှိသွားပါပြီ။ အခုမြင်တွေ့ရတဲ့အတိုင်း ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်တွေ အများအပြားလာရောက် လေ့လာကြည့်ရှုဝယ်ယူနေကြတာကိုတွေ့ရမှာပါ။ ဒီလိုပြသရောင်းချပွဲတွေ ကျင်းပပေးခြင်းဖြင့် ပြည်တွင်းရတနာကုန်သည်တွေအတွက် အလုပ်အကိုင်တွေပိုရတယ်၊ အခြားဒေသခံတွေလည်း ဒီကျောက်မျက်လုပ်ငန်းနဲ့ပတ်သက်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေပိုရတယ်။ နိုင်ငံတော်ရဲ့ ဝင်ငွေလည်းပိုမိုတိုးတက်ရရှိမှာဖြစ်ပါတယ်"ဟုပြောပြသည်။

ထို့ပြင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည် တစ်ဦးကလည်း "ဒီလို မြန်မာကျပ်ငွေနဲ့ရောင်းချတဲ့အတွက် ကျွန်တော်တို့ ရတနာကုန်သည်တွေ ကျေနပ်အားရတယ်။ လွတ်လွတ်လပ်လပ်လေ့လာကြည့်ရှုရတဲ့အတွက် စိတ်ချမ်းသာတယ်။ ဒါပေမယ့် ဒီပွဲက ကျောက်မျက်ရတနာတွေနဲ့ ကျောက်စိမ်းတွေကို အရင်နိုင်ငံတကာပွဲတွေလို အရည်အသွေးကောင်းတာတွေကို များများလေးပြသရောင်းချပေးစေချင်တယ်" ဟု ပြောပြခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့အကြား ရုပ်သံထုတ်လုပ်မှုအရည်အသွေး မြှင့်တင်ရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်ဖက်ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)စက်မှုနှင့် ပြည်သူ့ရေးရာမူဝါဒဌာန အုပ်ချုပ်မှုအဖွဲ့ ဥပဒေနှင့် တရားရေးဆိုင်ရာ ညွှန်ကြားရေးမှူး Mr.OKUBO Akimitsu က အမှာစကားပြောကြားပြီး ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နှစ်ဖက်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီးနောက် အမှတ်တရလက်ဆောင်များ အပြန်အလှန်လဲလှယ်ကြသည်။

**(သတင်းစဉ်)**

○ **ရွှေဖုံးမှ**

ရွာမရွာမှာ အင်းလေးရိုးရာချည်ထည်လုပ်ငန်းများနဲ့ ပဒေါင်ရိုးရာ ဂျပ်ခုတ်လုပ်ငန်းကိုလည်း လုပ်ကိုင်ပါတယ်။ ပင်နီဖျင်နဲ့ ချည်ချော၊ ချည်ကြမ်း လုံချည်တွေကို သပြေပင်၊ ပျားပင်ရွာတွေမှာ ရက်လုပ်ကြပါတယ်။ ရက်ကန်းပိုင်ရှင်ကိုယ်တိုင် ရက်တာရှိသလို ရက်ကန်းအလုပ်သမများနဲ့ လက်ခစား၊ ပုတ်ပြတ်၊ အထည်ပြီး တစ်ခါရှင်းတို့နဲ့ ရက်လုပ်နေကြတာပါ။ အင်းလေးဒေသမှာတော့ လူလူချင်း တစ်ဦးနဲ့တစ်ဦး ဆက်ဆံကြရာမှာ ဖြူတယ်၊ သန့်တယ်၊ မေတ္တာပါတယ်၊ စေတနာပါတယ်၊ အလုပ်ရှင် အလုပ်သမားလို့ခွဲခြားတာတွေ မရှိကြတဲ့အတွက် ရက်ကန်းလုပ်ရာမှာ အများကြီးအဆင်ပြေကြပါတယ်"ဟု အင်းလေးရက်ကန်းလုပ်ငန်းလုပ်ကိုင်သူက ပြောပြသည်။

ရက်ကန်းလုပ်ငန်းတွင် ပိုးထည်နှင့်ချည်ထည်ဟူ၍ရှိရာ နမ့်ပန်ရွာသည် ရှေးခေတ်ကာလကတည်းက ပိုးထည်ရက်လုပ်သော ရွာကြီးတစ်ရွာဖြစ်ပြီး ပိုးရိုင်းများကို ရှေးယခင်က မြန်မာနိုင်ငံပြည်မနှင့်ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ လားသမားကုန်သည်တို့က တင်ဆောင်လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတစ်လွှားကျော်ကြားသော အင်းလေးဘန်ကောက်၊ ဇင်းမယ်(တွဲ၊ ပိုးကျူထရံ)၊ အင်းလေးလွယ်အိတ်(ပိုးအိတ်)၊ စောင်၊ သက်န်း၊ ပုဆိုး၊ ထဘီ၊ ပင်နီချော၊ ပင်နီကြမ်းစသည်တို့မှာ အင်းလေးရက်ကန်းလုပ်ငန်းထွက်ကုန်များဖြစ်ကြသည်။


**မျိုးဝင်းထွန်း(မုံရွာ)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကိုးကန့်စီးပွားရေးဇုန်အဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နယ်မြေဧရိယာစတုရန်းမီတာအားဖြင့် ၄၀၇၅၁၅၃ ဒသမ ၀၂၉ စတုရန်းမီတာ၊ ဧရိယာအကျယ်အဝန်းအားဖြင့် ၁၀၀၇ ဧက ရှိသည့်နယ်မြေကို စီးပွားရေးဇုန်အဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၄ ဖြင့် အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါ စီးပွားရေးဇုန်နှင့်ပတ်သက်သည့် အသေးစိတ်ကို www.dica.gov.mm တွင် ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**GOLDEN STAR** Travels & Tours
☆ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး
☆မန္တလေး–ပြင်ဦးလွင်ခရီးစဉ်
☆တောင်ကြီး–အင်းလေး–ပင်းတယ
Oct-31 Nov-5
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်(သောကြာ)
Ph: 705968, 703448, 09-5064141, 09-5046000, 09-5081580

ဓါကာဘိုရာဇ် ကားမျိုးစုံစင်းလုံးငှါးအထူးလျော့ဈေး
➢ တောင်ကြီး၊ (တန်ဆောင်မီးပုံးပျံပွဲတော် (နိုင်ဝင်ဘာ)၄ရက်
➢ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ စစ်ကိုင်း၊ ဆွမ်းဦးပုညရှင်
➢ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး
ဝေလွှန်–ပြည်–နေပြည်တော် (နေ့ချင်းပြန်ခရီးစဉ်)
ငွေဆောင် (စား/တည်းခြိမ်း– ၂ ညအိပ်၊ ၃ရက်– ၄၅၀၀၀)
ချောင်းသာ/ကျိုက်ထီးရိုး (စား/တည်းခြိမ်း–၂၅၀၀၀)
0973257853
0943160345

**NATURAL BREEZE** Travels & Tours

| | | |
|---|---|---|
| ဗန်ကောက် - ပတ္တရား - အယုဒ္ဒယ | ( ၅ည ၆ရက် ) | Nov 6 , Dec 27 |
| ချင်းမိုင် (လွိုင်ကထုံမီးထွန်းပွဲတော်) | ( ၄ည ၅ရက် ) | Nov 4 , Dec 25 |
| စင်္ကာပူ - မလေးရှား | ( ၇ည ၈ရက် ) | Dec 26,Dec 28 |
| စင်္ကာပူသီးသန့် | ( ၃ည ၄ရက် ) | Nov 6,Dec 27 |
| ဟောင်ကောင် - မကာအို | ( ၄ည ၅ရက် ) | Dec 28 |
| ဖူးခက် ကမ်းခြေ | ( ၄ည ၅ရက် ) | Dec |

အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441 , 09 732 11442 , 09 732 11077

TAKING THE LEAD

CONGRATULATIONS!!!
MERIT AWARD STUDENTS
Pursue your studies in Singapore

TOTAL PACKAGE = S$700.00

Our accommodation package includes the following:

1. Guidance on Educational Matters.
2. Application for Student's Pass.
3. Guardianship / Sponsorship.
4. Supervised Study Hours.
5. Accommodation (Air-Conditioned).
6. 24-Hour Security.
7. Live-in House Mistress.
8. Internet Broadband Access.
9. Free Counselling.
10. Four (4) meals a day.
11. Laundry Service.
12. Bridging Course (English Subject).
13. 1 time Tpt – Sg Changi Airport to Hostel.
14. Concessionary hostel fees.

Established for more than 40 years with a team of experienced ex-MOE professional educators. Any enquiries or reservation, please contact us with a Letter of Offer from MOE, Singapore. Kindly include your contact number and email ID for us to revert to you.

BALESTIER STUDENTS' HOSTEL (S) PTE LTD
No.12 Boon Teck Road, #02-02 Shaw Corner, Singapore 329586
Tel: 65-6251 8588 Fax: 65-6352 4668 Email: admin@bshostel.com Website: www.bshostel.com

# အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး

## အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်လာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်

ထက်ထက်ထူး

**အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးခရီးအစ**

အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆွေးနွေးပွဲတစ်ခုကို ၁၉၇၃ ခုနှစ်တွင် informal ပြုလုပ်ခဲ့ပြီး အဆိုပါ ဆွေးနွေးပွဲသည် ၁၉၇၇ ခုနှစ် မတ်လတွင် စီစဉ်ခဲ့သည့် အာဆီယံ-ဂျပန် ဖိုရမ်နှင့်အတူ တရားဝင်ဖြစ်လာခဲ့သည်။ ထို့နောက် အဆိုပါအချိန်မှစ၍ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေး၊ လူမှုယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ဆက်ဆံရေးစတင်ခဲ့ပါသည်။ ပထမဆုံးအကြိမ်အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၉၇၇ ခုနှစ် ဩဂုတ်လ ၄ရက်မှ ၅ ရက်ထိ ကျင်းပခဲ့ပါသည်။

အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုကို ကာလရှည်ကြာစွာနှင့် တက်ကြွစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုကျိုကြေညာချက် (Tokyo Declaration for the Dynamic and Enduring ASEAN-Japan Partnership in the New Millennium) ကို အာဆီယံ လုပ်ငန်းစီမံချက် (ASEAN-Japan Plan of Action) နှင့်အတူ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် တိုကျို၌ ပြုလုပ်ခဲ့သည့် အာဆီယံ-ဂျပန် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ အာဆီယံ-ဂျပန် နှစ်(၄၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ပါသည်။

**အာဆီယံ-ဂျပန် စီးပွားဆက်ဆံရေး**

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန် ကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၄၀.၉ ဘီလီယံအထိရှိခဲ့ပြီး အာဆီယံကုန်သွယ်မှု စုစုပေါင်း၏ ၉.၆% ရှိပါသည်။ ဂျပန်နိုင်ငံသည် တရုတ်နှင့် ဥရောပပြီးလျှင် အာဆီယံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အာဆီယံနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၂.၉ ဘီလီယံ ရှိပါသည်။ သို့ပါ၍ အာဆီယံနိုင်ငံများသို့ စီးဝင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၁၈.၇% ဖြစ်၍ ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ ဒုတိယအကြီးဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပါသည်။

ဂျပန်နိုင်ငံသည် လျှပ်စစ်ပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးနှင့် ကွန်ပျူတာဆိုင်ရာ စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိရိယာများ၊ ယာဉ်များနှင့် လျှပ်စစ်မဲ့စက်ပစ္စည်းများစသည်တို့ကို ပို့ကုန်တင်ပို့ပြီး၊ သွင်းကုန်ပစ္စည်းများအနေဖြင့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ စက်သုံးဆီ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ငါးစသည်တို့ကို တင်သွင်းပါသည်။

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အာဆီယံ - ဂျပန်ပေါင်းစည်းရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းစီမံချက်များ**

ဂျပန်နိုင်ငံမှ အာဆီယံ-ဂျပန်ပေါင်းစည်းရေး ရန်ပုံငွေအောက်ရှိ လုပ်ငန်းစီမံချက်များ၊ ထပ်မံဖြည့်တင်းထားသည့် ရန်ပုံငွေအောက်ရှိ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးတို့၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ကော်မတီ (AMEICC) မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အပါအဝင် အသေးစားနှင့်အလတ်စား လုပ်ငန်းများဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ တီထွင်ဆန်းသစ်မှုများနှင့် စက်မှုလုပ်ငန်းနယ်ပယ်သစ်များဆိုင်ရာ လုပ်ငန်းစီမံချက်များတွင် ကူညီလျက်ရှိပါသည်။

**နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ**

ဂျပန်နိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စင်ကာပူနိုင်ငံနှင့် ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံနှင့် ၂၀၀၄ ခုနှစ်တွင် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် ၂၀၀၆ ခုနှစ်တွင် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ ဘရူနိုင်းနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင် လည်းကောင်း နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါသည်။

**အာဆီယံ-ဂျပန် အနာဂတ်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ**

ကုန်စည်ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်စေရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ကျယ်ပြန့်စေရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်လာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

World Health Organization
ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့
အောက်တိုဘာလ (၂၉)ရက်နေ့
"အမျိုးသမီးများဂရုထား၊ လေဖြတ်ရောဂါအန္တရာယ်များ"
"I am Woman: Stroke affects me"
ကျန်းမာရေးဝန်ကြီးဌာန

# သက်ကြီးရွယ်အိုစောင့်ရှောက်မှုအတွက် လိုအပ်ချက်များရှိနေ

**နတ်မောက် အောက်တိုဘာ ၁၆**

လက်ရှိ ရှင်သန်နေထိုင်နေသော လူသားများ၏ လူမှုဘဝများသည် ဘိုးဘေးအစဉ်အဆက် လက်ဆင့်ကမ်းပေးဝေရာမှ ပိုင်ဆိုင်ခဲ့ရခြင်းဖြစ်ရာ ယနေ့ခေတ်လူတို့အား အသိပညာနှင့် ဝေဖန်ပိုင်းခြားသိမြင်တတ်မှု၊ အတုယူစရာ၊ သံဝေဂယူစရာ၊ ရှောင်ကြဉ်စရာများအား ရှေ့မျိုးဆက်က သင်ပြပေးခဲ့ခြင်းဖြစ်ပေသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်သည်လည်း နောက်မျိုးဆက်အား လက်ဆင့်ကမ်းချပေး၍ အစဉ်အဆက် လိုက်ပါသွားကြရတော့မည်ဖြစ်သည်။

လူမှုပတ်ဝန်းကျင်တွင် မိမိဘဝပြည့်စုံသာယာအောင် တည်ဆောက်နေထိုင်ရင်း ပြီးဆုံးသွားသူများရှိသကဲ့သို့ မိမိနှင့်တကွ ဆက်နွယ်ရာ အဝန်းအဝိုင်းကို သာယာလှပအောင် ကြိုးပမ်းရွက်ဆောင်သူများစသည်ဖြင့် အမျိုးမျိုးရှိကြသည်။ ထိုအထဲမှ ဘဝဆည်းဆာချိန်ကို အားနည်းစွာဖြတ်သန်းရရှာမည့် ဘိုးဘွားများ အေးချမ်းမှုရစေရေးအတွက် ကြိုးပမ်းသူ ပရဟိတစေတနာရှင် တစ်စုတို့၏ ကြိုးပမ်းမှုတစ်ခုကို စာရေးသူ ခရီးသွားခိုက်ကြုံတွေ့ခဲ့ရသည်။

ယင်းမှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရေခံကျေးရွာအုပ်စု၊ ဝါပန်ကျေးရွာအုပ်စု၊ သစ်လှကျင်း ကျေးရွာအုပ်စုစသည့် အုပ်စုသုံးခုအတွင်းရှိ ဆင်းရဲနွမ်းပါး သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်နိုင်ရေးအတွက် စေတနာရှင်တစ်စုတို့မှ ရန်ပုံငွေတည်ထောင်ပြီး မြေနေရာဝယ်ယူကာ စေတနာရှင် လူငယ်များနှင့် ပေါင်းစပ်၍ ဘိုးဘွားများအား စောင့်ရှောက်နိုင်မည့် ဘိုးဘွားရိပ်သာတစ်ခု တည်ဆောက်မည်ဟု ရည်ရွယ်လုပ်ဆောင်လျက်ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ဒေသများ၌ ယခုနှစ်အတွင်း မိုးခေါင်ရေရှားခြင်း၊ အပူလွန်ကဲခြင်း၊ သီးနှံပျက်စီးခြင်း အစရှိသော အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်ဖြစ်ရာ ဆင်းရဲနွမ်းပါးသက်ကြီးရွယ်အိုများအနေဖြင့် ကျန်းမာရေးဆိုင်ရာများ၊ နေရေး၊ စားရေးဆိုင်ရာများ အစရှိသဖြင့် ထောက်ပံ့ကူညီစောင့်ရှောက်မှုများ လိုအပ်နေသည်ဖြစ်ရာ ပရဟိတလူငယ်များ၏ ဘိုးဘွားရိပ်သာဆောက်လုပ်မည့် အစီအစဉ် ဖြစ်မြောက်ခဲ့မည်ဆိုပါက ရေကန်အသင့်ကြာအသင့် အနေအထားဖြစ်လာမည်ဟု ထင်မြင်မိပါသည်။ သို့ဖြစ်ခြင်းကြောင့် ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အဆိုပါလုပ်ငန်းအတွက် စီမံဆောင်ရွက်ပေးနိုင်ပါရန် ဆင်းရဲနွမ်းပါး သက်ကြီးရွယ်အိုများအရေးကို မြော်တွေး၍ ရေးသားလိုက်ရပါသည်။

**(ကိုကိုနေ၊ နိုင်လင်းကြည်)**

ရွှေနန်းတော် အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး
မြစ်ဦးလွှမ်း၊ တောင်ကြီး (မီးပုံးပျံပွဲ)
Hotel, Guest House စရိတ်ငြိမ်း စီစဉ်ပေးသည်။
Ph : 09-253366299, 09-250377795, 01-377921

ဒေါင်းမင်း Travels ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ 15000
ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေး၊ ပခုက္ကူ 55000
ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိရဟန္တာ 12000 ကျိုက်ထီးရိုးပါလျှင် 15000
တောင်ကြီး မီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ်စမ်း၊ ဖွေတော်အက္ကာ၊ ဘုရားခုံ (၅)ရက်၊ လှိုင်ကော်ပါလျှင် (၆)ရက်၊ (4-11-2014)
09-425355758, 09-255913926, 09-31090443

ချိုနွဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့? မိတ်ဟောင်း/သစ် များအတွက်
Oct 2014 မှ Apr 2015 အတွင်း
Restaurant, Hotel Package, (Express SCANIA 2+1/2+2 VIP)
50% Discounts
တောင်ကြီး-အင်းလေး-ကလော-ဖွေတော်အက္ကာ-ပင်းတယ-ထမ်စမ်း
VIP 2+1/2+2 Car | Oct-24 | 140000
၄ည/၅ရက် | Nov-4,28 | 160000
ပုဂံ - ညောင်ဦး - မန္တလေး VIP 2+1/2+2 Car
မြစ်ဦးလွှမ်း (မီးပုံးပျံပွဲတော်အထွး) | 160000 | Nov-5,28 | ၄ည/၅ရက်
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ VIP 2+1 Car | 180000 | Oct-24
Dinner | ၃ည/၄ရက် | 90000 | Nov-4,28
Orange Center
Ph: 09-420073607, 09-31013761, 09-49250637

JUNE PHARMACEUTICAL LTD.
AVAMIN Spirulina with Extract
Natural
Immune Plus
Anti-Virus
Minerals
Vege-nutrient
www.junepharmaceuticals.com
Ygn: + 95 9 730 12000, 730 13000, 730 14000
Mdy: + 95 2 24490, 39985, 39725, 36122

H.A.L TRAVELS 09-73040151
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
09-250003281, 09-49215713

ရွှေစည်းစိမ်
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
တောင်ကြီး အင်းလေး ကုံလုံ ကလော
ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး ပခုက္ကူ
မန္တလေး မုံရွာ မြင်ဦးလွှမ်း 09-250641705
01-248970, 09-73051455

SUN FAR TRAVELS & TOURS CO., LTD.
TG ဖြင့် မန္တလေး ~ ဘန်ကောက် မှတဆင့် နိုင်ငံတကာသို့ ပြေးဆွဲနေပါပြီ
မန္တလေး ~ ဘန်ကောက် ~ မန္တလေး
တစ်ပတ်လျှင် (၄) ကြိမ် 27 OCT 2014 ရက်မှစတင်ပျံသန်းပါမည်
Promotion Fare
USD 188
Tax အားလုံးပါဝင်ပြီး
TG310 Mandalay - Bangkok 11:45 - 13:55
TG309 Bangkok - Mandalay 09:45 - 11:00
ခရီးသွားနိုင်သည့်ကာလ - 26 OCT 2014 မှ 31 MAR 2015 ထိ
လက်မှတ်ဝယ်ယူနိုင်သည့်ကာလ - 1 OCT 2014 မှ 31 OCT 2014 ထိ
မန္တလေးရုံး Tel: 02 67077, 09 7350 3883
ရန်ကုန်ရုံးချုပ် Tel: 01 243 993
လမြည့်ဝင်း ရုံးခွဲ Tel: 01 255 883, 255 338
တာမွေ ရုံးခွဲ Tel: 01 555 771, 555 924
ယုဇန ရုံးခွဲ Tel: 01 206 188, 206 189

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းသို့ ရောက်ရှိအပ်နှံနိုင်ရေး အလေးအနက်ထား ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **"ဝန်ကြီးဌာနအသီးသီး၏ ဘတ်ဂျက်သုံးစွဲမှုအပေါ် ဈေးနှုန်းများ ပြန်လည်ညှိနှိုင်းခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများက လျာထားသည့် စက်ပစ္စည်းကဏ္ဍ ဘတ်ဂျက်ကို စက်ပစ္စည်း ကြီးကြပ်မှုကော်မတီက စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ဘတ်ဂျက်လျာထားရာတွင် တစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်သည့် ယာဉ်၊ စက်ကြီးယန္တရား၊ စက်ပစ္စည်းများနှင့် ပရိဘောဂများ၏ ဈေးနှုန်းများ၊ ပြည်တွင်းကုမ္ပဏီမှ တင်သွင်းဖြန့်ချိသည့် ရုံးသုံးစက်ပစ္စည်းများ၏ ဈေးနှုန်းများကို ဘတ်ဂျက်နှစ်အလိုက် စုစည်း၍ ဈေးနှုန်းစာရင်းကို ပြုစုကာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ကြိုတင်ဖြန့်ဝေပေးပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ဘတ်ဂျက်လျာထားမှုကို တင်ပြသည့်အခါတွင်လည်း ဈေးနှုန်းစာရင်းပါ ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ကိုက်ညီမှု မရှိပါက ဈေးနှုန်းစာရင်းပါ ဈေးနှုန်းအတိုင်း ပြန်လည်အဆိုပြုခိုင်းပါကြောင်း၊ ယင်းသို့စိစစ်ပြီးမှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်းဖြစ်ပါကြောင်း၊ ဘတ်ဂျက်ရရှိသည့်ပစ္စည်းများကို ဝယ်ယူသည့်အခါတွင်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားသည့်အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသော ငွေလုံးငွေရင်းအသုံးစရိတ်လျာထားရန် အဆိုပြုချက်များကို ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့် အခြားအသုံးစရိတ်စိစစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်များကို ဝန်ကြီးဌာနအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပါကြောင်း၊ ထို့နောက် စီမံကိန်းဥပဒေအဖြစ် အတည်ပြုပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဒေါ်လဲ့လဲ့သိန်း။



ဒုတိယဝန်ကြီး
ဒေါက်တာဇော်မင်းအောင်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်၏ **"ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်း ရှိ၊ မရှိအား စိစစ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ယင်းကိစ္စသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဒေသအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ပါကြောင်း၊ စိစစ်ရန်ခက်ခဲသည့်ဒေသများလည်း ပါဝင်ပါကြောင်း၊ သို့ပါ၍ ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်း ရှိ၊ မရှိကို အပြည့်အဝ ရာနှုန်းပြည့် စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း နှစ်စဉ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းသို့ ရောက်ရှိအပ်နှံနိုင်ရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်း မသင်မနေရ ပညာရေးစနစ် စတင်အကောင်အထည်ဖော်နေသော်လည်း မူလတန်းမသင်မနေရ ပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပါကြောင်း၊ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးမှသာ မသင်မနေရသင်ယူရေးအတွက် ဆက်လက်ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သို့ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်နိုင်ရန် ကျောင်းသုံးစာအုပ်နှင့် ပုံနှိပ်စာအုပ်များ အခမဲ့ထောက်ပံ့ပေးခြင်းကို ၂၀၁၁- ၂၀၁၂ ပညာသင်နှစ်တွင်လည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ ထောက်ပံ့ပေးခြင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်းကောင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ထောက်ပံ့ခြင်း၊ လေ့ကျင့်ခန်းစာအုပ် (၆)အုပ် ထောက်ပံ့ပေးခြင်းနှင့် စာရေးကိရိယာများ ဝယ်ယူနိုင်ရန် ငွေကျပ်တစ်ထောင် ထောက်ပံ့ခြင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ လည်းကောင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အလယ်တန်းပညာရေးအခမဲ့အစီအစဉ်ကို စတင်ကာ အလယ်တန်းအဆင့်သင် ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ထောက်ပံ့ပေးခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **"မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရေအား၊ လေစွမ်းအား၊ နေရောင်ခြည်စွမ်းအားနှင့် အပူရှိန်သုံးဓာတ်အား ဖြန့်ကြက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ဇောသန်း၏ **"ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ထောက်ခံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦးက မိမိ၏ မဲဆန္ဒနယ်သည် နယ်မြို့ဖြစ်သည့်အတွက် လျှပ်စစ်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်သားဝန်ထမ်းအခက်အခဲ၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေး စသည့် အခက်အခဲများ၊ လိုအပ်ချက်များလည်း ရှိနေပါကြောင်း။

ယနေ့ ပြည်သူများအနေဖြင့် မိမိတို့ဒေသ၏ လျှပ်စစ်ပစ္စည်းလိုအပ်ချက်ကို မိမိအစီအစဉ်ဖြင့် ဝယ်ယူဖြည့်တင်းမှုများရှိပါကြောင်း၊ ထိုသို့ ဝယ်ယူအသုံးပြုသည့် လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေး မပြည့်မီမှုများကြောင့်လည်း လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

မီးလောင်မှုဖြစ်စဉ်အများစုတွင် လျှပ်စစ်ဝါယာများ ရှော့ဖြစ်ခြင်းကြောင့် ဖြစ်ပွားခြင်းသည် ရာခိုင်နှုန်းတစ်ခုဖြစ်နေပါကြောင်း၊ လျှပ်စစ်လုပ်ငန်းပစ္စည်းများ စစ်ဆေးရာတွင် ဝန်ကြီးဌာနက စစ်ဆေးရသည့်အတွက် ဌာန၏ ဝန်ထမ်းအင်အားမလုံလောက်မှု၊ နည်းပညာပစ္စည်း လိုအပ်ချက်များကိုလည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က လျှပ်စစ်သုံးစွဲမှုအပိုင်းတွင် ပြည်သူများစိမ့်ဝင်အသုံးပြုနိုင်ရန် ၄၀၀ ဗို့လိုင်းများကို ကိုယ့်အားကိုယ်ကိုးအဖြစ် ဆောင်ရွက်စေလိုကြောင်း၊ သို့သော် အရည်အသွေးပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်အန္တရာယ်ကြောင့် သေဆုံးသူများတွင် ဓာတ်ကြိုးပြတ်ကျသေဆုံးသူထက် အိမ်တွင်း၊ အလုပ်ရုံ၊ စက်ရုံအတွင်း လျှပ်စစ်အန္တရာယ်ကြောင့် သေဆုံးသူက ပိုမိုများပါကြောင်း၊ အလုပ်ခွင်အတွင်း လျှပ်စစ်သုံးစွဲမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုလက်မှတ်များကို ပိုမိုစစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် ဗို့အားမြင့်ဓာတ်အားလိုင်းများ(သို့မဟုတ်) မဟာဓာတ်အားလိုင်းများကို ခက်ခက်ခဲခဲ သွယ်တန်းပြီး ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်စနစ် တည်ဆောက်လျက်ရှိကြောင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအား၊ လေစွမ်းအား၊ နေရောင်ခြည်စွမ်းအားနှင့် အပူရှိန်သုံးဓာတ်အားကဏ္ဍများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးမော်သာထွေး။



ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ် (၁၁)မှ
ဦးအောင်ချိုဦး။

လက်ရှိကျင့်သုံးစနစ်အရ ဆားဗစ်ကြိုးများဖြင့် နေအိမ်များ၊ တိုက်ခန်းများသို့ ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်တိုင်တစ်ခုတည်းတွင် မီးကြိုးများရှုပ်ထွေးနေပြီး ကြေးကြိုးများသည်လည်း အကြောင်းအမျိုးမျိုးဖြင့် ပြုတ်ကျ၊ ပြတ်ကျနိုင်ပါကြောင်း။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် SWG No.4, No.6, No.8 စသည့် ကြေးကြိုးများသည် ဈေးနှုန်းကြီးမြင့်ခြင်း၊ အန္တရာယ်များခြင်း၊ မသမာမှုများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် Insulated Conductors မီးကြိုးများဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်သွားရန် စီမံထားသည်ကို သိရှိရသည့်အတွက် ကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပြည်သူများအပေါ် ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူသွားလူလာများသည့် ဈေး၊ ကျောင်း၊ ဆေးရုံများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပိုစတာများစိုက်ထူခြင်းနှင့် စာသင်ကျောင်းများ၊ ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သတင်းစာများ၊ ဂျာနယ်များနှင့် တီဗွီအသံလွှင့်အစီအစဉ်များတွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေးအစီအစဉ်များကို ဖော်ပြပေးလျက်ရှိပါကြောင်း။

ဓာတ်အားလိုင်းကြိုးများ ပြတ်ကျပါက ဓာတ်လိုက်ခံရမှုမရှိစေရန် ဓာတ်အားလိုင်းများတွင် Earth Ring၊ Earth Bar System များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းမှ ကာကွယ်ရန် ဓာတ်အားလိုင်းများတွင် Line Guard များ၊ Line Link Connection များ တပ်ဆင်ခြင်း၊ မြို့နယ်များတွင် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများ၌ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်မှုမှ ကာကွယ်ရန် 3mm ရှိ Nylon Plastic များကို အသုံးပြုလျက် Link Connection များ ပြုလုပ်၍ တပ်ဆင်လျက်ရှိပြီး ခိုင်ခံ့မှုအားဖြင့် 30kg အထိ စမ်းသပ်ထားပြီးဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားသုံးစွဲသူ များလာသည့်အတွက် အသုံးပြုနေသော ဓာတ်အားလိုင်းကြိုးများကိုလည်း သတ်မှတ်ဝန်အားနှင့် ကိုက်ညီသော ကြိုးများဖြင့် လဲလှယ်ရန်လိုအပ်ခြင်း၊ ဝန်အားသုံးစွဲမှုများသည့်အချိန်များတွင် ဓာတ်အားလိုင်းကြိုးများ အိကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လဲလှယ်ရန်လိုအပ်သော ဓာတ်အားလိုင်းကြိုးများကို ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဓာတ်အားလိုင်းကြိုး အဟောင်းများ၊ ကြွေသီးဟောင်းများကို ဓာတ်ကာပစ္စည်းပါဝင်သော Insulated လိုင်းကြိုးများဖြင့် လဲလှယ်ခြင်း၊ အိမ်သို့သွယ်တန်းအသုံးပြုသည့် ဟောင်းနွမ်း Service Wire များကို မီးသုံးသူများနှင့် ညှိနှိုင်းလဲလှယ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က ဓာတ်အားဖြန့်ဖြူးရာတွင် ထရန်စဖော်မာအရွယ်အစားကြီးခြင်းကြောင့် လိုင်းကြိုးများပေါ်တွင် ဓာတ်အားစီးဆင်းမှုပမာဏ များပြားသဖြင့် လိုင်းကြိုးပေါ်ရှိ အားနည်းသည့် နေရာများဖြစ်သည့် အဆက်အထုံးများ၌ ပြတ်ကျနိုင်ခြင်းရှိသဖြင့် ယခုအခါ သေးငယ်သော ထရန်စဖော်မာအရွယ်အစားကို ရွေးချယ်သတ်မှတ်ပြီး အလုံးရေများများ တပ်ဆင်ဓာတ်အားပေးသည့် Multi Transformer စနစ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကိုလည်း ကျွမ်းကျင်မှုသင်တန်းနှင့် ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဓာတ်အားသုံးစွဲသူများ၏ ထိခိုက်မှုများကို လူမှုဖူလုံရေးရန်ပုံငွေမှလည်းကောင်း၊ ဥပဒေတွင် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေတိုးတက်လာမှုအခြေအနေအရ လည်းကောင်း လုံလောက်ထိုက်တန်သော လျော်ကြေးများပေးအပ်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ဇောသန်း၏ အဆိုနှင့်ပတ်သက်၍ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

☆ကျောဖုံးမှ

တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက လက်တွဲညီညီ ကြိုးပမ်းပါဝင်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

လက်ရှိကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံကျော် ၁၀ ဘီလီယံထိ တိုးတက်လာမည်ဖြစ်သည့်အတွက် လက်ရှိ စားနပ်ရိက္ခာလိုအပ်ချက်အပါအဝင် တိုးတက်လာမည့် လူဦးရေအတွက် ရိက္ခာထုတ်လုပ်မှုအား ယခုထက် နှစ်ဆပိုမိုထုတ်လုပ်ရန် လိုအပ်ချက်ရှိလာမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်တွက်ချက်ထားရှိပါကြောင်း။

၂၀၁၄ ခုနှစ်၏ ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးက **မိသားစုတိုင်း၏ စိုက်ပျိုးရေးစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့** (Family Farming: Feeding the World, caring for the Earth) ဟူ၍ သတ်မှတ်ထားပါကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာ မိသားစု စိုက်ပျိုးရေးနှစ်** (International Year of Family Farming) အဖြစ် သတ်မှတ်ထားပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မိသားစုစိုက်ပျိုးရေးလုပ်ငန်းသည် ရှေးရိုးစဉ်လာ ယဉ်ကျေးမှုများနှင့် အသက်မွေးမှုဘဝများ ယှက်နွယ်ပါဝင်နေပြီး လူတို့၏နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာကိုဖြည့်ဆည်းပေးသော ကုသိုလ်လည်းရ ဝမ်းလည်းဝသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆောင်ကြဉ်းပေးရန်သည် နိုင်ငံတော်အစိုးရအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

ယနေ့ကာလတွင် ကျေးလက်ဒေသ မိသားစု တစ်ပိုင်တစ်နိုင်လယ်ယာကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဘက်စုံစီမံချက်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်နှင့် တစ်ပြိုင်တည်း ကျေးလက်နှင့်မြို့ပြကွာခြားချက်၊ ကွာဟချက်များကို လျော့နည်းသွားစေရေးကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရ မိမိတို့နိုင်ငံအနေဖြင့် လက်ရှိဆင်းရဲနွမ်းပါးမှု ညွှန်းကိန်း ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်နေလျက်ရှိရာတွင် အဓိကျသည့် ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက်မြင့်မားလာစေရန် မြေယာလုပ်ကိုင်ခွင့်နှင့်ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့် ပညာပေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးခြင်း၊ စက်မှုလယ်ယာစနစ်ဖော်ဆောင်ခြင်း၊ ရေသွင်းရေထုတ်စနစ်များ၊ ကုန်ထုတ်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် ကျန်းမာပျော်ရွှင်စေရေး၊ ထွက်ကုန်များဈေးကွက်ရရှိကာ ဝင်ငွေပိုမိုရရှိစေရေးအစီအစဉ်များ စနစ်တကျရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍကြီးတစ်ရပ်လုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး၊ ခေတ်မီနည်းပညာနှင့် စက်ကိရိယာပစ္စည်းများ အသုံးချနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ လက်လှမ်းမီရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ရင်းနှီးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (FAO) ၏ နောက်ဆုံးရည်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအနက်မှ လူဦးရေ ၈၀၅ သန်းခန့်သည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေရမှုကို သိရှိရပါကြောင်း၊ ယင်းပမာဏသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှင့် နှိုင်းယှဉ်လျှင် သန်း ၁၀၀ ခန့် လျော့ကျသွားခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာနှင့်အဝှမ်း အာဟာရမပြည့်ဝသူ ရာခိုင်နှုန်းသည် ၁၈ ဒသမ ၇ ရာခိုင်နှုန်းမှ ၁၈ ဒသမ ၃ ရာခိုင်နှုန်းအထိလည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ၂၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊ သို့သော်လည်း လက်ရှိအနေဖြင့်ကမ္ဘာတစ်ဝန်းတွင် လူရှစ်ဦးလျှင် တစ်ဦးနှုန်း အာဟာရချို့တဲ့နေမှု နေ့စဉ်ခံစားနေကြရမှုကို တွေ့ရှိရပါကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာနှင့်အဝှမ်းစားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝမှုလိုအပ်ချက်အခြေအနေဆိုးများကို ကျော်လွှားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ကမ္ဘာနှင့်အဝှမ်းငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးလှုပ်ရှားမှုအပေါ် မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တစ်ပြိုင်တည်း ဒေသတွင်းနိုင်ငံများနှင့်အတူ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဖြင့် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် Myanmar National Launching of Zero Hunger Challenge Launching အား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် FAO မှ Assistant Director General and Regional Representative နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုဆိုင်ရာ ဒေသတွင်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Mr. Hiroyuki Konuma တို့က ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Ms.Renata Nicola Lok-Dessallien က Zero Hunger Challenge Initiative နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Bui Thi Lan မှ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် Zero Hunger Challenge Initiative အစီအစဉ်အားလည်းကောင်း ရှင်းလင်းတင်ပြပြီးနောက် ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဗီဒီယိုကိုပြသည်။

ထို့နောက် ဒုတိယသမ္မတဦးညဏ်ထွန်းက Food and Agriculture Organization (FAO)၊ Japan International Cooperation Agency(JICA)၊ Korea International Cooperation Agency(KOICA) နှင့် အိန္ဒိယနိုင်ငံ M.S. Swaminathan Research Foundation၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသော Great Wall Co.,Ltd. နှင့် နယူးဇီလန်ကုမ္ပဏီသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းဆောင်ရွက်မှုနှင့် တောင်သူအကျိုးပြု ဂုဏ်ပြုတေးသီချင်း ရေးစပ်သီဆိုမှုတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်ပြီးနောက် ဂီတပညာရှင်များက တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံသဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ ညီလာခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညီလာခံ၌ မြန်မာနိုင်ငံ၏ Extractive Industries Transparency Initiative (EITI) လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် EITI ၏ လုပ်ငန်းအစီရင်ခံစာကို တင်ပြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် အုတ်မြစ်ချနိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မီဒီယာကဏ္ဍမှာများစွာအရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီပန်းတိုင်ရောက်ရှိနိုင်ရန် ကြိုးစားဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်နေပါကြောင်း၊ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြုပြင်ပြောင်းလဲမှုတတိယလှိုင်းကို ဆောင်ရွက်နေပါကြောင်း၊ EITI နှင့် ပတ်သက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်သလို စီးပွားရေးကဏ္ဍတွင်လည်း ရေရှည်၊ ရေတိုမျှော်မှန်း၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း သဘာဝအရင်းအမြစ်များကို ထုတ်ယူသည့် စီးပွားရေးကို လျှော့ချသွားနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ အရင်းအမြစ်များကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းသွားရေးမှာအရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတကာ EITI ဥက္ကဋ္ဌ Ms. Hon Clare Short က ပြောကြားရာတွင် EITI လုပ်ငန်းစဉ်များမှာ ပြုပြင်ပြောင်းလဲရေးကို တွန်းအားပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာဆောင်ရွက်နေမှုကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် အရင်းအမြစ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ EITI လုပ်ငန်းကို ပြည်နယ်လေးခုတွင် ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါကြောင်း၊ ယခုဖြစ်စဉ်မှာ နိုင်ငံရေးဖြစ်စဉ်ကို အထောက်အကူပြုနိုင်မည်ဟု ထင်မြင်ယူဆပါကြောင်း၊ EITI လုပ်ငန်းတွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နေသည်ကိုလည်း သိရှိရပါကြောင်း၊ အရင်းအမြစ်များသည် ပြည်သူများ အသုံးပြုနိုင်ရန်ဖြစ်ပြီး သဘာဝသယံဇာတများမှရရှိလာသည့် ဝင်ငွေများကို မည်သို့စီမံခန့်ခွဲသုံးစွဲမည်ကို စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းမှ ပြည်သူတို့၏ဘဝကို မြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဦးဝင်းမျိုးသူ(စိမ်းလန်းအမိမြေ)၊ Mr. Xavier Preel၊ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်း ဦးအေးလွင်၊ ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားမှုမှ ဦးဝင်းအောင်တို့က မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်လှလှကြည်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်နှင့် နိုင်ငံတကာပညာရှင်များက နိုင်ငံပိုင်ကော်ပိုရေးရှင်းများ၏ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမြဦးနှင့် ပညာရှင်များက သယံဇာတအနာဂတ်ဘဏ္ဍာရေးရန်ပုံငွေစီမံမှုဆိုင်ရာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ EITI ညွှန်ကြားရေးမှူး တာဝန်ခံ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးနှင့် Head of the UK Department for International Development in Myanmar မှ Mr. Gavin McGillivary တို့က ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများက နိုင်ငံတကာ EITI လိုအပ်ချက် စံချိန်စံညွှန်း (၁ ဒသမ ၃) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်အပြည့်အစုံကို နိုင်ငံတော် ပြန်တမ်းနောက်ဆက်တွဲတွင် တရားဝင်ထည့်သွင်းထုတ်ပြန်ပေးရန်နှင့် ဒေသဆိုင်ရာအစိုးရ ယန္တရားအဆင့်ဆင့်တွင် ကျင့်သုံးလာစေရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ဒေသဆိုင်ရာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များ အမြန်ဆုံးဖော်ဆောင်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်အဖွဲ့များအနေဖြင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အနှောင့်အယှက် အဟန့်အတားများ၊ ခြိမ်းခြောက်ခံရခြင်းများ ရှိနေခြင်းအပေါ် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများက တရားဥပဒေအရ အကာအကွယ်ပေးရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အစိုးရဌာနများနှင့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်တွင် EITI လုပ်ငန်းစဉ်များအပေါ် သိရှိနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းများကြောင့် ဖြစ်ပေါ်နေသော ပြဿနာများအား ပြေလည်သွားစေရန်အတွက် EITI ဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန်၊ သဘာဝသယံဇာတလုပ်ငန်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံသို့ အချိန်မီထုတ်ပြန်ပေးရန်နှင့် နိုင်ငံသားတိုင်း အလွယ်တကူရယူသိရှိနိုင်သော သတင်းအချက်အလက်ထုတ်ပြန်ရေးဆိုင်ရာဌာနများကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပေးရန်နှင့် ကောင်းမွန်သည့် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အများပြည်သူလွတ်လပ်စွာ ပါဝင်နိုင်သည့် ဆွေးနွေးငြင်းခုံအဖြေရှာပွဲများအား ပုံမှန်ဖန်တီးပေးရန်တို့အကြောင်း တိုက်တွန်းထားသည်။

EITI လုပ်ငန်းစဉ်အား ကျင့်သုံးခြင်းအားဖြင့် အခွန်ဘဏ္ဍာကောက်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များ ပိုမိုပွင့်လင်းမြင်သာမှုရှိလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပိုမိုစွဲဆောင်လာနိုင်ခြင်း၊ နိုင်ငံတော် အစိုးရ၊ ကုမ္ပဏီများနှင့် ပြည်သူလူထုအကြား အပြန်အလှန်ယုံကြည်မှုခိုင်မာလာခြင်း၊ တာဝန်ခံမှုရှိခြင်းအပေါ် နိုင်ငံတကာ၏ လက်ခံ၊ ထောက်ခံမှုကို ရရှိနိုင်ခြင်း၊ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်ခြင်း၊ အစိုးရ၏ သဘာဝသယံဇာတနှင့် ဆက်စပ်သောအခွန်အကောက်ယူမှု အရည်အသွေးများအား ပိုမိုမြင့်မားလာစေပြီး အခွန်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အားကောင်းလာစေခြင်း အကျိုးကျေးဇူးများ ရရှိနိုင်လာမည်ဖြစ်သည်။

**(သတင်းစဉ်)**

**❂ဒြိမ့်ဒြိမ့်သဲမှ**

မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လက်မောင်းလုံ့ပြိုင်ပွဲနှင့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ စသည့် မြန်မာ့ရိုးရာအားကစားနည်းများကို ယခင်နှစ်များနည်းတူ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်တို့တွင် မွန်းတည့် ၁၂ နာရီမှစ၍ ရောက်ရှိလာသူအားလုံးကို စတုဒိသာအကျွေးအမွေးများဖြင့် လှူဒါန်းကုသိုလ်ပြုမည်ဖြစ်၍ မည်သူမဆိုလာရောက်စားသုံးနိုင်ရန်စီမံထားပြီး ပျော်ပွဲရွှင်ပွဲဇာတ်သဘင်ကြည့်ချင်ပွဲများဖြင့် ဒြိမ့်ဒြိမ့်သဲသဲကျင်းပတော့မည်ဖြစ်ရာ မဒေါက်မြို့၏ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကြီးကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်ကြရန် သတင်းစကားပါးလိုက်ရပါသည်။

**○၂၀၁၃-၂၀၁၄ မှ**

လာလီဂါမှ ရှစ်ကြိမ်အထိ ဆွတ်ခူးထားခဲ့သည့် ကစားသမားများထဲတွင် မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ သုံးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး စီရိုနယ်လ်ဒိုမှာမူ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ နှစ်ကြိမ်ဆွတ်ခူးထားနိုင်ခဲ့သည်။ စီရိုနယ်လ်ဒိုသည် ၂၀၀၈ ခုနှစ်က မန်ယူအသင်း၌ ကစားစဉ် ပရီမီယာလိဂ်ကိုယ်စားပြုလျက် ရွှေဖိနပ်ဆုကို တစ်ကြိမ်ဆွတ်ခူးထားခဲ့သူလည်းဖြစ်သည်။

ဒီယေဂိုဖော်လန်သည်လည်း စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် တစ်ကြိမ်၊ ဗီလာရီးယဲလ်အသင်းနှင့် တစ်ကြိမ် စသည်ဖြင့် နှစ်ကြိမ်ဆွတ်ခူးထားနိုင်ခဲ့ပြီး မက်ကေးသည်လည်း လာလီဂါကလပ် ဒီပို့တီဗိုအသင်းနှင့်အတူ တစ်ကြိမ်ဆွတ်ခူးထားနိုင်ခဲ့သည်။

စီးရီးအေမှ ရွှေဖိနပ်ဆု နှစ်ကြိမ်ဆွတ်ခူးခဲ့ရာတွင် တော့တီက ရိုးမားအသင်းနှင့်အတူ တစ်ကြိမ်၊ လူကာတိုနီက ဖီအိုရင်တီးနားအသင်းနှင့်အတူ တစ်ကြိမ် ဆွတ်ခူးထားခြင်းဖြစ်သည်။ တယ်ရီဟင်နရီသည် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းနှင့်အတူ ၂၀၀၄ နှင့် ၂၀၀၅ တို့တွင် နှစ်ကြိမ်ဆက်တိုက် ရွှေဖိနပ်ဆုဆွတ်ခူးထားပြီး တိုက်စစ်မှူး ဆွာရက်ဇ်မှာမူ ယခုတစ်ကြိမ်သည် ၎င်း၏ ပထမဆုံးအကြိမ်ရရှိခဲ့သည့် ရွှေဖိနပ်ဆုဖြစ်ကြောင်း သိရသည်။

ယခုနှစ်သည် ဘောလုံးရာသီတစ်ရာသီတည်းတွင် ကစားသမားနှစ်ဦးအထိ ရွှေဖိနပ်ဆုရရှိခဲ့မှုတွင် ဒုတိယအကြိမ်ဖြစ်ခဲ့ပြီး ပထမအကြိမ်မှာ ၂၀၀၅ ခုနှစ်က တယ်ရီဟင်နရီနှင့် ဒီယေဂိုဖော်လန်တို့သည် လိဂ်သွင်းဂိုး ၂၅ ဂိုးစီသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဦးစလုံး ရွှေဖိနပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(နိုင်လင်းကြည်)**

# ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

၂၀၁၄ ခုနှစ် (၁၀)ကြိမ်မြောက် Horizon Streetball ဘတ်စကက်ဘောပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရွှေခင်းသာမြို့ပတ်လမ်း အမှတ်(၂၃၅)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲ၌ ပထမဆု ကျပ် ၇၅၀၀၀၊ ဒုတိယဆုကျပ် ၆၅၀၀၀၊ တတိယဆုကျပ် ၅၅၀၀၀၊ အသက်(၁၄)နှစ်အောက် ပြိုင်ပွဲတွင် ပထမဆုကျပ် ၉၅၀၀၀၊ ဒုတိယဆုကျပ် ၈၀၀၀၀၊ တတိယဆုကျပ် ၆၅၀၀၀၊ အသက်(၁၆)နှစ်အောက်ပြိုင်ပွဲတွင် ပထမဆုကျပ် ၁၀၅၀၀၀၊ ဒုတိယဆုကျပ် ၉၀၀၀၀၊ တတိယဆုကျပ် ၇၅၀၀၀၊ အသက်(၁၉)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုကျပ် ၁၁၅၀၀၀၊ ဒုတိယဆုကျပ် တစ်သိန်း၊ တတိယဆုကျပ် ၉၀၀၀၀၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၁၅၀၀၀၊ ဒုတိယဆု ကျပ် တစ်သိန်း၊ တတိယဆုကျပ် ၉၀၀၀၀ နှင့် အမျိုးသားအသက် (၂၃)နှစ်အတန်း ပြိုင်ပွဲတွင် ပထမဆုကျပ် ၁၂၅၀၀၀၊ ဒုတိယဆုကျပ် ၁၁၅၀၀၀ နှင့် တတိယဆုကျပ် ၁၀၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများသည် တစ်သင်းလျှင် အဓိက ကစားသမားသုံးဦးနှင့် အရန်ကစားသမားတစ်ဦး စုစုပေါင်းလေးဦး အမည်စာရင်းကို နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း-၄၅၀၃၉၆၊ ၄၅၀၃၉၇ နှင့် ၀၁-၉၄၁၀၀၁၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်အတွင်း နိုင်ငံတော်မှခွင့်ပြုငွေကျပ် ၁၀ သိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှု၍ မြေနေရာသတ်မှတ်တိုင်းထွာခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးနှင့် ရုပ်/သံ (၃) ဦးဝင်းမြင့်ကျော်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စာကြည့်တိုက်မြေနေရာသည် ဆားမလောက်ကျေးရွာတံတားကြီးနှင့် ကျေးရွာမမွာရုံကြား ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးဘေးရှိပေ ၃၀ ပတ်လည် မြေနေရာအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းတို့က တိုင်းထွာ၍ ခြံစည်းရိုးများကာရံပြီး သတ်မှတ်ပေးကြောင်းသိရသည်။ **(ဝ၇၆)**

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၆**

ဆက်သွယ်ရေး ဥပဒေကို ၈-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများကို အောက်တိုဘာ ၁၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm) တွင်လည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန Website (http://www.mcit.gov.mm/content/law-regulation.html) တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်သည်။

လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအရ လိုင်စင်လျှောက်ထားရယူလိုသူများအနေဖြင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှ ယူ-၁၉ ပြိုင်ပွဲ ကွာတားပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၆**

အာရှယူ-၁၉ ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ညနေ ၃ နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် ယူအေအီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရန်ကုန်၌ ယှဉ်ပြိုင်ကစားမည့် ယူအေအီးနှင့် မြန်မာ၊ ထိုင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့၏ ကွာတားပွဲစဉ်များအဖြစ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ဟိုတယ်ရန်ကုန်တွင် ကျင်းပခဲ့သည်။ ကွာတားပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ ညနေ ၃ နာရီခွဲတွင် ယူအေအီးနှင့် မြန်မာ၊ ည ၇ နာရီတွင် ထိုင်းနှင့် ဥဇဘက်ကစ္စတန်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ညနေ ၃ နာရီခွဲတွင် ဂျပန်နှင့်မြောက်ကိုရီးယား၊ ည ၇ နာရီတွင် ကာတာနှင့် တရုတ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က ယခုပြိုင်ပွဲမှာ အာဆီယံအဆင့်မဟုတ်ဘဲ အာရှအဆင့်ပြိုင်ပွဲဖြစ်သောကြောင့် အသင်းတိုင်းမှာ ခက်ခဲမည်ဖြစ်ကြောင်း၊ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည့် ယူအေအီးအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် ယခုပွဲအနိုင်ရရှိခဲ့ပါက ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်၍ အနိုင်ရရှိရန်သေချာပြင်ဆင်ထားကြောင်း၊ ယူအေအီးအသင်းကို အနိုင်ရရှိရန်အတွက် စိတ်ဓာတ်အပြည့်ဖြင့် ကျားကုတ်ကျားခဲကစားသွားမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးပရိသတ်အနေဖြင့် မိမိတို့အသင်း အနိုင်ရရှိရန် တစ်ခဲနက်အားပေးမည်ဟု ယုံကြည်ကြောင်း၊ ခက်ခဲသည့် ပွဲစဉ်တစ်ပွဲဖြစ်သော်လည်း အနိုင်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူအေအီးအသင်းနည်းပြ အဗ္ဗဒူလာက အရမ်းကိုခက်ခဲမည့်ပွဲစဉ်ဖြစ်ကြောင်း၊ မြန်မာအသင်း၏ ကစားပုံကိုကြည့်ပြီး အနိုင်ရရှိရန်ပြင်ဆင်ထားကြောင်း၊ အိမ်ရှင်အသင်းဖြစ်၍ ပိုမိုခက်ခဲမည်ဖြစ်ကြောင်း၊ သို့သော် ပရိသတ်၏အားပေးမှုမှာ မိမိတို့အတွက် ဖိအားမဖြစ်နိုင်ကြောင်း၊ မိမိကစားသမားများမှာ ပရိသတ်အများအပြားနှင့် ပွဲများစွာကစားဖူးနေကျဖြစ်ကြောင်း၊ လူစုံပါဝင်နိုင်မည်ဖြစ်ပြီး အနိုင်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းအသင်းနည်းပြ ဆာဆွမ်ပိုပရာဆတ်က မိမိတို့အသင်းမှ အမာခံကစားသမားသုံးဦးပါဝင်နိုင်ရန်မသေချာ ၍ အားပျော့နိုင်ကြောင်း၊ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည့် ဥဇဘက်ကစ္စတန်အသင်းမှာ ခန္ဓာကိုယ်အရမ်းထွားကျိုင်း၍ ကစားရခက်ခဲမည်ဖြစ်ကြောင်း၊ အနိုင်ရရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဥဇဘက်ကစ္စတန်အသင်းနည်းပြချုပ် ရာရှန်က အုပ်စုပွဲစဉ် သုံးပွဲစလုံး ခက်ခဲခဲ့သလို ယခုပွဲမှာလည်း ခက်ခဲမည်ဖြစ်ကြောင်း၊ ထိုင်းအသင်းမှာ ကစားပုံမြန်ပြီး နောက်ဆုံးမိနစ်အထိ ကြိုးစားလေ့ရှိသည့် အသင်းဖြစ်ကြောင်း၊ ရာသီဥတုနှင့်လည်း အသားကျလာပြီဖြစ်၍ ပုံစံကောင်းပြသကာ ကမ္ဘာ့ဖလား ဝင်ခွင့်ရရှိအောင် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



**သတင်းနှင့် ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

# မြန်မာအသင်း ဘရူနိုင်းအသင်းကို ဂိုးပြတ်အနိုင်ရ

**ဗီယန်ကျင်း အောက်တိုဘာ ၁၆**

အာဆီယံဆုဇူကီးဖလား ခြေစစ်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဘရူနိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**မြန်မာ - သုံးဂိုး**
**(မင်းမင်းသူ၊ ကျော်ကိုကိုနှင့် ကြည်လင်း)**
**ဘရူနိုင်း - တစ်ဂိုး**
**(အဒီဘင်ဆက်)**

ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်အတွက် ယခုပွဲကိုမဖြစ်မနေ အနိုင်ကစားရမည့် မြန်မာအသင်းမှာ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာအသင်းမှာ ပထမပိုင်း၌ ကစားကွက်တည်မရခဲ့သော်လည်း ဒုတိယပိုင်းအစ၌ လူစားလဲမှန်ကန်မှုကြောင့် ကစားအားတက်ကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ တီမောအသင်းနှင့် ပွဲထွက်ခဲ့သည့် လူစာရင်းမှ နောက်ခံလူ ဇော်မင်းထွန်းနေရာတွင် အောင်ဇော် ဝင်ရောက်ကစားသည်မှလွဲ၍ အပြောင်းအလဲမလုပ်ခဲ့ပေ။ ပွဲအစပိုင်းတွင် မြန်မာအသင်းမှာ ကစားကွက်တည်မရခဲ့ဘဲ ဘရူနိုင်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၅ မိနစ်နောက်ပိုင်းတွင် မြန်မာအသင်း ကစားကွက် ပြန်မိလာပြီး ဂိုးသွင်းခွင့်များ ဖန်တီးပေးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ဂိုးမရခဲ့ပေ။

မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်မှာ ပထမပိုင်းအပြီးတွင် မှန်ကန်သည့် လူအပြောင်းအလဲလုပ်နိုင်ခဲ့ပြီး တင်ဝင်းအောင်အစား မင်းမင်းသူ၊ ရန်ပိုင်အစား ကြည်လင်းတို့ကို ထည့်ကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း တိုက်စစ်ပိုကောင်းလာပြီး ၄၆ မိနစ်တွင် ကျော်ကိုကို၏ ကန်ချက် ပြန်လျှံထွက်လာသည်ကို မင်းမင်းသူက ပိတ်သွင်းကာ အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းလာခဲ့ပြီး ၅၂ မိနစ်တွင် ကျော်ကိုကိုက ဒုတိယဂိုးသွင်းယူခဲ့သည်။

၇၇ မိနစ်တွင် တိုက်စစ်မှူး အဒီဘင်ဆက်က ဘရူနိုင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း ၈၁ မိနစ်တွင် ကြည်လင်းက မြန်မာအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကိုသွင်းယူခဲ့သည်။ ကြည်လင်းမှာ ဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူနေရပြီး ပထမဆုံးပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ဂိုးထပ်မံရရှိနိုင်မည့်အခွင့်အရေး ရရှိခဲ့သော်လည်း ကျော်ကိုကိုနှင့် မင်းမင်းသူတို့ အသုံးမချနိုင်ခဲ့ပေ။

မြန်မာအသင်းမှာ တတိယပွဲအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အခြားပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းက တီမောအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် လာအိုက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာက နှစ်ပွဲကစား လေးမှတ်၊ တီမောက သုံးပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားက နှစ်ပွဲကစားသုံးမှတ်ရရှိထားပြီး သုံးပွဲစလုံးရှုံးသည့် ဘရူနိုင်းမှာ ခြေစစ်ပွဲအောင်မြင်တော့မည်မဟုတ်ပေ။ **(စိုးညွန့်)**

## မန္တလေးဈေးချိုပလာဇာ၌ အီလက်ထရွန်နစ်ပြပွဲနှင့် အဆင့်မြင့်လူနေထိုင်မှုပုံစံပြပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ ဈေးချိုပလာဇာမိတ်ဆက်ပွဲနှင့်အတူ အီလက်ထရွန်နစ်ပြပွဲနှင့် အဆင့်မြင့်လူနေထိုင်မှုပုံစံပြပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၈၅ လမ်းထောင့် ဈေးချိုပလာဇာရှိ Five Ocean Shopping Mall ပထမထပ်တွင် ကျင်းပလျက်ရှိရာ အဆိုပါပြပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်မောင်း၊ ကော်မတီဝင် ဦးဟန်စိုး၊ ဖိုက်အိုးရှင်းကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြပွဲကို နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပြီး ပြပွဲတွင်အီလက်ထရွန်နစ်နှင့် စားသောက်ကုန်၊ အဆင့်မြင့်မီးဖို ချောင်သုံးပစ္စည်းအစရှိသည့် ပြခန်း ၄၀ ပါဝင်သည်။

ပြပွဲတွင် ဈေးချိုပလာဇာဖိုက်အိုးရှင်းရှော့ပင်းမောလ်တွင် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် Sakura,Hitachi, Samsung, Yamaha, Spanky Music, Mitsubishi အရောင်းပြခန်းများအပါအဝင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ စားသောက်ကုန်များ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ အခြားအထွေထွေလူသုံးကုန်ပစ္စည်းများအစရှိသည့် ပြခန်းများပါဝင်သည်။

ဖျော်ဖြေရေးအစီအစဉ်များကိုလည်း နေ့စဉ်တင်ဆက်ရာ မော်ဒယ်လ်လေးများ၏ ကုန်ပစ္စည်းသရုပ်ပြ အစီအစဉ်များနှင့်အတူ အောက်တိုဘာ ၁၆ ရက်က အဆိုတော် မိစန္ဒီ၊ ဘန်နီဖြိုးတို့၏ သီဆိုဖျော်ဖြေမှု၊ အောက်တိုဘာ ၁၇ ရက်က မျက်လှည့်ပညာရှင် အာကာမင်း၏ ရင်သပ်ရှုမောဖွယ် ပြကွက်ဆန်းများ၊ အောက်တိုဘာ ၁၈ ရက်က ခေမီကိုအကအဖွဲ့၏ အကအလှများဖျော်ဖြေမှု၊ အောက်တိုဘာ ၁၉ ရက်က ဟာသပညာရှင် 5 Stars အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၂)**

## သမ္မတရုပ်ရှင်ရုံရှေ့ လူကူးမျဉ်းကြားပေါ်၌ ခိုက်ရန်ဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၆**

ဒဂုံမြို့နယ် သမ္မတရုပ်ရှင်ရုံရှေ့ လူကူးမျဉ်းကြားပေါ်၌ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းက ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီခန့်က မောင်. . . . သည် သူငယ်ချင်းဖြစ်သူတို့နှင့်အတူ ဆိုက်ကားဂိတ်ထိုးရန်အတွက် သမ္မတရုပ်ရှင်ရုံအရှေ့ မင်္ဂလာတောင်ညွန့်ဘက်အခြမ်းမှ သမ္မတရုပ်ရှင်ရုံဘက်သို့ လမ်းကူးလာစဉ် လမ်းလယ်လူကူးမျဉ်းကြားပေါ်၌ အနောက်မှ 7G/. . . . ဟိုက်ဂျက်အဖြူရောင်ကိုယ်ပိုင်ယာဉ်၏ အရှေ့ခေါင်းခန်းဘေးတွင် ထိုင်လိုက်လာသူက ညစ်ညမ်းစွာဆဲဆို၍ ဝင်ရောက်ထိုးကြိတ်သည်။ ထို့နောက် ယာဉ်နောက်ခန်းတွင် ပါလာသူများက ယာဉ်ပေါ်မှ ဆင်း၍ မောင်. . . . နှင့် သူငယ်ချင်းများအား ဝင်ရောက်ထိုးကြိတ်ကြကာ ၎င်းအဖွဲ့ထဲမှ လူတစ်ဦးက အရက်ပုလင်းဖြင့်ရိုက်သဖြင့် မောင်. . . . ဦးခေါင်းတွင်ပေါက်ပြဲဒဏ်ရာရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူရကြောင်း သိရသည်။

ယင်းကဲ့သို့ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အောက်တိုဘာ ၁၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က တိုင်တန်းထားချက်အရ ဒဂုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရပြီး အမှုမှတရားလိုအား စစ်ဆေးခြင်း၊ အခင်းအရပ် ပတ်ဝန်းကျင်သက်သေများအား စစ်ဆေးခြင်းနှင့် တရားလိုအား ဆေးစာပေးပို့ခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(MLA)**

## လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက်က လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၈) သိန်းနီလမ်းရှိ မောစတားဟိုတယ် အခန်းအမှတ်(၁၃) အား သတင်းအရ ရှာဖွေရာ အခန်းအတွင်း နိုင်ဝင်းအား တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသည့် အင်္ကျီယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ လားရှိုးမြို့ ရပ်ကွက်(၁၁)နေ အောင်နိုင်ဦး၏ နေအိမ်အားရှာဖွေရာ အိပ်ခန်းအတွင်းရှိ စာအုပ်စင်အောက်မှ ပလပ်စတစ်အိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ သိမ်းဆည်းရမိသဖြင့် နိုင်ဝင်း (၃၃ နှစ်) နှင့် အောင်နိုင်ဦး (၄၃ နှစ်) တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ဝင်းနှင့် အောင်နိုင်ဦးတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## ပန်းဘဲတန်းမြို့နယ် (၃၂)လမ်း၌ မြေကျွံကျမှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၆**

ပန်းဘဲတန်းမြို့နယ် (၃၂)လမ်း ပလက်ဖောင်းနှင့် ရေမြောင်းကပ်လျက်နေရာ၌ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက မြေကျွံမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပန်းဘဲတန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက် အနော်ရထာလမ်းနှင့် (၃၂)လမ်းထောင့်ရှိ အမှတ်(၁၅၈/ ၁၆၀) နိုင်ဂရုဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြေနေရာ၏အနောက်ဘက် (၃၂)လမ်း ပလက်ဖောင်းနှင့် ရေမြောင်းကပ်လျက်နေရာတွင် ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က မြေကျွံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလျားရှစ်ပေ၊ အနံငါးပေ၊ အနက် ၁၂ ပေခန့်ရှိ ကျင်း တစ်ခုဖြစ်ပွားခဲ့ကြောင်းနှင့် လူ၊ ပစ္စည်းထိခိုက် ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မြေကျွံမှုဖြစ်ပွားရာနေရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနစုမှူးနှင့်အဖွဲ့ကညနေ ၄ နာရီ မိနစ် ၅၀ တွင် ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(ဝ၄ဝ)**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှေ့ရှိ ဟိုတယ်အခန်းတွင် မီးလောင်

**ရန်ကုန် အောက်တိုဘာ ၁၆**

မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှေ့ရှိ ဟိုတယ်တစ်လုံး၏ အခန်းအမှတ် (၂၂၈) တွင် အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးလျက်ရှိပြီး ဖြစ်ပွားပုံကို မသိရှိရသေးကြောင်း သိရသည်။ **(ဝ၄ဝ)**



## ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုပြုပြင်ပြီးစီး

**ပုသိမ် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာ မအူပင်-ကျိုက်လတ်ကားလမ်း မိုင်တိုင်အမှတ်(၁၉/၂) နှင့် (၁၉/၃)အကြားရှိ မအူပင်ရေနံမြေမှ ညောင်တုန်းရေနံမြေသို့ ပို့လွှတ်သော အချင်း ၈ လက်မခန့်ရှိ ဓာတ်ငွေ့ပိုက်လိုင်းမှာ အောက်တိုဘာ ၁၅ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဓာတ်ငွေ့များယိုစိမ့်နေကြောင်း သတင်းရသဖြင့် မအူပင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့်အဖွဲ့၊ မအူပင်မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းနိုင်အေးနှင့်အဖွဲ့၊ မအူပင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူးဟန်ဝင်းစိုးနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းမှာ မြေကြီးအတွင်းသို့ သုံးပေခန့်မြှုပ်ထားသော ပိုက်လိုင်းဖြစ်ပြီး ရာသီဥတုဒဏ်ကြောင့် သံချေးတက်၍ ပိုက်လိုင်းပေါက်ကာ ဓာတ်ငွေ့များယိုစိမ့်ထွက်ရခြင်းဖြစ်ပြီး ည ၈ နာရီ မိနစ် ၅၀ တွင် မအူပင်ရေနံမြေမှ အမှုဆောင်အင်ဂျင်နီယာ ဦးသန်းစိုးနှင့်အဖွဲ့ကပြုပြင်ခဲ့ရာ ယခုအခါပြုပြင်မှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(မောင်မောင်မြင့် IPRD)**

မီးသုံးစွဲလျှင် သတိယုဉ်
အစဉ်သတိအမြဲရှိ

## ဖြူးမြို့နယ်တွင် ဆေးခြောက် ၃ ဒသမ ၅၉၂၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဖြူးမြို့နယ် အုတ်ဖြတ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၄ ရက်က အုတ်ဖြတ် ရဲကင်းရှေ့လမ်းမပေါ်တွင် အုတ်ဖြတ်ကျေးရွာဘက်မှ ဖြူးမြို့ဘက်သို့ အေးမြင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ မော်တော်ဆိုင်ကယ်ရှေ့ခွကြားရှိ လက်ဆွဲအိတ်အတွင်းနှင့် မြွေရေခွံအိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် ဆေးခြောက် ၃ ဒသမ ၅၉၂၆ ကီလို သိမ်းဆည်းရမိ သဖြင့် အေးမြင့် (၅၅ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆◆◆◆◆

## မြိတ် အဝေးပြေးကားဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**မြိတ် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ်ကွက် အဝေးပြေးကားဝင်း ပထမလမ်းရှိ စားသောက်ဆိုင်၌ ယနေ့ နံနက် ၉ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ်ကွက် အဝေးပြေးကားဝင်း ပထမလမ်း၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် မခိုင်သဇင် မတောင်ကျေးရွာ ရွှေကျင်မြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူသည် စားသောက်ဆိုင် ဆိုင်ခန်းအတွင်း အိပ်ရာဘေးတွင် ခြင်ဆေးထွန်းရာမှ အိပ်ရာသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ဆိုင်ခန်းအတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အနီးရှိ ဦးငွေးလွင် အဝေးပြေးကားဝင်း တောရကျောင်းရပ်ကွက် ကလွင်ကျေးရွာအုပ်စုနေသူပိုင်ဆိုင်သော တစ်ထပ်တိုက်ခန်း ဆိုင်ခန်းအမှတ် (၇) စားသောက်ဆိုင်ခေါင်မိုးအား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေညာမောင်ဦးစီးသော တပ်ဖွဲ့ဝင် ၂၈ဦး၊ မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ ဦးစီးသန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၃ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၆၀ တို့ရောက်ရှိပြီး မီးသတ်ယာဉ် ကိုးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးညွှန့်ကျိုး၍ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**



## ပြည်တွင်းရေးရာ

# အမရပူရမြို့မှ ကျောက်စိမ်းစေတီ ၉၀ ရာခိုင်နှုန်းပြီးစီး ကမ္ဘာမှာ မြန်မာနိုင်ငံတွင်သာရှိသည့် ထူးခြားသည့်စေတီဟု ညွှန်းဆိုနိုင်

**အမရပူရ အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ၏ ထင်ရှားသောပြယုဂ်များအနက် တစ်ခုကို ညွှန်းဆိုပြရမည်ဆိုလျှင် ဘုရားစေတီပုထိုးများ အများအပြားတည်ရှိနေခြင်းကို ပြရမည်ဖြစ်သည်။ မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော စေတီပုထိုးမြောက်မြားစွာထဲမှ ယခုအခါ အမရပူရမြို့နယ်တွင် တည်ထားလျက်ရှိသည့် ကျောက်စိမ်းစေတီတော်သည် မြန်မာနိုင်ငံ၏ ထူးခြားသည့်စေတီတစ်ဆူဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထူးခြားသော ကျောက်စိမ်းစေတီကို အမရပူရမြို့နယ် ဆင်ရွာမြင်းမူးကျေးရွာအနီး၌ တည်ထားပြီး ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ကျောက်စိမ်းစေတီသည် မြန်မာမှုအနုစိပ် ထူးခြားသောလက်ရာများနှင့် အဓိပ္ပာယ်များစွာဖြင့် ဖန်တီးပုံဖော်ထားသည်။ ကျောက်စိမ်းစေတီကို ကမ္ဘာမှာ မြန်မာနိုင်ငံတွင်သာရှိသည့် ထူးခြားသည့်စေတီဟု ညွှန်းဆိုနိုင်ပြီး မြန်မာမှုလက်ရာများစွာကို လေ့လာနိုင်သည့် စေတီဖြစ်သည်။

ဝေရောစန ကျောက်စိမ်းစေတီတော်ကို ဉာဏ်တော်အမြင့် ၅၇ ပေ၊ ငှက်ပြောဖူးအမြင့် ၈ ပေ၊ ကြာလှန်ကြာမှောက်အမြင့်နှင့် ခွဲလုံးများအမြင့် ၈ ပေ၊ ဖောင်းရစ်အမြင့် ၈ ပေ ၆ လက်မ၊ ခေါင်းလောင်း အမြင့် ၁၁ ပေ ၆ လက်မ၊ ကျည်းဝန်းအမြင့် ၅ ပေ၊ ရှစ်မြောင့်အမြင့် ၄ ပေ၊ ပထမပစ္စယာ နှင့် ဒုတိယပစ္စယာ အမြင့် ၅ ပေ၊ ဖိနပ်တော်အမြင့် ၃ ပေ၊ ရင်ပြင်တော်အကျယ် အလျား ၁၃၃ ပေ ၆ လက်မ၊ အနံ ၁၃၃ပေ ၆ လက်မ၊ပန်းတင်ခုံအလျား ၅၂ ပေ ၆ လက်မ၊ အနံ ၅၂ပေ ၆လက်မ၊အမြင့် ၁၂ ပေ၊ မုခ်ဦး လေးမုခ်၊ မုခ်ဦးအကျယ် ၆ ပေ၊ အမြင့် ၁၄ ပေတို့ဖြင့် တည်ထားကိုးကွယ်ထားသည်ကို တွေ့ရှိရသည်။

ကျောက်စိမ်းစေတီ၏ ထူးခြားချက်မှာ ကျောက်စိမ်းများဖြင့် တည်ဆောက်ထားပြီး ပတ်လည်တွင် မြန်မာမှုလက်ရာများ ထည့်သွင်းပုံဖော်ထားကာ လက်ရာတစ်ခုစီတွင် အဓိပ္ပာယ်အသီးသီးပါဝင်နေသည်။ ကျောက်စိမ်းစေတီတော်တွင် "ဖွားပွင့်ဟောစံ"ဆိုသော ဖွားတော်မူပုံ၊ ဘုရားပွင့်ပုံ၊ တရားဦးဟောပုံ၊ ပရိနိဗ္ဗာန်စံဝင်တော်မူပုံ သင်္ကေတပုံများဖြင့် ထုဆစ်ပုံဖော်ထားသည်။ အေဒီ ၁၃ ရာစုခေတ်က ဖောင်းကြွ၊ နံရံဆေးရေးပန်းချီလက်ရာများကို ဖော်ကျူးထားပြီး အောင်ခြင်းရှစ်ပါးပန်းပုလက်ရာများနှင့်အတူ ပန်းအမျိုးမျိုး အဓိပ္ပာယ်အသီးသီးဖြင့် မြန်မာမှုလက်ရာများဖြင့် လက်ရာမြောက်စွာ တည်ထားသည်ကို တွေ့ရှိရသည်။



ထိုလက်ရာများစွာအနက် လှပသော ကျောက်စိမ်းပန်းပုလက်ရာဖြစ်သည့် သုဝဏ္ဏသာမဇာတ်တော်ပုံကို ထုဆစ်ပုံဖော်ထားရာ သားရွှေအိုးထမ်းလာသည့်ပုံမှာ ထူးခြားပေါ်လွင်စေကာ လွန်စွာလက်ရာမြောက်လှသည်။ ပြီးစီးလုနီးပြီဖြစ်သော ကျောက်စိမ်းစေတီတွင် လက်ရာမြောက်ကျောက်စိမ်းပန်းပုများသည် ဗုဒ္ဓဝင်နှင့် ဇာတ်နိပါတ်များကို မြင်သာစွာသရုပ်ဖော်ထားသည့်အတွက် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ဓမ္မာရုံတည်ဆောက်မှုများလည်း အဆက်မပြတ် လုပ်ဆောင်နေသကဲ့သို့ ကျောက်စိမ်းစေတီ၏ အရှေ့တောင်ထောင့်နေရာတွင် နဂါးရုံဘုရားတည်ထားနေသည်ကိုလည်း တွေ့ရှိရသည်။ ယခုတည်ထားဆောက်လုပ်လျက်ရှိသည့် မြန်မာမှုလက်ရာများဖြင့် လက်ရာမြောက်လှသော မြန်မာတို့၏ အထင်ကရ ကျောက်စိမ်းစေတီကို ကြည်ညိုဖွယ် ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

**(တိမ်တမန်)**

# ကျော့ကရိတ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဝတ်စုံထောက်ပံ့ပေးအပ်



**ကျော့ကရိတ် အောက်တိုဘာ ၁၆**

ကရင်ပြည်နယ်ကျော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဝတ်စုံပေးအပ်ထောက်ပံ့ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ကျော့ကရိတ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၅၀ အား ဇုန်နယ်တာဝန်ခံများမှ တစ်ဆင့် တန်ဖိုးငွေကျပ်၁၅၅၃၀၀၀ ရှိ ကော်လံတို ရှပ်အင်္ကျီနှင့် လုံချည်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**တင်ဝင်းလှိုင်(ကျော့ကရိတ်)**

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း ၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆

(၂) ညွှန်ကြားရေးမှူး(ပြန်/ဆက်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း ၀၆၇-၄၁၂၆၄

(၃) မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း
ဖုန်း ၀၁-၃၉၈၇၅၆



# ရန်ကုန်ဗဟိုမီးသတ်မျှော်စင် မြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းဆိုင်းဘုတ်တပ်ဆင်

**ရန်ကုန်　အောက်တိုဘာ　၁၆**

၁၉၁၂ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော ရန်ကုန်ဗဟိုမီးသတ်မျှော်စင်နှင့်အတူရှိသော မီးသတ်အဆောက်အအုံကြီးအား ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)က စတုတ္ထမြောက် အပြာရောင်ကမ္ပည်းဆိုင်းဘုတ်တပ်ဆင်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဗဟိုမီးသတ်မျှော်စင်မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီတက်ရောက်၍ အပြာရောင်ကမ္ပည်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ရန်ကုန်မြို့၏ ပထမဆုံးမီးသတ်တပ်ဖွဲ့ကို ၁၈၈၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ယခင်ကမီးငြိမ်းသတ်ရာတွင် လူအားဖြင့် ရေငင်ငြိမ်းသတ်ခဲ့ရာမှ မြင်းဖြင့်ဆွဲသော ရေနွေးငွေ့သုံးအင်ဂျင်ဖြင့် မီးငြိမ်းသတ်သည့်စနစ်ကို ထိုနှစ်မှာပင် ပြောင်းလဲအသုံးပြုခဲ့သည်။ ၁၈၉၀ ပြည့်နှောင်းပိုင်းတွင် ရေပေးဝေမှုပိုမိုကောင်းမွန်လာပြီး အုတ်အဆောက်အအုံများ ပေါ်ပေါက်လာခြင်းကြောင့်လည်း မီးလောင်မှုများ လျော့ကျခဲ့သည်။

ဗိသုကာလက်ရာကောင်းတစ်ခုဖြစ်ပြီး ပေ ၁၀၀ မြင့်မျှော်စင်ကြီးပါရှိသော မီးသတ်အဆောက်အအုံကို ၁၉၁၂ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ထိုမျှော်စင်သည် သုံးထပ်အဆောက်အအုံတစ်ခုဖြစ်သည်။

ထိုခေတ်က ရန်ကုန်မြို့ကို စီးမိုးပြီးမြင်နိုင်သော အမြင့်ဆုံးအဆောက်အအုံဖြစ်ခဲ့သည်။ ယခုအဆောက်အအုံသည် မြန်မာနိုင်ငံတွင် မြင်းဖြင့်ဆွဲသောအင်ဂျင်များအား ဓာတ်ဆီ(သို့မဟုတ်) ရေနွေးငွေ့အင်ဂျင်များဖြင့် အစားထိုးပြောင်းလဲခဲ့သော ပထမဆုံး မီးသတ်စခန်းလည်းဖြစ်သည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)က အပြာရောင်ကမ္ပည်းဆိုင်းဘုတ်များ တပ်ဆင်ခြင်းမှာ ပထမရန်ကုန်မြို့တော်ခန်းမ၊ ဒုတိယ မြို့တော်ခန်းမနှင့်ကပ်လျက် ယခင်ရိုးကုမ္ပဏီ၊ ထို့နောက် သန်းခေါင်စာရင်းရုံးချုပ်၊ မျက်မှောက်ခေတ်ရောဝတီဘဏ်ဖြစ်လာသည့် အဆောက်အအုံနှင့် တတိယ အာမေးနီးယားခရစ်ယာန်ဘုရားကျောင်း၊ စတုတ္ထ ဗဟိုမီးသတ်မျှော်စင်တို့ဖြစ်ကြောင်း၊ နောက်ထပ် ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်းရှိ မြို့ပြအမွေအနှစ် အဆောက်အအုံများကိုလည်း အပြာရောင်ကမ္ပည်းဆိုင်းဘုတ်များ တပ်ဆင်ပေးရန် အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ထားကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်၏ ပြောကြားချက်အရ သိရသည်။

**(စောသိန်းဝင်း)**



# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၅၀) ပြည့် ရွှေရတုသဘင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန်　အောက်တိုဘာ　၁၆**

ရန်ကုန်စီးပွားရေးတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း နှစ် (၅၀) ပြည့် ရွှေရတုသဘင်ပွဲတော်ကို ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် နိုဝင်ဘာ ၂ ရက်တွင် နှစ် (၅၀) ပြည့် ကျရောက်မည်ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ်ပွဲတော်ကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီမှစ၍ ပွဲတော်စတင်မည်ဖြစ်ပြီး ရွှေရတုမုခ်ဦးဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ဓာတ်ပုံပြပွဲ၊ ကုမ္ပဏီလုပ်ငန်းများ၏ ပြခန်းများအပြင် ဈေးရောင်းပွဲတော်ကို အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်တွင် စီးပွားရေးတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ် ဆရာကြီး ဦးအေးလှိုင်၏ ရုပ်တုဖွင့်ပွဲကို စီးပွားရေးတက္ကသိုလ်ရှေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ကျောင်းဝင်းအတွင်း၌ ဈေးရောင်းပွဲတော်၊ ကျောင်းသား ကျောင်းသူများ၏ အဆိုအကများဖြင့် ဖျော်ဖြေခြင်း၊ လှိုင်နယ်မြေအတွင်းရှိ စီးပွားရေးတက္ကသိုလ်အဆောင်အလိုက် ညစာစားပွဲများနှင့် အဆောင်မှူးများအား ကန်တော့ပွဲတို့ကို ကျင်းပသွားမည်ဖြစ်သည်။

နိုဝင်ဘာ ၂ ရက်တွင် စတုဒိသာ နံနက်စာနှင့် ဧည့်ခံခြင်း၊ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိဗ္ဗာန်ဈေးဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ညပိုင်းတွင် ညစာစားပွဲ၊ မိန်းမလှကျွန်းအလွမ်းပြေ ပြဇာတ်၊ အဆိုအကများ ဖျော်ဖြေခြင်း၊ မီးရှူးမီးပန်းများဖြင့် ရွှေရတုပိတ်ပွဲ အခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# စတုတ္ထအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ ကျင်းပမည်

**ညောင်ရွှေ　အောက်တိုဘာ　၁၆**

စတုတ္ထအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ကို တန်ဆောင်မုန်းလဆန်း ၁ ရက်(အောက်တိုဘာ ၂၃ ရက်)တွင် အင်းလေးဖောင်တော်ဦးဘုရားရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အင်းသားလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းတိုင်းရင်းသားများက ညီနောင်တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် စသည့်ရည်ရွယ်ချက်များဖြင့် စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့ကို ကျင်းပသွားမည် ဖြစ်ကြောင်း ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ကျော်က ပြောသည်။

အင်းသားဆုံစည်းရာနေ့တွင် ကျေးရွာအသီးသီးမှ အင်းသားရိုးရာ ရာကျော်ဆွဲလှေကြီးများဖြင့် လှော်ခတ်ပြသခြင်း၊ စုပေါင်းမဟာဘုံကထိန်ပွဲ၊ ဆုံစည်းရာနေ့ စုဝေးပွဲ အခမ်းအနား၊ အဆင့်မြင့်ဘော်လီဘောပြိုင်ပွဲများ ကျင်းပခြင်း၊ အင်းတိုင်းရင်းသားရိုးရာအကများနှင့်အတူ ညီနောင်တိုင်းရင်းသားတို့၏ ရိုးရာအကများ၊ တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းသားဆုံစည်းရာနေ့ကို ၂၀၁၁ ခုနှစ်က ပထမဆုံးအကြိမ် အင်းလေးကန်ရေလယ်ဧည့်ရိပ်သာ (ရေလယ်ဗိုလ်တဲ)၌ ကျင်းပခဲ့သည်။

**(နေမျိုးသူရိန်)**

အဝေရာ အမှတ်တံဆိပ်
အစာမကြေခြင်းအတွက် အဝေရာ ရှိတယ်... အဝေရာ ရှိတယ်... အစာကြေဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-006339 (0914)
ပင်ရင်း - အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂

အလင်းရောင်မှ
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) 9000 13500 25000
ကျိုက်ထီးရိုး 25000 Oct18
ကောင်ကြီး(မီးပုံးပျံပွဲတော်) အင်းလေး ပင်းတယ (၅)ရက်
ပြင်ဦးလွင်(မီးပုံးပျံပွဲတော်)၊ မန္တလေး၊ မုံရွာ (၅)ရက်
Oct 31, Nov 5
09421061860,421099405,421129597

Asia Top 0943164118,09421099574,0949764458
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ပွဲတော်ကဏ္ဍ၊ ထမ်းစမ်း 65000
▲ပုဂံ (ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 60000
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(လယ်တီဘုရားစုံ) 65000
တောင်ကြီး မီးပုံးပျံပွဲ
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ (နေ့စဉ်) Guest Package စီစဉ်ပေးသည်

ဥယျာဉ်မှူး (ဝင်ခွင့်သင်တန်းများ)
တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်
ဝင်ခွင့် (အင်္ဂလိပ်၊ ဓီဝ၊ ဗဟုသုတ) [အမျိုးသား၊ အမျိုးသမီး]
၂။ တောင်/မြောက်လမ်းဆုံ
095114804, 09420042800

စာအုပ်စာပေ လှူမိတ်ဆွေ

မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့ မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(I/29) ယနေ့ထွက်ပြီ
Ph-01-397164, 297297
အပျော်တမ်းဖဲရိုက်ရင်းဖြစ်ပွားခဲ့တဲ့ လူသတ်မှု အလုပ်ရမယ်ပြောပြီး ထိုင်းနိုင်ငံမှာ ရောင်းစားခံရတဲ့ မောင်နှမရဲ့ဖြစ်ရပ် နယ်ဝေးမှ ခေါ်ယူကျောင်းထားပေးခဲ့သူရဲ့ ရွှေငွေတွေကို ခိုးယူသုံးလိုက်တဲ့ဖြစ်ရပ် ဆွဲကြိုးဝယ်မယ်ဟန်ဆောင်ရင်း ယူဆောင်ထွက်ပြေး တရားရုံးက တံခါးတွေကို တုန့်ရိုက်ဖွင့်ပြီး အမှုတွဲတွေယူဆောင်သူကို အရေးယူ စကားများထားတာကို မကျေနပ်လို့ဓားနဲ့ခုတ် အမွေကိစ္စကြောင့် လူသတ်မှုဖြစ် မြေးဖြစ်သူရဲ့ခင်ပွန်းကို ဆုံးမရာမှ သေဆုံးသွားလို့ လူသတ်မှုနဲ့အရေးယူခံရတဲ့ အဘိုး ကားအောက်တရွတ်တိုက်ပါသွားပြီး သေဆုံးရသူ ဆုံးမတဲ့သူကို ဓားမနဲ့ခုတ် ထင်းခုတ်ဓားမနဲ့ထင်းမခုတ်ဘဲ လူကိုခုတ်လို့အရေးယူ ဆိုင်ကယ်အပ်ထားတဲ့နေရာက သဲလွန်စကြောင့် လူသတ်မှုပေါ် အလုပ်ဆင်းသော်လည်း အိမ်ပြန်ရောက်မလာတဲ့ သမီးအတွက်အမှုဖွင့် အိပ်ပျော်နေတဲ့သူကို အဓမ္မပြုကျင့်ခဲ့တဲ့ဖြစ်ရပ် အရင်အမှုကိစ္စကို မကျေနပ်လို့ လူသတ်မှုကို ထပ်မံဖန်တီးလိုက်တဲ့သူရဲ့ဖြစ်ရပ် ကိုယ်ဝန်ကြောင့် တုတ်နဲ့ရိုက် လည်ပင်းညှစ်သတ်ခံလိုက်ရတဲ့အမျိုးသမီး ..... စတဲ့ သတင်းများနဲ့အတူ ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။




ရွှေတိုးစည်
Hotel တည်း Restaurant စားသောက် 50% Discount
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(ရွှယ်တော်လေးဆူ)(ပြည်-မြေး) 60000
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲသို့
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) Nov 4
373275, 708342, 0949219404

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ခရိုင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် | - | ၁၇-၁၀-၂၀၁၄ ရက်(သောကြာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ | - | မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (မော်လမြိုင်မြို့) |
| (ဂ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၂၂-၁၀-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) |
| (ဃ) | တင်ဒါဖွင့်မည့်နေ့ရက် | - | ၂၄-၁၀-၂၀၁၄ ရက်(သောကြာနေ့) နံနက် ၁၀ နာရီ |
| (င) | တင်ဒါဖွင့်မည့်နေရာ | - | အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့။ |

တင်ဒါစိစစ်ရေးကော်မတီ၊ **Ph:057-24585**

**အားကစား**

**(ယမန်နေ့မှ အဆက်)**

***ပရီမီယာလိဂ်ပွဲစဉ်(၈)ကို အောက်တိုဘာ ၁၈၊ ၁၉၊ ၂၀ ရက်တွေမှာ ကစားမယ်။ အဲဒီမှာ နှစ်ပွဲဆက်အနိုင်ပျောက်ခဲ့တဲ့ အာဆင်နယ်က နိုင်ပွဲပြန်ရရေး အားစိုက်လာမှာဖြစ်တဲ့အတွက် စောင့်ကြည့်ချင်စရာကောင်းနေတယ်။***

# ပရီမီယာလိဂ်ရင်ခုန်သံ (၈)

ရှိုင်းမင်းမင်း

**ကာဆယ် - လက်စတာ** ည ၈း၃၀ (၁၈-၁၀-၁၄)

လက်စတာခြေက အကျဘက်ပြန်ရောက်လာတယ်။ နှစ်ပွဲဆက်အနိုင်မရဘူး။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ လက်စတာရဲ့ ကစားပုံက ပိုပြီးအားနည်းတတ်တယ်။ ကာဆယ်ကနိုင်ပွဲပြန်ရဖို့အားစိုက်နေသလို ဆမ်ဆေးကြောင့် တိုက်စစ်က ဂိုးသွင်းခြေပါရလာတာနဲ့ အိမ်ကွင်းဖြစ်နေတာပါထည့်တွက်ရမယ်။

**ဆောက်သမ်တန် - ဆန်းဒါးလန်း** ည ၈း၃၀ (၁၈-၁၀-၁၄)

ဆောက်သမ်တန်ခြေကမဆိုးဘူး။ စပါးကိုရှုံးခဲ့တဲ့အတွက် အခုပွဲစဉ်မှာ နိုင်ပွဲရဖို့ အားစိုက်လာမှာလည်း သေချာတယ်။ ဆန်းဒါးလန်းက ကစားပုံမဆိုးဘူးလို့ သတ်မှတ်ရင် ရနိုင်ပေမယ့် အဝေးကွင်းခြေနဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ မငြိမ်တာကိုတော့ သတိပြုရမယ်။ ဆောက်သမ်တန် အိမ်ကွင်းအားနဲ့သာ ချင့်ချိန်ရမယ်။

**ကျူပီအာ - လီဗာပူး** ည ၇း၀၀ (၁၉-၁၀-၁၄)

ကျူပီအာကခြေစွမ်းပိုင်း အားနည်းလွန်းပါတယ်။ အိမ်ကွင်းအားရှိတယ်ဆိုပေမယ့် ခံစစ်ပိုင်းအားနည်းမှုပြဿနာက အသင်းကို ဒုက္ခပေးနေတယ်။ လီဗာပူးကတော့ ချန်ပီယံလိဂ်ကစားရဖို့ရှိတာမှန်တယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာလည်း အမှတ်လိုအပ်နေတယ်။ ဒါကြောင့် လီဗာပူး တင်ကစားလာနိုင်တာနဲ့ ချင့်ချိန်ရမယ်။

**စတုတ် - ဆွမ်ဆီး** ည ၉း၄၀ (၁၉-၁၀-၁၄)

စတုတ်က အိမ်ကွင်းကစားပုံမာကျောမှုရှိတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်ဘူးဆိုပေမယ့် ခပ်မာမာတုံ့ပြန်ကစားရင် ဆွမ်ဆီးအခက်တွေ့နိုင်တယ်။ ဆွမ်ဆီးက အခုနောက်ပိုင်းခြေကျလာတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်မနိုင်ဘူး။ ခံစစ်ပိုင်းကပါ ဂိုးတွေပေးလာရတာနဲ့ပါ ချင့်ချိန်ရမယ်။

**ဝက်စ်ဘရွန်း - မန်ယူ** နံနက် ၁း၁၅ (၂၁-၁၀-၁၄)

မန်ယူနှစ်ပွဲဆက်တိုက် အနိုင်ရထားခဲ့ပေမယ့် ကစားပုံအရ အကောင်းဆုံးပုံစံမှာရှိနေပြီလို့မဆိုနိုင်ဘူး။ ဒါ့အပြင် ခံစစ်ပိုင်းကလည်း ဒဏ်ရာပြဿနာတွေကြောင့် အားလျော့မှုတွေရှိနေတာကိုပါ ထည့်တွက်ရမယ်။ အဓိကကတော့ ဝက်စ်ဘရွန်းရဲ့လက်ရှိခြေ မဆိုးခြင်းနဲ့ အိမ်ကွင်းမှာ အကောင်းဆုံးတုံ့ပြန်မယ့်အချက်ကို သတိပြုရမယ်။

# ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ISTAF)၏ Super Series Myanmar 2014-2015 ပိုက်ကျော် ခြင်းပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး မစ္စတာ ဒါတိုအဗ်ဒွလ်ဟ လင်မ်ကာဒရ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်၊ Asia Sports Ventures (ASV)မှ မစ္စတာရမဒါးစ်နှင့် သတင်းမီဒီယာများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်မစ္စတာ ဒါတိုအဗ်ဒွလ်ဟ လင်မ်ကာဒရ်တို့က အမှာစကားပြောကြားကြပြီး မစ္စတာရမဒါးစ်က Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် သတင်းမီဒီယာများက Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

Super Series ပိုက်ကျော်ခြင်းပြိုင်ပွဲများကို Asia Sports Ventures (ASV) နှင့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် (ISTAF) တို့က ပိုက်ကျော်ခြင်းအားကစားကို နိုင်ငံတကာအဆင့် တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်ဖြင့် ကြီးမှူးကျင်းပနေခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားတွင် ထိပ်သီးအဆင့်ရှိနိုင်ငံများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြောင်း သိရသည်။

Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် Regu (သုံးယောက်တွဲ) ပြိုင်ပွဲတစ်မျိုးတည်းကိုသာ ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ အမျိုးသားပွဲစဉ်များတွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ မြန်မာနှင့် တရုတ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသမီးပွဲစဉ်များတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ဂျပန်၊ မြန်မာနှင့်အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသွားမည်ဖြစ်သည်။ **(ကိုကိုစိုးညွန့်)**



**၁၉၈၇ ခုနှစ်က မိုနာကိုအသင်းနည်းပြ အာစင်ဝင်းဂါး မက်ခ်ဟာတီလေ(ဝဲ)နှင့် ဟော့ဒယ်(ယာ)တို့နှစ်ဦးအား ခေါ်ယူခဲ့စဉ်။**

# အာစင်ဝင်းဂါးအား မိုနာကို ပြန်လည်ခေါ်ယူလို

ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသည် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအား မိုနာကိုအသင်းသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေကြောင်းသိရသည်။

ထို့ကြောင့် မိုနာကိုအသင်းသည် ဩဂုတ်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အမ်းမရိတ်ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့စဉ်က အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးနှင့် တရားဝင်တွေ့ဆုံဆွေးနွေးခဲ့ပြီး ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ခဲ့သည်ဟု သတင်းများက ဖော်ပြသည်။

အာစင်ဝင်းဂါးသည် လက်ရှိကလပ် အာဆင်နယ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်လာခြင်းကြောင့် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းက အာစင်ဝင်းဂါးအား အခွန်ပေးဆောင်စရာမလိုဘဲ တစ်နှစ်လျှင် ပေါင် ၁၀ သန်းဖြင့် ခေါ်ယူစာချုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့် ယခင်စာချုပ်သက်တမ်းကုန်ဆုံးစဉ်က အပြီးပိုင် လမ်းခွဲရန် ဆန္ဒရှိခဲ့သော်လည်း နောက်ဆုံးတွင်မှ အာဆင်နယ်အသင်း၌ ဆက်နေရန်ဆုံးဖြတ်ခဲ့ပြီး မေလအတွင်းက ပေါင် ၂၄ သန်းဖြင့် အာဆင်နယ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုး ချုပ်ဆိုခဲ့သည်။

အာစင်ဝင်းဂါးသည် ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းတွင် နည်းပြအဖြစ် ကိုင်တွယ်ခဲ့စဉ်ကလည်း ၎င်း၏ ပထမဆုံးဘောလုံးရာသီမှာပင် ဖလားတစ်လုံးရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် မိုနာကိုအသင်း ဒုတိယဥက္ကဋ္ဌ ဗာဒင်ဗာစီးလ်ယက်ဗ်က ပြင်သစ်နိုင်ငံသားနည်းပြကြီး အာစင်ဝင်းဂါးအား ပြင်သစ်မြေသို့ ပြန်လည်ခေါ်ယူရန် ဆန္ဒပြင်းပြခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ စတုတ္ထဆုရ ဟန်မင်းစိုး(ကာကွယ်ရေး)၊ ပဉ္စမဆုရ မျိုးနိုင် (ပို့ဆောင်ရေး)နှင့် ဆဋ္ဌမဆုရ ဌေးမင်းလွင် (သစ်တော)တို့အား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကြည်သိန်းကလည်းကောင်း၊ တတိယဆုရ မြင့်ဟန်၊ ဒုတိယဆုရ လင်းမင်းထိုက်နှင့် ပထမဆုရ စည်သူ(လယ်/ဆည်) တို့အား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲတံခွန်စိုက်ဆုဖလားရရှိသော စည်သူ(လယ်/ဆည်) အား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသူအား ငွေကျပ် ၁၅၀၀၀၀ နှင့် ဆုဖလားအားလည်းကောင်း၊ ဒုတိယဆုရရှိသူအား ငွေကျပ် ၁၀၀၀၀၀ နှင့် ဆုဖလားအားလည်းကောင်း၊ တတိယဆုရရှိသူအား ငွေကျပ် ၅၀၀၀၀ နှင့် ဆုဖလားအားလည်းကောင်း၊ စတုတ္ထဆုရရှိသူအား ငွေကျပ် ၄၀၀၀၀၊ ပဉ္စမဆုရရှိသူအား ငွေကျပ် ၃၀၀၀၀ နှင့် ဆဋ္ဌမဆုရရှိသူအား ငွေကျပ် ၂၀၀၀၀ တို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကျော်ဇေယျ)**

## တေဇ(၁၇)သူငယ်ချင်းများ ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ်

**အခမ်းအနားဖိတ်ကြားခြင်း**

တေဇ(၁၇)သူငယ်ချင်းများ၏ ကျောင်းဆင်းနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအတွက် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် သူငယ်ချင်းများ၏ သား/သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဂုဏ်ပြုချီးမြှင့်ပွဲအတွက် မိဘများမှ အချိန်မီဆက်သွယ်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆုချီးမြှင့်ပွဲ**

နေ့ရက် - ၂၅-၁၀-၂၀၁၄ရက်(စနေနေ့)
အချိန် - ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ
နေရာ - တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်(ကမ္ဘာအေး)၊ အရှေ့ဝါယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့ ကျောက်မျက်ရတနာပြတိုက်ရှေ့။

**ညစာစားပွဲ**

နေ့ရက် - ၂၅-၁၀-၂၀၁၄ရက်(စနေနေ့)
အချိန် - ညနေ ၆း၀၀နာရီ
နေရာ - Thai Plus စားသောက်ဆိုင်

မှတ်ချက်။ ။လကရ(၂)၊ ကသက(ဗထူး)၊ ဗသက(မှော်ဘီ)တို့တွင် သင်ကြားပို့ချပေးခဲ့ပါသော ဆရာ(အရာရှိ/အခြားအဆင့်)များ တက်ရောက်ပေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

**အတွင်းရေးမှူးအဖွဲ့**

ကျော်သူရ(၀၉၅၅၀၄၁၆၀)၊ နိုင်လင်း (၀၉၄၅၀၀၇၇၃၇)၊ လှထွဋ်အေး (၀၉၄၃၀၀၃၃၀၀)

ဘဏ္ဍာရေးကော်မတီ

ဇော်လွင်မိုး(၀၉၅၀၁၆၂၂၈)၊ ဇော်ဝင်းနိုင် (၀၉၅၀၁၂၅၄၃)

## မွေးနေ့ မင်္ဂလာဆုတောင်းလွှာ

၁၈-၁၀-၂၀၁၄ရက်နှင့် ၃၀-၁၀-၂၀၁၄ရက်တို့မှာ ကျရောက်တဲ့ သားသား "ဉာဏဘုန်း"နှင့် မီးမီး "အမရာဘုန်းပြည့်"တို့၏ (၃)နှစ်မြောက်မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် ကျန်းမာပျော်ရွှင် ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါတယ်-

ဘိုးဘိုးနှင့်ဘွားဘွား(နေပြည်တော်)
ဦးကြီးနှင့် ကြီးကြီးစု
ဖေဖေ ဦးဝဏ္ဏစိုးနှင့် မေမေ ဒေါ်ယုမွန်ဘုန်း
ဖေဖေ ဗိုလ်ကြီး ပြည့်ဇော်ဘုန်းနှင့် မေမေ ဒေါ်သင်းသင်းနိုင်

**ဖခင်အမည်မှန်**


စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ အင်ဒေါင်းကျေးရွာနေ မယုနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမြမင်း[၅/ဝလန(နိုင်)၀၀၈၂၈၀]ဖြစ်ပါသည်။

ဦးမြမင်း

UNIQUE STAR TRAVELS.
(၃) ဦးဝယ်လျှင် + (၁) ဦး အခမဲ့
တောင်ကြီး၊ အင်းလေး၊ ကလော Nov: 1,2,3 (220,000)
ပုဂံ-မန္တလေး၊ပြင်ဦးလွင် Nov: 2 (220,000)
ချောင်းသာ Daily (Hotel Max) (75,000) / ငွေဆောင် (80,000)
ငပလီ Dailly ( Merciel Retreat & Resort) (280,000)
No. 70/A, Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp.
Ph: 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.

WINTER 2014 PROMOTION!
Sales & Travel period: NOW until 31 DEC 2014
EUROPE FROM US$ 747++ exclude moscow
LOS ANGELES FROM US$ 747++
ROYAL ORCHID PLUS Member Card
Europe / America ခရီးစဉ် အသွားအပြန်တစ်ခေါက်သွားရုံဖြင့် Royal Orchid Plus (ROP) - Silver Member အဖြစ်ခံစားခွင့်ရှိပြီး အောက်ပါအထူးအခွင့်အရေးများခံစားခွင့်ရရှိပါမည်။
ROP ၏အကျိုးခံစားခွင့်များ
• ၂ နှစ်သက်တမ်းရှိ ROP - Silver Member အဖြစ်ခံစားခွင့်။
• 10 Kgs Baggage အပိုခံစားခွင့်။
• Waitlisted booking များ Confirmation ရရှိနိုင်ရန်ဦးစားပေးခံရခြင်း။
• မည်သည့် TG check in counter တွင်မဆို လျင်မြန်စွာ check in ဝင်နိုင်ခြင်း။
• ROP Member Card ကိုင်ဆောင်သူတိုင်း Star Alliance အသင်းဝင် Airline ၃၂ ခု၏ ခရီးစဉ်တိုင်းအကျုံးဝင်ပါသည်။
Columbus TRAVELS T: 229245, 216245, 378535, 378549

HILTON HHONORS



# A NEW HILTON EXPERIENCE.
## DELIGHTING YOU IN MYANMAR.

Conveniently located, with the ministry zone and local attractions close by Hilton Nay Pyi Taw opens its door on October 17th, 2014.

Offering world class hospitality, meeting and event space, executive lounge and a wide range of recreation facilities with a full service spa. We look forward to welcoming you.

Hilton
NAY PYI TAW

No JV-001 Taw Win Thiri Road | National Guest House Zone | Dekhina Thiri Township | Nay Pyi Taw | Myanmar 15011
T: +95 67 810 5001 | E: naypyitaw.info@hilton.com
naypyitaw.hilton.com

©2014 Hilton Worldwide

ပြည်တွင်းရေးရာ

# အင်းတော်ကြီးဒေသတွင် မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**မိုးညှင်း၊ အောက်တိုဘာ ၁၆**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် မိုးကောင်းသဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိသောကြောင့် မိုးစပါးစိုက်ပျိုးမှုအောင်မြင်ကာ သီးနှံများ ဝေဝေဆာဆာ ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

အင်းတော်ကြီးဒေသသည် ကျေးရွာအုပ်စုပေါင်း ၁၁ အုပ်စုရှိပြီး ဒေသတစ်ခုလုံး၏ စိုက်ပျိုးလယ်ဧကစုစုပေါင်းမှာ ၄၀၅၀၅ ဧကရှိကြောင်း၊ နန့်မွန်းကျေးရွာအုပ်စုတစ်ခုတည်းတွင် လယ်စိုက်ဧကပေါင်း ၅၂၈၉ ဧကရှိပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ လယ်ယာစိုက်ပျိုးရေးတွင် မိုးရေခံ တောင်ကျချောင်း ရေသွင်းဆည်ကိုသာ အဓိကထား စိုက်ပျိုးရသဖြင့် ယခုလို မိုးကောင်းသောနှစ်များတွင် ရေကောင်းစွာရရှိကာ မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းကြောင်း ဒေသခံတောင်သူများက ပြောသည်။

“ဒီနှစ်မှာမိုးကောင်းလို့ အင်းတော်ကြီးဒေသတစ်ခုလုံး အရင်နှစ်တွေနဲ့မတူပါဘူး။ စပါးအသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆင်းဧကရီ(၃) စပါးမျိုးကိုစိုက်ပါတယ်။ တချို့က ကောက်ညှင်းအနည်းငယ်၊ တချို့ကတော့ ပုလဲသွယ်စပါးကို စမ်းသပ်စိုက်ပျိုးပြီး မိရိုးဖလာ အစဉ်လာမပျက် ရိုးရာစပါးကို စိုက်တုန်းပဲ။ ရိတ်သိမ်းချိန်ထိ ရာသီဥတုကောင်းမွန်မယ်၊ ကြွက်ကိုက်တာလည်းနည်းမယ်ဆိုရင် တစ်ဧကကို ပျမ်းမျှ တင်း ၁၀၀ ကနေ တင်း ၁၂၀ ထိထွက်ဖို့ သေချာပါတယ်” ဟု လုပ်ကွက်အမှတ် ၄၁၇ ကွင်းနှင့် OSS ကွင်းတွင်လုပ်ကိုင်သော နန့်မွန်းရွာ၊ ရှမ်းကုန်းရပ်နေ တောင်သူဦးဖိုးတူးက ပြောသည်။ **(ဝ၅၈)**



## ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းဝင်များသို့ ဝတ်စုံပေးအပ်

**မြင်းမူ၊ အောက်တိုဘာ ၁၆**

မြို့ပြသန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိသော မြင်းမူမြို့နယ်၊ ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းသားများအား ဝတ်စုံများပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က မြင်းမူမြို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းကို မြို့ပေါ်လေးရပ်ကွက်တွင် အသင်းဝင် ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး ကျေးရွာများအထိ တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း၊ အသင်းအနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှတ်(၁)ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်က အမှတ်(၂) ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက အမှတ် (၃) ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း၊ မြို့မိမြို့ဖ ဦးညဏ်ရင်က အမှတ်(၄)ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း အသင်းဝတ်စုံများ အသီးသီးပေးအပ်ခဲ့သည်။ **ဖိုးခါး**

## ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ငါးဖမ်းဆီးခဲ့သူနှစ်ဦးအား ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မဖြင့် အရေးယူ

**ညောင်လေးပင်၊ အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီခန့်တွင် ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်တိုးသည် ကျောက်တံခါးမြို့မရဲစခန်းအပိုင် သမင်အင်းကုန်းအုပ်စု၊ ချိန်းချောင်းပိုက်ချက်အတွင်း ကွင်းဆင်းစစ်ဆေးစဉ် တရားမဝင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများအား တွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်တိုးသည် သမင်အင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ထွေးနှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ် ၎င်းချောင်းလက်တက်အတွင်း လင်းအောင်လတ် (၃၆) နှစ် ကွင်းတောင်ရပ်ကွက်၊ ကျောက်တံခါးမြို့နေသူနှင့် ဖိုးအေး (၃၅) နှစ် စဉ့်အိုးလှကျေးရွာ ကျောက်တံခါးမြို့နေသူတို့သည် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်၊ အင်းဂရန်ကိုင်၏ ခွင့်ပြုချက်မရှိဘဲ လက်ပစ်ကွန်များဖြင့် ငါးဖမ်းဆီးနေသည်ကို တွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်တိုး၏ တိုင်တန်းချက်အရ ၎င်းတို့နှစ်ဦးအား ကျောက်တံခါးမြို့မရဲစခန်းက (ပ) ၁၄၀/၂၀၁၄၊ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၄ (ခ) အရ အရေးယူဆောင်ရွက်ပြီး အမှုအား ဒုရဲအုပ်ကျော်ကျော်နိုင်က ဆက်လက်စစ်ဆေးကာ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

## ပဲခူးမြို့တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကျင်းပ

**ပဲခူး၊ အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားအား ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို အစီအစဉ် ၇ ရပ်ဖြင့် ကျင်းပခဲ့ပြီး အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဌေးအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့သည်။ **ကိုသက်**

## ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအုပ်စုတွင်ပါဝင်သော ရွာငါးရွာအား ကျေးရွာအုပ်စုတစ်ခုအဖြစ်ခွဲထုတ်ရေး ကွင်းဆင်းလေ့လာ

**ဘီးလင်း၊ အောက်တိုဘာ ၁၆**

သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စုတွင်ပါဝင်သော ဆင်အင်း၊ ဆပ်သွား၊ ကျီးပင်၊ ညောင်သာယာ၊ အင်းဖလောင်း ကျေးရွာငါးရွာအား ကျေးရွာအုပ်စုတစ်ခုအဖြစ် ခွဲထုတ်တင်ပြနိုင်ရေးအတွက် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းသည် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ယင်းဒေသများသို့သွားရောက်ကာ ကွင်းဆင်းလေ့လာ၍ ဒေသတွင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းသည် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တောင်စွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံကာ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို အပြန်အလှန် မေးမြန်းဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်စုတစ်ခုအဖြစ် ခွဲထွက်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲကို ပြည့်စုံမှန်ကန်အောင် ပြုလုပ်ကြရန်နှင့် မိမိတို့ဘက်မှလည်း အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကျေးရွာ၏မြေပြင်အခြေအနေကို လေ့လာ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း(၂၀)၊ အမှတ် (၅၄၂/ခ)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ အိမ်အပါအဝင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်သန်းသန်းဦး [၁၂/ရပသ(နိုင်)၀၀၄၂၀၂]အပါအဝင် (၆) ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိန်မြိုင်(၂၅၉၄)
တရားလွှတ်တော်ရှေ့နေ
**LL.B,D.B.L,MA (Business Law),D.M.L.,D.I.L.,D.A Psy.,D.I.R (with credit).,**
**MDev.S (Master of Development Studies)**
အမှတ် (၁၃၇)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၇၅၅၉

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမ၊ တိုက်အမှတ် (၆၁၄)နေ ဒေါ်မရန်နန်တောင်[၁/မကန(နိုင်)၁၅၄၁၀၇]၏ လွှဲအပ် ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ တ/၁၅၊ ရပ်ကွက်၊ ပန်းခြံ(၁၈)၊ အောင်သုခလမ်းမ၊ အမှတ် ၂၄၀(ခ)ဟုခေါ်တွင်သော အလျားပေ၂၀×အနံ ပေ ၆၀ အကျယ်အဝန်းရှိသော မြေကွက်နှင့် ၎င်းမြေကွက်နှင့်ပတ်သက်သော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်သည်ဟုဆိုသော ဦးသန်းဌေး[၁၂/မဂဒ(နိုင်)၀၆၇၄၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးအပ် ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါ၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မရန်နန်တောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းသန်းစိုး (စဉ်-၂၈၉၈) တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ကျော့ကျော့လှိုင် (စဉ်-၃၄၀၆၂) အထက်တန်းရှေ့နေ
တိုက်(၄၄)အေ/၆၊ ပေ(၅၀)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၀၉-၇၃၀၂၁၈၂၇၊ ၀၉ ၂၅၀၀၂၂၈၉၂၊ ၀၉-၄၃၁၂၄၅၉၄

### သက်ဆိုင်သူနှင့်အများသိစေရန်

၁။ ဒေါ်ရီရီဝင်း[၁၂/တတန(နိုင်)၁၃၇၂၇၇] တိုက်-၂၁၊ အခန်း(၁၀၃)၊ (B)ဘလောက်၊ (၆)လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေသူနှင့် ဦးမင်းကျော်[၁/မကတ(နိုင်)၀၅၅၂၇၆] အမှတ်-၃၂၃/၂၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် (၂၅)လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူတို့သည် ၂၆-၁၁-၂၀၁၂ရက် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကတိစာချုပ်ဖြင့် မရမ်းကုန်းမြို့နယ်၊ ခဝဲခြံ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် (၅ဟ၁)မြေကွက်နှင့် စပ်လျဉ်း၍ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပြီး စာချုပ်အပိုဒ်-၂တွင် ဤကတိစာချုပ်၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးနောက် အချင်းဖြစ်မြေကွက်နှင့်ပတ်သက်ပြီး မိမိသဘောဆန္ဒအရ ဆောင်ရွက်လုပ်ကိုင်ခြင်း၊ အခြားသူတစ်ဦးဦးအား မြေကွက်ကိုပေါင်နှံခြင်း၊ လွှဲပြောင်း၊ ရောင်းချခြင်း၊ မြေကွက်နှင့်ပတ်သက်၍ ငွေကြေးတစ်စုံတစ်ရာရယူခြင်းများ မပြုလုပ်ပါဟု ဒေါ်ရီရီဝင်းက ဝန်ခံကတိပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၆-၁၁-၂၀၁၂ရက် ကတိစာချုပ်အရ ဒေါ်ရီရီဝင်း၏ တစ်ဦးတည်းသော သဘောဆန္ဒအရ လုပ်ပိုင်ခွင့်မရှိသည့်အတွက် ယင်းမြေကွက် အား ပေါင်နှံခြင်း၊ လွှဲပြောင်း၊ ရောင်းချခြင်းများ ပြုလုပ်သူ (မည်သူကိုမဆို)ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး ကြော်ငြာအပ်ပါသည်။

ဦးမင်းကျော်[၁/မကတ(နိုင်)၀၅၅၂၇၆]
အမှတ်-၃၂၃/၂၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၂၅လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူက
လက်မှတ်ရေးထိုးပါသည်။

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ်(၈၇)၊ အကျယ်အဝန်း ပေ (၈၀×၆၀)ရှိ ဦးခင်ဝင်း (ဒုဗိုလ်မှူးကြီး-ငြိမ်း) [၁၀/မဒန(နိုင်)၀၀၈၅၉၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဟုဆိုသော ဦးကျော်ဝင်းနိုင် [၁၀/ပမန(နိုင်)၀၉၈၄၆၁] အမှတ်(၆၀၈)၊ ပုလဲလမ်း၊ (၁/၃၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူမှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် အရောင်းအဝယ် ကန့်ကွက်လိုသူသည် ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စပယ် [၁၂/တမန(နိုင်)၀၅၆၂၂၀]
ဖုန်း-၀၉-၇၃၂၂၇၂၀၀၊ ၀၉-၂၅၄၈၇၅၆၂၉

ဆောင်းပါး

# ရိုးရာစည်းမျဉ်းနှင့် အကသဘင်

à a&bTaDdv™

> ## အကြမ်းအားဖြင့် လေးပိုင်းမျှပိုင်းကြည့်လျှင် မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းကြီးနှင့် သားတော်သီပေါမင်းတို့ . . .

မြန်မာ့ရိုးရာအနုပညာသည် တိမ်ကောပပျောက်သွားရန် မလွယ်ပေ။ အထူးသဖြင့် အကပညာသည် လူတိုင်းစိတ်ဝင်စားသော စိတ်၏ဖျော်ဖြေရာ ရိုးရာကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ မြန်မာတို့တွင် အကအနုပညာရှိသလို လူမျိုးတိုင်းတွင် ရှိပေသည်။ ကျွန်ုပ်တို့မွေးစကတည်းက မိခင်၏သင်ကြားမှုဖြင့် လက်ကလေးတွေ ကွေးချည်ဆန့်ချည် ချိုမိုင်မိုင်ဖြင့် ဘဝကိုအကဖြင့်ဝင်လာခဲ့ကြသည်။

ထို့နောက် လူတိုင်းကတတ်ရန် သကြ်န်ပွဲရက်များကလည်း ယိမ်းအကဖြင့်လည်းကောင်း ဖန်တီးပေးခဲ့ကြသည်။ မြန်မာတို့သည် ဘာသာယဉ်ကျေးမှုကို လေးစားသလိုကပြပျော်ရွှင်ဖျော်ဖြေမှုကို မြတ်နိုးခုံမင်ကြသည်။ အကတွင် အငြိမ့်အက၊ ဇာတ်အက၊ အပျိုတော်အက၊ ဇော်အက အမျိုးမျိုးဘာသာရပ်အလိုက်ရှိကြရာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မတိမ်ကောမပျောက်ပျက်အောင် နိုင်ငံတော်က ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်၍ လေ့ကျင့်ပြိုင်ပွဲဝင်လျက်ရှိရာ မြန်မာအကသည် တစ်စခန်းထလျက် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ အကဟူသည်မှာ အနေးကကို အမြန်ကဖြင့် မဲတင်းသလို အမြန်ကကို အနေးကဖြင့် မဲတင်းသည်။ အထိုင်အကကို အထအကဖြင့်၊ အထအကကို အထိုင်အကဖြင့် မဲတင်းသည်။ အနုကနှင့် အကြမ်းကအရှေ့ကိုကိုင်း၍ ကခြင်းကို အနောက်ဘက်ကိုနွဲ့၍ ကခြင်းဖြင့် မဲတင်းသည်။ ဘယ်ခြေညာလက် ဘယ်ညာစသည်ဖြင့် အမူအရာများအပြင် ကချေသည်သည် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့်လည်း တစ်ခုကတစ်ခုကို မဲတင်းညှိပေးသည်။ မေးထိုးခြင်းမျက်နှာသွင်ပြင်အမူအရာကလည်း ညှိပေးရသည်။ ခေါင်း၊ ခါး၊ ရင်၊ ဒူး စသည်ကလည်း လိုသလိုလှုပ်ရှားညှိပေးရသည်။ အဓိပ္ပာယ်နှင့် ထပ်တူပင်ဖြစ်၏။ ဤသို့သောအဆိုအကတို့တွင် ကိုယ်အမူအရာ အသံ၏ဌာန်နိုင်နိုင်နင်းနင်းတို့ဖြင့် ချက်ပိုင်ပိုင်ညှိပေးခြင်းကို သုခုမအနုပညာသဘင်တွင် 'မှင်' ရှိသည်ဟု ဆိုကြလေသည်။

အဆိုပါတို့တွင် အကြောင်းအရာအတ္ထုပ္ပတ္တိတို့ကိုလိုက်၍ အလိုရှိသော 'ရသ' ပေါ်လွင်အောင် သဘာဝယုတ္တိကျကျနှင့် သဘင်သည်အနုပညာရှင်တို့သည် သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကပြခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးရပေသည်။ နှစ်ပါးသွားသစ္စာထား အဆိုအကများတွင် မျောက်မင်းအသံ၊ ငှက်ချင်းသံ အဆို အတီး အကမျိုးနှင့် မဆီလျော်သကဲ့သို့ ပူခန်း၏ အဆို၊ အတီး၊ အကတို့တွင် နှစ်ပါးသွား အဆို၊ အတီး၊ အကမျိုးဖြင့် ပြုလုပ်က သဘာဝယုတ္တိရှိသည်ဟု မဆိုနိုင်ပါချေ။ ဘီလူးခန်းတွင် ဘီလူး၏အဆိုသည် ကြမ်းတမ်းသောအသံ၊ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများကို ဆောင်ရသကဲ့သို့ ၎င်းအကသည်လည်း မင်းသား၏ အနုအကမျိုးနှင့် မဆီလျော်ပါချေ။ ကြမ်းတမ်းသော အကမျိုးနှင့်သာလျှင် သဘာဝသဘောကျပေမည်။ တီးကွက်မှာလည်း ခပ်ကြမ်းကြမ်းစည်တိုသံများများနှင့် တီးမှသာအဆင်ပြေမည်။ ဥပမာအားဖြင့်ရေးရလျှင် နတ်ချင်း၏နတ်သံအဆိုနှင့် နတ်ဒိုးနတ်ကကြိုးတို့သည် နတ်တို့၏ သဘာဝယုတ္တိဆောင်နိုင်စေရသည်။

မြန်မာရှေးအကများတွင် ထင်ရှားကျော်ကြားခဲ့သော အနုပညာရှင်များကို ဖော်ပြရလျှင် ဒေါ်ဩဘာသောင်းကို ညွှန်ပြရပေလိမ့်မည်။ ဒေါ်ဩဘာသောင်း အငြိမ့်ကစဉ်ကတည်းက တီးလုံးတိုက်ကတည်းကပင် "ဒီတီးကွက်မှာ ဒီလိုလိုက်မည်၊ ဟိုတီးကွက်ကျလျှင် ဟိုလိုလိုက်မည်ဟူ၍ ကကွက်ကို အတိအကျထားခြင်းမျိုးမရှိဟူ၍ ယူဆရပေမည်။

ဒေါ်ဩဘာသောင်းအဖို့ ကကြိုးကကွက်ကို ကြိုတင်စဉ်းစားလျာထားခြင်း လုံးဝမရှိဘဲ တီးသံကြားမှ သင့်သလိုလှုပ်ရှားကပြလိုက်ခြင်း ဖြစ်တန်ရာသည်။ တစ်နည်းဆိုသော် ကျက်စာသဘောမျိုး လုံးဝမရှိဘဲ ဆေးစက်ကျရာ အရုပ်ဖြစ်သည့်သဘောမျိုး ကနိုင်စွမ်းပင်ဖြစ်ပါသည်။

ထို့ကြောင့် သီချင်းတေးသွားထပ်၍ တီးကွက်တီးချက်ထပ်၍နေစေကာမူ ကကြိုးကကွက်များ ထပ်သည်ဟူ၍မရှိဘဲ တစ်ချိန်တွင် အကတစ်မျိုး အခြားတစ်ချိန်တွင်လည်း အကတစ်မျိုးစီ တစ်ပုံစီပြောင်းလဲ၍ ကလေသမျှမှာလည်း ကြည့်၍မညည်း အချိုးအစားကျလှပနေသည်ချည်းသာ ဖြစ်နေလေတော့သည်။

အချို့အငြိမ့်မင်းသမီးများသည် တစ်ညတွင်သာကြည့်ရ၍ နောက်နေ့တွင်လည်း ဤကကြိုးကကွက်သာဖြစ်၍ ရိုးပြီး ပျင်းစရာကောင်းနေသည်။ ထို့ကြောင့်ပင် ထိုခေတ်ထိုကာလက ဒေါ်ဩဘာသောင်းအား အကဘုရင်မကြီးတစ်ဆူအဖြစ် အသိအမှတ်ပြုကြရခြင်း ဖြစ်လေသည်။ ဩဘာသောင်း(ခ) မသောင်းတင်သည် သွက်လက်ဖျတ်လတ်မှုတွင် ရှာမှရှားဆိုလောက်ပါပေသည်။ တကယ်တော့ ဩဘာသောင်းသည် ရုပ်ရည်မချော၊ အသားကညို၊ အသံကပြာလျက် နှာသံပါသေးသည်။ ကိုယ်လုံးကိုယ်ပေါက်က ကြည့်ကောင်းသည်ဟု မဆိုသာပေ။

သို့ရာတွင် အကတွင် သွက်လက်ဖျတ်လတ်လျက် ဆေးစက်ကျရာအရုပ်ဖြစ်ဆိုသကဲ့သို့ တခ်ဏ်ပုပ္ပတ္တိဉာဏ်စွမ်းဖြင့် ကပြနိုင်ခြင်း၊ အကမထပ်စေခြင်း၊ ကလိုက်သည့်အခါ ကိုယ်၊ လက်၊ ဦးခေါင်း ကိုယ်နေကိုယ်ဟန်ထားအားလုံး စုစုပေါင်းပြေပြစ်၏။ အချိုးအစား ပြေပြစ်လှပခြင်းတို့ကြောင့် ပွဲကြည့်ပရိသတ်အပေါင်းသည် ညပေါင်းများစွာ ဆက်ကာဆက်ကာ ရှုစားကြစေပေမယ့်မငြီးငွေ့မရောင့်ရဲ ကြည့်၍အားမရလျက်ပင်ဖြစ်အောင် ကပြနိုင်သည်ဖြစ်ရကား ဒေါ်ဩဘာသောင်း၏ အကအနုပညာမှာ ထူးထူးခြားခြား လေ့လာစံပြု ချီးကျူးထိုက်ပေသည်။ တကယ်တော့ ဒေါ်ဩဘာသောင်းသည် နာမည်ကြီး မထွေးလေး၏ အကအနုပညာကို ရလိုက်သောသူဖြစ်သည်။ ဒေါ်အမာ၏စာအုပ်တွင် မထွေးလေးသည် မင်းသမီးဆိုတာ မထွေးလေးတို့မှ တကယ့်မင်းသမီးပီပေတာကလားဟူ၍ မထွေးလေးကို သိမီလိုက်သည့် သဘင်ပညာသည်တိုင်းက ချီးကျူးရသော မထွေးလေးဟု အဆိုပြုပါသည်။ မထွေးလေးသည် မင်းသမီးတစ်ယောက်အနေဖြင့် စွယ်စုံတော်သူဖြစ်ပေသည်။ သဘင်ပညာသည်တစ်ဦးကျော်သည်ဆိုလျှင် တစ်ခုကောင်းရှိကြပါသည်။ မထွေးလေးတို့ကျော်ကြားခြင်းမှာ တစ်ခုမက စွမ်းသည့်အရည်အသွေးရှိသောကြောင့် ဖြစ်သည်။ မထွေးလေးအက၊ မထွေးလေးဟန်အမူအရာ၊ မထွေးလေးဇာတ်စီးပုံမျိုးကားယနေ့တိုင် သူ့ကိုမီသူ မပေါ်သေး။ နောင်လည်း ပေါ်ဖို့မလွယ်ဟူ၍ သဘင်ရည်ဝသူတိုင်းက ဝန်ခံခဲ့ကြသည်။

မြန်မာအမျိုးသမီးစာစောင်တွင် မထွေးလေးမျိုးရိုးဇာတိမှာ ဘိုးတော်ဘုရားလက်ထက် မင်းသားကြီးသီဟနှင့် နှမတော်စပ်သည့် ကြင်ရာတော်မမကြီးတို့မှ ၁၂၂၆ ခုနှစ်တွင် ကျောက်ဆည်ခရိုင် အိုးထုတ်ကုန်းရွာ၌ ဖွားမြင်ခဲ့ကြောင်း မထွေးလေးလျှုခဲ့သော လောကတန်ဆောင်ဘုရား၏ ကျောက်စာသံပိုင်းလက်ာ၌ ရေးထိုးထားသည်မှာ အောင်မြင်အမရ၊ တည်ဖန်သာတည့်၊ မင်းများဥက္ကာဋ္ဌ၊ ဘိုးတော်နတ်၏၊ မြေးမြတ်သက၊ မင်းသီဟနှင့်၊ နှမအိမ်ရှင်၊ ဝတ်ငါးအင်ဖြင့်၊ ကြင်စလျာနီး၊ မမကြီးတို့၊ မညီးရင်သွေး၊ ဂုဏ်ပြန့်မွှေးယား၊ ခင်ထွေးမည်ရ၊ ကျောင်းအမလျှင်" ဟူ၍ ရှိခဲ့သည်။ ကျောက်စာအရ သူ၏မျိုးရိုးဇာတိကို သိရသည်။ ၁၂ နှစ်သမီးကပင် သီပေါနန်း၌ စုဖုရားကြီး၊ စုဖုရားလတ်တို့ထံ ၌ အပျိုတော်အဖြစ်ခစားခဲ့သည်ဟု သိရသည်။ မြန်မာအကပညာကို ဉာဏ်ဖြင့်တီထွင်ဖန်တီးနိုင်သော ရှေးမင်းသမီးကြီးများအနက် ရုပ်လည်းချော၊ ကိုယ်နေဟန်ထား နွဲ့နှောင်းပြေပြစ်လှသော လှလွန်းသဖြင့် မင်းသမီးအကဲပါလွန်းခြင်း 'မှင်' ဗျာပါကြွာအလွန်ကောင်းသည် စသောဂုဏ်ပုဒ်များနှင့် စွယ်စုံရမင်းသမီးကြီးသည် တစ်ခေတ်တွင် တစ်ယောက်သာ ထွန်းသည်ဟု ဆိုစမှတ်ပြုကြသည်။

မထွေးလေး၏ ကိန္နရာအက၊ ထဘီအနားခတ်အက ကြည့်မငြီးပေဟု ဆိုပါသည်။ သုဓနုဒွေးမယ်နော်ကို များများကတတ်သည်။ မနောဟရီဇာတ်၊ ပဒ္မာစာရီဇာတ်များ၌ အစွမ်းကုန် အလွမ်းသယ်ပြသည်။ မေထွေးလေး၏ ဆရာများမှာ ဆရာပုကြီး၊ ဆရာညိုနှင့် ဆရာစိမ့်တို့ဖြစ်ကြ၍ မထွေးလေးဆိုခဲ့သော မင်္ဂလာရှင်ပြုဗျောသီချင်းကို စိန်ဗေဒါက နောက်မှ မင်္ဂလာဗျောညွှန့်ဟု ဆိုခဲ့ကြောင်း ဦးသော်ဇင်စာအုပ်၌ ညွှန်ပြထားသည်။ မန္တလေးပန်တျာကျောင်း၌ အကနည်းပြနေသည့် ဆရာမကြီးဒေါ်ဩဘာသောင်းမှာ အမေထွေးကို မှီယူအမေထွေးထံ တပည့်ခံနည်းယူ၊ မထွေးလေး၏ ဟန်ကလေးများနှင့် အကကိုကြိုးစားအတုယူ၍ သင်ယူလေ့လာခဲ့သူဖြစ်သည်။ သဘင်ပညာနှင့်ပတ်သက်လျှင် မန္တလေး အနှစ်တစ်ရာသဘင်ခေတ် အကြမ်းအားဖြင့် လေးပိုင်းမျှပိုင်း၍ကြည့်လျှင် မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးနှင့် သားတော်သီပေါမင်းတို့ခေတ်တွင် နန်းတွင်းအိနောင်ဇာတ်၊ ရာမဇာတ်စသည်တို့ကို ကပြသည့် မယင်းတော်တို့၊ ကွမ်းငုံတို့၊ မတင်မိုးတို့၏ခေတ်ကို မန္တလေးပထမသဘင်ခေတ် (သို့မဟုတ်) ရတနာပုံခေတ်ဟု ခေါ်နိုင်ပါသည်။

မထွေးလေးတို့ ဆရာပုတို့ခေတ်ကို မန္တလေးဒုတိယသဘင်ခေတ်ဟု ခေါ်ဆိုကြသည်။ မြခြေကျင်း၊ မငွေမြိုင်တို့၊ လေဘာတီမမြရင်တို့၊ ဒေါ်ဩဘာသောင်းတို့ခေတ်ကို မန္တလေးတတိယခေတ်ဟု မှတ်သားကြရပေမည်။ စစ်ပြီးပန်တျာခေတ်ကို မန္တလေးစတုတ္ထသဘင်ခေတ်ဟု ခေါ်ဆိုမှတ်ကြရပေသည်။ တစ်ခေတ်တွင်တစ်ခါထွန်းဆိုသကဲ့သို့ အကပညာနှင့်ပတ်သက်လျှင် နာမည်ကြီးအကပညာရှင်များ ရှေးကတည်းက ပေါ်ထွန်းခဲ့ပေသည်။ ဥပမာ အကျဉ်းအားဖြင့်ဖော်ပြရလျှင် ဒေါ်ယင်းတော်၊ ဒေါ်ဆင်ခို၊ မထွေးလေး၊ ဒေါ်စိန်ဆင်၊ ဒေါ်စိန်ဆုံ၊ ဒေါ်လေဒီညွှန့်၊ အိန္ဒိယစိန်မှုံ၊ ဒေါ်ဩဘာသောင်း၊ မြခြေကျင်း၊ မငွေမြိုင်၊ ဒေါ်ဗလပြန်-လေဘာတီမမြရင်၊ ဒဂုန်ခင်လှကြည်ယုဝတီဒေါ်ခင်ညွှန့်၊ ရွှေလိပ်ပြာမအေးကြည်၊ ကောလိပ်မြိုင်ရွှေနှင်းဆီ၊ ဖက်ရှင်မအောင်ငွေ၊ ဂီတမယ်လှလေးစိန်၊ ကောလိပ်စိန်(ခ)မမြလွင်နှင့် အခြားနာမည်သိပ်မကြီးသော အကပညာရှင်များ ဖြစ်ကြလေသည်။

အကအနုပညာနှင့်ပတ်သက်လျှင် အပျိုတော်ခန်းကို မေ့ထား၍မရပေ။ ပညာပါသော မြန်မာ့ကိုယ်ပိုင်သဘင်သည် လေးစားစရာအလွန်ကောင်းပါသည်။ လောကနတ်တီးချက်များတွင် အပျိုတော်က 'ပလို့' ကများကို ကကြသည်။ ထိုအချက်ကို အပျိုတော် ၁၂ ခန်းဟု အချို့ကခေါ်ကြသည်။ ပလို့ ၁၂ ခန်းဟုလည်းခေါ်သည်။ ပလို့ကဟုခေါ်ရခြင်းမှာ ဆိုင်းက 'ပလို့ဂို၊ ပလို့ဂို' ဟု တီးပေးသဖြင့် ပလို့ကဟု ခေါ်သည်ဟုထင်ပါသည်။ အပျိုတော် ၁၂ ခန်းခေါ်သော တစ်ချက်တည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဝိဏာပတိ=ကျော၊ လက်ပြင်၊ လက်မောင်းတို့ကို လှုပ်၍ကပြခြင်း။

၂။ ဝိလာဝတီ=ငြိမ့်ငြိမ့်ညောင်းညောင်း ရွှေ့ပြောင်း၍ ခြေကိုမကြွဘဲ ကပြခြင်း။

၃။ ဝိလစ္စတို့=ဆတ်ခနဲနောက်သို့ဆုတ်၍ ကပြခြင်း။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၁၈၆)၊ မြေကွက်တည်နေရာအမှတ်-၁၁၈၆၊ ဗိုလ်ဥတ္တမလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် (ဦးမြင့်ဝင်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဝင်း (Q/RGN-၀၁၀၉၅၈)ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် ၆-၁-၂၀၁၀အရ ဦးသန်းထိုက်[၉/မထလ(နိုင်)၁၈၀၀၀၀]က ပေ(၂၀×၆၀)ကိုလည်းကောင်း အရောင်းအဝယ်အရပ်ကတိစာချုပ် ၆-၁-၉၉အရ ဒေါ်စောစန္ဒာဦး[၁၂/ဒလန(နိုင်)၀၃၄၀၂၀]က ပေ(၂၀×၆၀)ကိုလည်းကောင်း၊ ဝယ်ယူထားကြောင်း တင်ပြ၍ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာနှင့် ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ ဂရန်သစ် လျှောက်ထားရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဦးကျော်ဓေယျ**
**အိမ်ခြံမြေဆိုင်ရာဥပဒေ ပြဿနာများ**
**ထွက်ပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅**

“ရွှေ့ (သင်း)” ရုံးချုပ်မှ ရောင်းမည်/ ငှါးမည်

| | | | | |
|---|---|---|---|---|
| ၁။ ပုလဲ Condo | (1780Sqft) | Lift | M1,B2,A/C4,ပြင်ပြီး | 3250L |
| ၂။ ရွှေအင်ကြင်းရိပ်မွန် | (2350Sqft) | 1/F | M1,B2,ပြင်ပြီး,A/C4 | 3200L |
| ၃။ မင်းဓမ္မအိမ်ရာ | (1280Sqft) | 1/F | M1,B2,ပြင်ပြီး,A/C2 | 2500L |
| ၄။ ကံရိပ်မွန် Condo | (1350Sqft) | Lift | M1,B2,ပြင်ပြီး,A/C2 | 2350L |
| ၅။ ရန်နိုင် Condo | (1875Sqft) | Lift | M2,B1,တိုက်သစ် | 2100L |
| ၆။ ကမရွတ်ဗဟိုလမ်းမ | (25x55) | G/F | Hall,သစ်(ဆိုင်ကောင်း) | 2700L |
| ၇။ မရကကမ္ဘာအေးဘုရားနီး | (25x60) | 1/F | B2,ပြင်ပြီး,∠ခန်း,သစ် | 1350L |
| ၈။ ကြည့်မြင်တိုင်လမ်းသန့် | (12½x50) | G/F | Hall,H-13' | 1050L |
| ၉။ ပါရမီအိမ်ရာ | (15x50) | 2/F | B1,ပြင်ပြီး.A/C,Ph | 600L |
| ၁၀။ ဝေဇယန္တာလမ်းမ | (13½x55) | 3/F | B2,ပြင်ပြီး | 540L |
| ၁၁။ ပုလဲ Condo | (1300Sqft) | Lift | M1,B2,A/C,F.F.Inter | 18.5L |
| ၁၂။ အနော်ရထာ Condo | (1550Sqft) | Lift | M1,B2,ပြင်ပြီး | 14L |
| ၁၃။ High Way Complex | (1375Sqft) | 1/F | M1,B2,A/C2,Ph,ပြင်ပြီး | 12L |
| ၁၄။ မြန်မာ့ဂုဏ်ရောင် Condo | (800Sqft) | Lift | M1,B1,A/C3,ပြင်ပြီး | 9.3L |
| ၁၅။ လှိုင်အင်းစိန်လမ်းမ | (17x50) | G/F | Hall,H-12',(ဆိုင်ကောင်း) | 15L |
| ၁၆။ ပန်းဘဲတန်းလမ်းသန့် | (25x50) | Lift | M1,B2,A/C,ပြင်ပြီး | 7L |

☎ - 510 600, 510 950, 09 5012951, 09 5185539

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အမှတ်(၇၁၄)နေ ဦးရှိန်လင်း [၁၂/ဗဟန (နိုင်)၀၃၂၉၂၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးရှိန်လင်း (တရားရှုံး) ကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ တရားမကြီးမှုအမှတ် ၁၀၄/၁၄ (၂၆-၈-၂၀၁၄)နှင့် တရားမဇာရီမှုအမှတ် (၉၃/၂၀၁၄) (၅-၉-၂၀၁၄) တို့ တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဘီ)၊မြေကွက်အမှတ်(၁၅)၊မြေကွက်တည်နေရာအမှတ်(၁၂)၊ချွန်း(၂)လမ်း၊ဗိုလ်သိမ်းညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအေးမောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်စိန် (၁၂/မဂတ(နိုင်)၀၅၂၈၈၇)မှ ရုံးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် (၉၇၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၇၂/ခ)၊ မြဝတီမင်းကြီး (၃)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြောက် (ဦးစိုးဝင်း) အမည်ပေါက် ပါမစ်မြေ အား အမည် ပေါက် ဦးစိုးဝင်း ကွယ်လွန် သဖြင့် ဦးမူနရွှေ့(၁၂/သလန(နိုင်) ၀၀၀၇၂၀) က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်နှင့် တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက် အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ် (၇)၊ မြေကွက်တည်နေရာအမှတ်-၇(က+ခ)၊ ဘုရင့်နောင်လမ်း၊ (၃၃/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးစောအောင်ခိုင်ဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစောအောင်ခိုင်ဝင်းကိုယ်စား ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၉၁/၂၀၁၄) ဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေး စေလိုမှု၏ ၂၁-၈-၂၀၁၄ ရက်စွဲပါ စီရင်ချက် နှင့် ဒီကရီတရားမဇာရီမှုအမှတ် (၅၄/ ၂၀၁၄တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မြောင်မြို့အတွင်းရှိ လူကူးချောင်းတံတား အသစ်ပြန်လည်တည်ဆောက်မည်

**မြောင်၊ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကျောက်ရစ်-သရက်သာ ကျေးရွာချင်း ဆက်လမ်းမပေါ်ရှိ လူကူးချောင်းတံတားအား အလျား ၁၄၆ ပေ၊ အကျယ် ၁၀ ပေ၊ ကွန်ကရစ်တိုင်သံပေါင်များဖြင့် အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ပြီး တံတားချဉ်းကပ်လမ်း တစ်ဖက်လျှင် ၄၀ ပေနှင့် စုစုပေါင်း အရှည် ၂၂၆ ပေကို ယခုနှစ် ပွင့်လင်းရာသီအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားတည်ဆောက်ရန် စုစုပေါင်းကုန်ကျငွေ ကျပ် ၃၆၅ သိန်းကုန်ကျမည်ဟုခန့်မှန်းထားပြီး အလှူရှင်များဖြစ်ကြသောမန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့ မေတ္တာစွမ်းရည်ဆရာတော် အရှင်စန္ဒိမာနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက မတည်လှူဒါန်း၍ တံတားဆောက်လုပ်ရေးကော်မတီနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တံတားအတွက် ကွန်ကရစ်တိုင်တွေ စိုက်ထူပြီးနေပါပြီ။ ဆက်လက်ပြီးဆောင်ရွက်ဖို့အတွက် အလှူငွေကျပ်သိန်း ၂၅၀ ကို ဆရာတော်အရှင်စန္ဒိမာနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အောက်တိုဘာ ၈ ရက်က တံတားဆောက်လုပ်ရေးကော်မတီကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ဒီတံတားဟာ ကျွန်တော်တို့ သရက်သာကျေးရွာသာမက မြို့နယ်အတွင်းက ကျေးရွာတော်တော်များများ အသုံးပြုနေတာပါ။ ယခင်တံတားက သစ်သားတံတားဖြစ်ပြီး ကျဉ်းမြောင်းတာကြောင့် ယာဉ်နှင့်ကုန်တွေ ဖြတ်ကူးလို့မရပါဘူး။ ဒီနေရာမှာ တစ်ဆင့်ကဲ့ပြီးမှ သယ်ရတာပါ။ ဒါကြောင့် တံတားအသစ်ဆောက်လုပ်ခြင်းအားဖြင့် ကျွန်းထဲကျေးရွာတွေက ထွက်ရှိတဲ့ သီးနှံတွေကို ကားနဲ့တင်ပြီး ပွဲရုံတွေဆီကို သီးနှံတွေ ရောင်းချနိုင်တော့မှာဖြစ်လို့ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တံတားဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးကပြောသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်နယ်မြေရှိ GS တာဝါတိုင်အနီး ထရန်စဖော်မာနေရာတွင် ချုံနွယ်များဖြင့် အုပ်ဆိုင်းနေပြီး တည်ဆောက်ထားသောနေရာမှာလည်း လူများသွားလာရာလမ်းဘေးဖြစ်ရာ လျှပ်စစ်အန္တရာယ်နှင့် ပိုးမွှားအန္တရာယ်များကိုလည်း စိုးရိမ်ရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့်လည်း နီးကပ်နေပြီး ဌာနဆိုင်ရာအကြီးအကဲများ မကြာခဏလာကြပါသည်။ သို့သော် ယခုတိုင် ထရန်စဖော်မာတွင် တွယ်ကပ်ပေါက်ရောက်နေသောချုံနွယ်များကို ရှင်းလင်းဖယ်ရှားခြင်းမရှိသောကြောင့် ဒေသခံပြည်သူများအတွက် အန္တရာယ်ရှိနေ၍ အမြန်ဆုံးရှင်းလင်းပေးစေလိုကြောင်း တာပွန်ဒေသခံများက ပြောသည်။

သတင်းနှင့် ဓာတ်ပုံ - (၀၇၁)

# လက်ပံချောင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပြီးစီး

**ပခုက္ကူ၊ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မြို့စိုးကျေးရွာအုပ်စု၊ လက်ပံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သဒ္ဓမ္မဇ္ဇောတိကာရိပ်မွန်တော်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး (ကမ္ဘ-မြစ်ခြေ) တာဝန်ခံ ဦးသန်းမြင့်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ လက်ပံချောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့စိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နှင့် မြစ်ခြေ (AMDA) စီမံကိန်းညှိနှိုင်းရေးမှူး ဦးမောင်ပိုတို့မှ ဝမ်းမြောက်စကားများ အသီးသီးပြောကြားခဲ့ပြီး လက်ပံချောင်းကျေးရွာအဝင်လမ်းမတွင် တပ်ဆင်ထားသောထရန်စဖော်မာအား တာဝန်ရှိသူများမှ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးရွာ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာက မတည်ငွေကျပ် ၆၇၉ သိန်း၊ မြစ်ခြေ(AMDA)မှ ပံ့ပိုးငွေကျပ် ၇၉ သိန်း စုစုပေါင်း ငွေကျပ် ၇၅၈ သိန်းဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကာလတန်ဖိုး ၇၅ သိန်းတန်ဖိုးရှိ KVA 315 ထရန်စဖော်မာတစ်လုံး တပ်ဆင်၍ ကျေးလက်ဒေသနေ ပြည်သူများ လျှပ်စစ်မီးသုံးစွဲခွင့်ရရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ဇေယျာတု(မကွေး)**

# အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း ဆင့်ပွားသင်တန်းဆင်း

**ဒီပဲယင်း၊ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့ အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲခြင်းဆင့်ပွားသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၂ ရက်ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သင်တန်းသို့ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ခဲ့သည်။

"ယခုလို သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်နိုင်ရေးအတွက် ပြည်သူများပါဝင်သော အားလုံးအကျုံးဝင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေမှ စီမံကိန်းရေးဆွဲရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"ဟု သင်တန်းနည်းပြဆရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မိုးလွင်က ပြောကြားခဲ့သည်။

**သိန်းထွန်း(ပြန်/ဆက်)**

# သာသနာနုဂ္ဂဟအသင်း(ပထမအကြိမ်) ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာ ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန်၊ အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး (အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ဦးစီးကျင်းပသော (ပထမအကြိမ်) ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာရွတ်ဆိုပူဇော်ပြိုင်ပွဲ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်ခြင်းကို အောက်တိုဘာ ၁၄ ရက် ညနေ ၄ နာရီက (၈၉) ရပ်ကွက် ပဏ္ဍိတာရာမဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာပေါင်းစုံမှ ဦးစီးအရာရှိများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်ရွတ်ဆိုပူဇော်ပြိုင်ပွဲဝင်ခဲ့သည့် ရပ်ကွက်ကျေးရွာအလိုက် ၁၅ သင်းမှ ဝတ်အသင်းသူ၊အသင်းသားများ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့တက်ရောက်လာသူများမှ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ကန်တော့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာ နာကြားခဲ့ကြောင်းသိရသည်။

၎င်းနောက် ရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ၉၄ ရပ်ကွက် ဓမ္မပါလဝတ်အသင်းမှ အသက်အငယ်ဆုံး ပူဇော်ဝတ်ပြုခဲ့သည့် မယမင်းဖြူ ၇ နှစ်အားလည်းကောင်း၊ ဘက်စုံထူးချွန်ဆုရ ၈၉ ရပ်ကွက် ပုညဝဍ္ဎန(ခ)အသင်းအားလည်းကောင်း၊ အရှေ့ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးတင်ရှိန်က ပူဇော်ဆုအသီးသီးကို ချီးမြှင့်ခဲ့သည်။

၎င်းနောက် မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအေးပိုင်၊ သက်ဆိုင်ရာတာဝန်ရှိကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာအရာရှိတို့က ရွတ်ဖတ်ပူဇော်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ဝတ်အသင်းအလိုက် ဂုဏ်ပြုလက်မှတ် နှင့် ဂုဏ်ပြုပူဇော်ဆုများကို အသီးသီးချီးမြှင့်ခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ပူဇော်ကန်တော့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဦးကျင်မောင်**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၅၆၆)၊ အကျယ်အဝန်းပေ(၄၀×၆၀)ဂရန်မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ ပေ(၂၃×၆၀) မြေကွက်အမှတ်-၅၆၆၊ ခေါင်းရင်းခြမ်း၊ မြတ်မင်္ဂလာလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြောက်ဟုခေါ်တွင်သော မြေ၊ ၎င်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဒေါ်စန်းရီထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ဆန်း[၉/ကပတ(နိုင်)၀၃၈၄၄၁]မှ ရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အဆိုပါမြေ၊ အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်မာဆွေ(B.A,HGP,RL)
အထက်တန်းရှေ့နေ(စဉ်-၁၆၄၂၀)
အခန်း-၅၊ တိုက်-၃၅၊ ဝေဠုဝန်ဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၄၅၇၂၇၊ ၀၉-၂၅၄၃၈၁၈၀၃

## ညောင်နှစ်ပင် အထူးဇုန်(၁)၊ လုပ်ငန်းရှင်များသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ ဝက်၊ ငါးမွေးမြူရေးအထူးဇုန်(၁)အတွင်း ဒုတိယအကြိမ် ကွန်ကရစ်လမ်းခင်းရန် မြေကွက်ပိုင်ရှင်များက အောက်ဖော်ပြပါ မြေကွက်အမျိုးအစားအလိုက် ကျသင့်ငွေများကို ၁၅-၁၀-၂၀၁၄ ရက်မှ ၃၀-၁၁-၂၀၁၄ ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။ (၁)စိုက်ပျိုးရေးကွက် ၁-ယူနစ်(၃)သိန်း၊ (၂)မွေးမြူရေးကွက် ၁-ယူနစ် (၆)သိန်း၊ (၃)ပေးသွင်းရမည့်ဘဏ် ကမ္ဘာ့ရတနာဘဏ်ခွဲ၊ မှော်ဘီမြို့၊ (၄)ပေးသွင်းရမည့် ငွေစာရင်းအမှတ်-T3၊ ဦးကျော်သန်းသို့ ပေးသွင်းရန်၊ (၅)ငွေပေးသွင်းရာတွင် မိမိတို့၏မြေကွက်အမှတ်များကို ရှေ့ပြေး-A-B-C အပြည့်အစုံကို ငွေပေးချလန်တွင် ရေးမှတ်လျက် ဤဇုန်ကော်မတီသို့ မိတ္တူပေးပို့ပါရန်။

မှတ်ချက်။ အထူးဇုန်(၁)အတွင်း လမ်းအလိုက်ငွေအင်အားထည့်ဝင်မှုအပေါ် မူတည်ပြီး ဦးစားပေး ကွန်ကရစ်လမ်းဖော်ဆောင်မည်ဖြစ်ပါ၍ သတ်မှတ်ရက်အတွင်း အမြန်ပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဦးကျော်သန်း(ဥက္ကဋ္ဌ)

စီမံခန့်ခွဲရေးကော်မတီ၊ အထူးဇုန်(၁)၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့၊ ဖုန်း-၀၉-၅၀၂၄၂၇၅

## Arrow Lane Travel & Tours မှ MD. ဒေါ်အမီနာ–ဦးရောနီ(ခ)ဦးခင်မောင်အေးနှင့်တကွ အများသိစေရန်ကြေညာခြင်း

Yangon Rainbow Travel & Tours ကုမ္ပဏီအား ကျွန်ုပ်၏မိတ်ဆွေ ဦးဘလွင်မှာ ၂၃-၂-၂၀၁၄ ရက်တွင် တရားဝင်မှတ်ပုံတင်ပြုလုပ်၍ ကုမ္ပဏီဖွင့်လှစ်ခဲ့ရာ ယခုနှစ် ဟဂ်ျခရီးစဉ်ကာလအတွက် ဗီဇာမရရှိသေးသဖြင့် မိတ်ဆွေဖြစ်သူ ဦးရောနီမှ ပြုလုပ်ပေးမည်ဟုပြော၍ တစ်ဦးလျှင် US 3250 နှင့် Passport များ ယူဆောင်သွားခဲ့သော်လည်း ယနေ့တိုင် ကတိအတိုင်း ပြုလုပ်ပေးခဲ့ခြင်းမရှိပေ။

သို့သော် Yangon Rainbow Travel & Tours Company မှ တာဝန်ယူဆောင်ရွက်ပေးခဲ့သော ခရီးသည်(၄၄)ဦးအတွက် ယခုအခါ ခရီးသည်(၂၇)ဦးအတွက် ထိုက်သင့်သည့် ပေးလျော်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ကျန်ခရီးသည် (၁၇)ဦး အတွက်လည်း ဟာဂျီကိုမင်းသိန်း ဟဂ်ျခရီးစဉ်မှ ပြန်လာသည့်အခါတွင် ဆွေးနွေး တိုင်ပင်၍ တတ်နိုင်သမျှ ပေးလျော်မှုများ ထပ်မံပြုလုပ်ပေးမည်ဖြစ်ပါသည်။

သို့ပါ၍ Yangon Rainbow Travel & Tours Company မှ ကျန်ရှိခရီးသည် (၁၇)ဦးမှအပ မည်သူတစ်ဦးတစ်ယောက်၏ ကိစ္စကိုမှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း Company ၏ MDဖြစ်သူ ဦးဘလွင်မှာလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ လက်ခံတွေ့ဆုံ၍ ညှိနှိုင်းမှုများ ပြုလုပ်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းစုအောင်(စဉ်-၃၁၇၇၈) အထက်တန်းရှေ့နေ(LL.B, D.I.L)
အမှတ်(၁၆၁/S)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉-၇၃၂၂၇၆၃၆၊ ၀၉-၂၅၄၃၈၁၈၂၇

## ပျောက်ဆုံးခြင်း

ဘဒ္ဒန္တဦးသုမင်္ဂလ၏ Passport MA 561096 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်။

ဖုန်း-၀၉-၄၂၁၇၆၆၉၈၈

## ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၆၀၇) မြေကွက်နှင့်ပတ်သက်၍ ၅-၉-၂၀၁၄ ရက် ကြေးမုံသတင်းစာ၊ အချပ်ပို၊ စာမျက်နှာ(၈)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးမျိုးညွန့်ဝင်း၊ ဒေါ်ခင်အေးသန်း၊ အထက်တန်းရှေ့နေများဖြစ်ကြသော ဦးအေးလွင်၊ ဒေါ်ထွေးထွေးခိုင်တို့၏ကန့်ကွက်နိုင်ပါသည် ကြေညာချက်အား ကန့်ကွက်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်မ ဒေါ်အိန်းဟွေ (ဘ)ဦးဂျင်ဟုံ [၁၃/လရန(နိုင်)၁၀၆၃၁၃]သည် မြေကွက်အမည်ပေါက် ဒေါ်အလစ်စံဘက် (ဘ) ဦးကံစံထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ရောက် တရားဝင် ပိုင်ဆိုင်ထားပါသည်။ ထို့ပြင် အဆိုပါမြေကွက်၏ နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ မူလပိုင်ရှင်၏ အထူးကိုယ်စားလှယ်လွှဲစာကိုလည်း လက်ဝယ်ရှိနေပါကြောင်းနှင့် အထက်ဖော်ပြပါ ၅-၉-၂၀၁၄ ရက်၊ ကြေးမုံသတင်းစာ အချပ်ပို(၈) တွင် ပါရှိသော ကန့်ကွက်နိုင်ပါသည် ကြေညာချက်အား ကန့်ကွက်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိန်းဟွေ[၁၃/လရန(နိုင်)၁၀၆၃၁၃]
အမှတ်-၂၁၁၊ မဟာဘောဂ(၁)လမ်း၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၃၅၅၁၊ ၀၉-၂၅၀၁၇၁၇၈၇

# ကျေးရွာ ၅၂ ရွာ လျှပ်စစ်မီးလင်းစေနိုင်မည့် ဓာတ်အားလိုင်းတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မလှိုင်၊ အောက်တိုဘာ ၁၆**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၂ ရွာ လျှပ်စစ်မီးလင်းနိုင်မည့် မလှိုင်-ကျပ်ဆည် မြေပြင်ဓာတ်အားလိုင်းတည်ဆောက်နေမှုအား အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးဝင်းနှင့် ဝန်ထမ်းများပါဝင်သည့်အဖွဲ့မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မလှိုင်-ကျပ်ဆည် ဓာတ်အားလိုင်းသည် ၃၃ / ၁၁ ကေဗွီလိုင်းဖြစ်ပြီး ကျောက်တန်းကျေးရွာအုပ်စုနှင့် ဆည်တို ကျေးရွာအကြားတည်ရှိသည့် ကျပ်ဆည်ကျေးရွာတွင် တည်ဆောက်မည့် ၃၃ / ၁၁ ကေဗွီ (၃) အမ်ဗွီအေ ဓာတ်အားခွဲရုံသစ်သို့ ဓာတ်အားပို့လွှတ်မည်ဖြစ်သည်။

၎င်းဓာတ်အားလိုင်းသည် မြင်းခြံ-တောင်သာ-မလှိုင် ၃၃ / ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားကို ကုန်းတဲကျေးရွာအနီးမှ ဓာတ်အားရယူကာ ကျပ်ဆည်ဓာတ်အားခွဲရုံသစ်သို့ သွယ်တန်းတည်ဆောက်ခြင်းဖြစ်ကာ ကွန်ကရစ်တိုင်ပေါင်း ၂၀၀ တိုင်ပါဝင်ပြီး လမ်းမိုင် ၇ မိုင်ခန့်ရှိသည်။ မလှိုင်-ကျပ်ဆည် ဓာတ်အားလိုင်းနှင့် ကျပ်ဆည်ဓာတ်အားခွဲရုံမှတစ်ဆင့် ဆည်တိုကျေးရွာသို့ ၁၁ ကေဗွီအေ ဖီဒါတစ်ခု၊ ကျောက်တန်းကျေးရွာသို့ ၁၁ ကေဗွီအေ ဖီဒါတစ်ခု စုစုပေါင်း ဖီဒါနှစ်ခု ခွဲထွက်သွယ်တန်းကာ ဓာတ်အားပို့လွှတ်ခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျပ်ဆည်ဓာတ်အားခွဲရုံသစ် တည်ဆောက်ပြီးစီးပါက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများဖြစ်သည့် ကျပ်ဆည်၊ ကျောက်တန်း၊ ဆည်တို၊ ယာကြီးကုန်း၊ လယ်ပျား၊ အုပ်ကြီး၊ ဒဟတ္တန်း၊ ကံတွင်းတို့တွင်ပါဝင်သည့် ကျေးရွာ ၅၂ ရွာ လျှပ်စစ်မီးရရှိမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်မှ ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာများ လျှပ်စစ်မီးရရှိရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် မလှိုင်-ကျပ်ဆည် ဓာတ်အားလိုင်းနှင့် ၃၃/၁၁ ကေဗွီ (၃) အမ်ဗွီအေ ကျပ်ဆည်ဓာတ်အားခွဲရုံသစ် တည်ဆောက်ပြီးစီးပါက မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၂ ရွာတွင်နေထိုင်သည့် ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိကာ ၎င်းတို့၏လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

## သာယာဝတီခရိုင် နတ်တလင်းမြို့တွင် ဆိုင်ကယ်စီး ဦးထုပ်များ ဖြန့်ဝေ၍ ပညာပေးဟောပြော



**နတ်တလင်း၊ အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်းရေးကော်မတီမှ ဆိုင်ကယ်ဦးထုပ်မဆောင်းသူ ၂၀ ဦးအား ဦးထုပ်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ မြို့မရဲစခန်းမှူး ရဲအုပ်လှသန်းနိုင်မှ "ဆိုင်ကယ်စီးသူများ ဦးထုပ်မဆောင်းခြင်းကြောင့် မတော်တဆဖြစ်မှုများတွင် ထိခိုက်ဒဏ်ရာရခြင်း၊ နောက်ဆုံးသေဆုံးသည်အထိ ဖြစ်ပွားနေကြတာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို အထူးလိုက်နာကြပါရန်နှင့် ရှေ့ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ တစ်ဆင့်စကားတစ်ဆင့် ပြောကြားပေးကြပါ" ဟု အကျယ်တဝင့်ပြောပြီး ဆိုင်ကယ်စီးဦးထုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဝ၇၁)**

# ကသာမြို့နယ် ကလုံကျေးရွာတွင် မေတ္တာမီးအိမ်စာကြည့်တိုက် ဖွင့်လှစ်

**ကသာ၊ အောက်တိုဘာ ၁၆**

ကသာမြို့နယ်၊ ကလုံကျေးရွာ ၊ မေတ္တာမီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်သည့် အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအဆောက်အအုံသစ်အား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးချီမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကလုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားများပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံရယူခဲ့သည်။ ကလုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချိုအေးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ကလုံကျေးရွာ၊ မေတ္တာမီးအိမ်စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရှာဖွေသည့်ရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀ ၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းစာကြည့်တိုက် ဆောက်အအုံမှာ အလျား ၂၀ ပေ၊ အနံ ၁၈ ပေ၊ အောက်ထပ် အုပ်ညှပ် ၊ သမံတလင်းခင်း၊ (အပေါ်ထပ် ) ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအဆောက်အအုံဖြစ်ပြီး သုတရသစာအုပ် စုစုပေါင်း ၇၂၃ အုပ်၊စာအုပ်စင်၊ စာကြည့်စားပွဲ၊ ခုံတန်းရှည်တို့ ပြည့်စုံစွာပါရှိသည်။

ကသာခရိုင်၊ ကသာမြို့နယ်၊ ကလုံကျေးရွာတွင် မေတ္တာမီးအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်သည့်အတွက် ကျေးရွာနေပြည်သူများ အနှစ်နှစ်အလလက မျှော်လင့်ခဲ့သည့် ရည်မှန်းချက်များ ပြည့်ဝပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြောက်ဥက္ကလာ ‘က’ ရပ်ကွက် အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နှင့် တန်ဆောင်တိုင်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ‘က’ ရပ်ကွက် တန်ဆောင်တိုင်ပွဲတော်အား မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ လမ်းအလိုက် မုခ်ဦးမဏ္ဍပ်များထိုး၍ စတုဒိသာကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းဖြင့် အထူးစည်ကားလှပြီး ယခုနှစ်တန်ဆောင်တိုင်ပွဲတော်ကိုလည်း ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ရပ်ကွက်လုံးဆိုင်ရာ လူထုမြတ်ပဋ္ဌာန်းဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူး၍ အကြိမ် (၅၀) မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး သံဃာတော်အပါး ၁၀၀ နှင့် သီလရှင် ၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို လမ်းအလိုက် လောင်းလှူကြမည်ဖြစ်သည်။ ညဘက်တွင်လည်း ပျော်ပွဲရွှင်ပွဲအဖြစ် လူရွှင်တော် ဝက်မ၊ လန်ဒန်တို့အဖွဲ့ဖြင့် ဧည့်ခံဖျော်ဖြေသွားရန် စီစဉ်ထားကြောင်း သိရသည်။

**တင့်လွင်(မြောက်ဥက္ကလာ)**

# မြောက်ဥက္ကလာပမြို့နယ် စက္ကဝတ်လမ်းမကြီး ကွန်ကရစ်ခင်းပြီး၍ ပြည်သူများ သွားရေးလာအဆင်ပြေ

**ရန်ကုန်၊ အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ‘က’ ရပ်ကွက်နှင့် ‘ဈ’ ရပ်ကွက်ကိုဆက်သွယ်ထားသော အရှည်ပေ ၁၁၀၀၊ အကျယ် ၂၆ ပေရှိ ကွန်ကရစ်လမ်းမကြီးမှာ နှစ်ပေါင်းများစွာ ပျက်စီးခဲ့ရာ လွန်ခဲ့သော ၂၀၁၄ ခုနှစ် မတ်လမှစ၍ ‘ဈ’ ရပ်ကွက်မှ ကွန်ကရစ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များက ကြိုးစားဆောင်ရွက်ခဲ့ကြရာ အောက်တိုဘာ ၁၁ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းအား လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့အနေဖြင့် နိုင်ငံတော်မှပံ့ပိုးငွေအပါအဝင် ရပ်ကွက်စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ခုနစ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**တင့်လွင်(မြောက်ဥက္ကလာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၂၈၃½+ ၁၂၈၄)၊ ဧရိယာ(၀. ၀၉၄) ဧကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်-၁၂၈၃(ခ)၊ ၁၂၈၄၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဦးထိန်ဝင်း [၁၂/မရက(နိုင်)၀၁၀၂၇၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈) | ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃) | ဒေါ်ညိုမာ(စဉ်-၃၅၇၇၆) |
|---|---|---|
| **LL.B, LL.M, D.B.L** | **LL.B, DB.L, C.B.M** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် **(G-1)**၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

## CNG . TAXI

ယာဉ်မောင်းအလိုရှိ
(နေ့တစ်ခြမ်း)၊
လှိုင်သာယာ။
ဖုန်း-၀၉-၄၃၀၁၁၉၄၇၊ ၀၉-၄၀၂၆၉၅၃၀၇

## အမြန်ရောင်းမည်

လက်ရှိလုပ်ကိုင်နေသော စားသောက်ကုန်ဖြန့်ဖြူးရေးလုပ်ငန်းအား ရောင်းမည်။
ရင်းနှီးငွေ ကျပ်သိန်း(၁၂၀)ခန့်
လစဉ်ဝင်ငွေ (၅)သိန်းမှ (၆)သိန်းကြား ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၂၃၀၃၂၈၈ (ရုံးချိန်အတွင်း)

## အမွေခံသားဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ဦးရေချမ်း[၁၂/ကမရ(နိုင်)၀၁၃၄၃၉]သည် အဖ ဦးမြင့်သိန်း (ကွယ်လွန်)နှင့် ကျွန်မ ဒေါ်ခင်မေသီတို့၏ ဒုတိယသားဖြစ်ပါသည်။ ၁၆-၃-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်မှာ ပထမသားဖြစ်သူ ဦးအေးချမ်း၏ဆန္ဒအရ အထင်အမြင် လွဲမှားပြီး ကြေညာခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ဦးရေချမ်း၏ ဖြောင့်မတ်မှန်ကန်မှုနှင့် အဖြစ်အပျက်မှန်များကို ကောင်းစွာသိရှိရသဖြင့် အထက်ပါ ကြေညာခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းအပ်ပါသည်။ သားငယ်ဖြစ်သူ ဦးရေချမ်းသည် ကျွန်မအားကောင်းစွာ ပြုစုစောင့်ရှောက်လျက်ရှိပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေခံသား တစ်ဦးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

(ဦးအေးချမ်းနှင့်ဇနီး ဒေါ်မြတ်ထွေးအောင်တို့အား အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အားလည်း ပြန်လည် ရုပ်သိမ်းအပ်ပါသည်။)

| ညွှန်ကြားသူ | ညွှန်ကြားချက်အရ |
|---|---|
| ဒေါက်တာဒေါ်ခင်မေသီ | ဒေါ်နန့်ဖြူပြာမြင့် |
| [၁၂/ကမရ(နိုင်)၀၁၂၆၈၆] | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၀) |
| အမှတ်-၁၃ဘီ၊ ဦးဖိုးသုန်ရိပ်သာ | |
| (၁၀)ရပ်ကွက်၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်။ | |

## ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သံသုမာလမ်း၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အမှတ်-၆၅/၇၀၊ တိုက်ခန်းအမှတ် ၀၁-၀၆ နှင့်ပတ်သက်၍ သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်းရှိ ချမ်းသာဂုဏ်ရောင်ကွန်ဒိုအိမ်ရာ၊ အမှတ်-၆၅/၇၀၊ တိုက်ခန်းအမှတ် -၀၁-၀၆၊ ပထမထပ်တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်သိန်း[၁၂/ဒဂန(နိုင်)၀၂၆၇၆၂]အမည်ပေါက် ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်သိန်း၏ခွင့်ပြုချက် သဘောတူညီချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် အတိအလင်းတားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ငြိမ်းငွေ **B.A(Law) LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁)
အမှတ် ၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၂၃၉၄

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၁၄) ဖွင့်လှစ်

**ဘိုကလေး၊ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းအဖွင့်အမှာစကားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက ပြောကြားပြီး သင်တန်းဆိုင်ရာ စည်းကမ်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းသိန်းက ပြောကြားခဲ့ကြောင်းသိရသည်။

သင်တန်းသားများအနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ဆိုသည့် ရည်မှန်းချက်များဖြင့် လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဒွေးနိုင်(ဘိုကလေး)**

# မြောင်မြို့တွင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်ပြန့်ပွားရေးအသင်း (ပထမ)အကြိမ် စာအောင်ဆုနှင်းပွဲကျင်းပ

**မြောင်၊ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့တွင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်ပြန့်ပွားရေးအသင်း၏ (ပထမ) အကြိမ် စာအောင်ဆုနှင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက မြို့လယ်ရပ်ကွက် သောကြာပတ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီးနောက် နိုင်ငံတော်သံဃနာယက အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဦးဝဏ္ဏိတာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ သြဝါဒခံယူပြီးနောက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်ပြန့်ပွားရေးအသင်းအဖွဲ့ဝင် (မန္တလေးမြို့) ဒေါက်တာဦးသန်းအေးက သင်းတန်းပို့ချရခြင်းနှင့် သင်တန်းသားများက မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှ ဦးစီးကျင်းပသည့် အဘိဓမ္မာစာမေးပွဲသို့ ဖြေဆိုအောင်မြင်ခြင်းကို မြို့နယ်သံဃနယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများထံသို့ လျှောက်ထားတင်ပြခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဘိဓမ္မာစာမေးပွဲ အောင်မြင်သူများအား မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အရှင်သူမြတ်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက စာဖြေအောင် ဂုဏ်ထူးဆောင်လက်မှတ်များကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (သုံးကြိမ်) ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်ကိုကို**

# အားကစားပြိုင်ပွဲများ ကျင်းပရန် မြို့ခံလူငယ်များ လိုလားနေ

**ရေစကြို၊ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့တွင် မြို့နယ်အားကစားကွင်းကြီးကို ၁၉၇၉ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး အားကစားကွင်းကြီး၏အကျယ်မှာ ၁၄ ဒသမ ၆၀၆ ဧကကျယ်ဝန်းပြီး ဘောလုံးပွဲအပါအဝင် အားကစားပြိုင်ပွဲများ လုံးဝမကျင်းပနိုင်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီဖြစ်၍ ဒေသခံလူငယ်များက အားကစားပြိုင်ပွဲများ ကျင်းပပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အားကစားကွင်းကြီးကို မ. ဆ. လ ခေတ်က ဆောက်လုပ်ခဲ့တာပါ။ ကွင်းအကျယ်က ၁၄ ဒသမ ၆၀၆ ဧကကျယ်ပါတယ်။ ကွင်းရဲ့ လေးဘက်လေးတန်ကိုလည်း ၈ ပေမြင့်တဲ့ အုတ်တံတိုင်းကာရံထားပြီး ကွင်းထဲမှာလည်း မီတာ ၄၀၀ ပြေးလမ်းနဲ့ ပွဲကြည့်စင်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ အကျယ်ဆုံးနဲ့ အကြီးဆုံးကွင်းဖြစ်ပါတယ်" ဟု ရှေ့မီနောက်မီအားကစားသမားကြီး တစ်ဦးကပြောသည်။

ယခုအခါ ဘောလုံးအပါအဝင် မြန်မာ့အားကစားလည်း ဦးမော့လာပြီဖြစ်၍ ဒေသခံလူငယ် ဝါသနာရှင်များက ဘောလုံးပွဲအပါအဝင် အားကစားပွဲများ ပြန်လည်ကျင်းပပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဦးတင့်ဆန်းသည် အောက်တိုဘာ ၇ ရက်က ရေစကြိုမြို့နယ် အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး ကျပ်သိန်း ၁၇၆၀ ဖြင့် ၁၂၀ ပေ × ၉၀ ပေ၊ မိုးလုံလေလုံအားကစားရုံတစ်ရုံ ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။ ပြေးလမ်းတွင် သံဆန်ခါကာရံရန်နှင့် ၎င်းအားကစားကွင်းတွင် ရေစက်နှင့် ရေစင်များလည်း လိုအပ်လျက်ရှိသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ဝေဒနာရှင် ၂၄၃ ဦးအား အခမဲ့ဆေးဝါးကုသပေး

**အောင်လံ၊ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အထွေထွေ ရောဂါဝေဒနာရှင် ၂၄၃ ဦးအား အခမဲ့ဆေးဝါးကုသခြင်းလုပ်ငန်းများကို အောင်လံမြို့နယ်၊ မိုးကောင်းကျေးရွာ အလက(ခွဲ) ၌ အောက်တိုဘာ ၁၂ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်၌ အောင်လံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်လွင်နှင့် ဦးခင်ဆွေတို့ လိုက်ပါဆောင်ရွက်ခဲ့ပြီး အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ပြည်လမ်းနေ စေတနာအလှူရှင် ဦးကံထွန်း (UKT) မိသားစုက လိုအပ်သည့် ဆေးဝါးဒါနများ လှူဒါန်းပေးအပ်ခဲ့ကြောင်းသိရသည်။

အောင်လံမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာကိုကိုလေး၊ လက်ထောက်ဆရာဝန် ဒေါက်တာမိုးဟိန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့သည် မိုးကောင်း၊ ရွာပြင်း၊ ရွှေသူဌေး၊ မောက်တင်၊ သီဝ၊ တလုတ်ချောင်း၊ စခန်းကြီး၊ ကြို့ပင်၊ ကြက်ရုံးကြီး၊ ကြက်ရုံးလေး ကျေးရွာ ၁၀ တို့မှ အထွေထွေရောဂါဝေဒနာရှင် ၂၄၃ ဦးအား အခမဲ့ဆေးကုသပေးကာ လိုအပ်သည့်ဆေးဝါးများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



**ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီက ပြည်သူ့ဆေးရုံ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများက တပျော်တပါး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ထိန်လင်းအောင်(ပြန်/ဆက်)


စိုးမိုးတာပေ

လူနေ

ပိုင်ရှင်ကိုယ်တိုင် အမြန် ရောင်းမည်။
NISSAN ATLAS (1.5T)(ဒီဇယ်/MT)
NISSAN ATLAS(03)(2T)( ဒီဇယ် /AT)
TOYOTA DYNA(1.5T)(2T)
MAZDA TITAN DASH (04)(1.5T)
TOYOTA TOYOACE(04,05)(1.5T)
ISUZU ELF (04) (1.5T) ရွှေလေး
ဖုန်း- ၀၉ ၇၃၁၁၅၄၄၅၊ ၀၉ ၅၁၃၃၇၉၂၊ ၀၉ ၅၀၆၃၃၂၅၊

ဝယ်မင်း
(အိမ်/ခြံ/မြေအကျိုးဆောင်)
40'× 50' ထောက်ကြန့် ၃၅၀သိန်း
50'× 180'(ပြည်လမ်းမျော်ဘီ) ၃၅၀၀သိန်း
40'× 50' (RCတထပ်) မှော်ဘီ ၇၅၀သိန်း
30'× 80' မှော်ဘီ ၂၀၀သိန်း
40'× 60' မှော်ဘီ ၁၆၀သိန်း
ပေါက်ဈေးမှန်သည့် အရောင်းများကို အထက်ပါကဲ့သို့ ကြော်ငြာထည့်ပေးသည်။
ph- 09-254081570

အရ SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

ဟိုးဟိုးကျော် ဇော်ဆန်းရွှေ
လတ်ဆတ်သည်
စားကောင်းသည်
ရနံ့မွှေးကြိုင်သည်
အိမ်အရောက်ပို့သည်
ဈေးနှုန်းအထူးသက်သာသည်
"စမ်းသပ်စားသုံးပြီးတော့လိုပါလိမ့်မည်"
Ph:687155,687659,09 517 3737,684965(Ext;1143)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ မြေကွက်အမှတ်-(၁၅၉၄)၊ မြေကွက်တည်နေရာ အမှတ် (၁၅၉၄) (၁၄၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးကျင်သိန်း [NTN-၀၄၃၅၉၆] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျင်သိန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးပိုပို [၁၂/ဥကတ(နိုင်)၁၅၀၃၉၈]မှ ပါမစ် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက် ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့ တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၅)၊ မြေကွက်အမှတ်-(၃၇၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၇၄/ခ)၊ ဘားအံလမ်း၊ လှိုင်သာယာမြို့နယ်၊ (ဦးမြသန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြသန်းထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဝင်းနိုင်[၁၂/လမန(နိုင်)၀၀၂၂၉၅] ဦးတင့်လွင်[၁၂/အစန(နိုင်)၀၆၂၀၃၄]တို့က အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရွက်တစ်ရွက်သာတင်ပြပြီး ရွှေ့ပြောင်းနေထိုင်မည့်သူများ၏ရာဇဝင်အကျဉ်းချုပ် ဓာတ်ပုံ၊ မြေနေရာချထားပေးခြင်းခံရသူများ၏ မိဘိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇/အရှေ့)၊ မြေကွက်အမှတ်-(၈၆) မြေကွက်တည်နေရာအမှတ်(၈၆)၊ ပီတောက်ရွှေဝါလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တီအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တီ(မိခင်) နှင့် ဦးစံရွှေ(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ရွှေကြည် [၁၂/သကတ(နိုင်)၁၁၇၈၇၆] မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်(၂၄၅၄/က) မြေကွက်တည်နေရာအမှတ် (၂၄၅၄/က)၊ ဇေယျဝတီ(၂)လမ်း၊ ၁၀တောင်၊ ၁၂ရပ်ကွက်၊ သာကေတမြို့နယ်၊ဦးကြွေ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကြွေ(ဖခင်၊ ယောက္ခထီး) ဒေါ်ကျင်ဥ (မိခင်၊ ယောက္ခမ)တို့မှ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခင်မြဝင်း(ခ) မစစ်(ဇနီး)မွေးဖွားခဲ့ပြီး ၎င်းတို့အသီးသီး ကွယ်လွန်သဖြင့် သမက်၊ ခင်ပွန်းတော်စပ်သူ ဦးလှကြည် [၁၂/သကတ(နိုင်)၀၆၅၈၅၉]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၇၅၈/၂၀၁၄) ရသူ ဦးဇော်မင်း [၁၂/ဒပန(နိုင်)၀၂၃၅၃၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(၁၁၃)၊ မြေကွက်တည်နေရာ အမှတ်(၁၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးသန်းရွှေ၊ ဒေါ်တင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းရွှေ (ဖခင်) [၁၂/ဒပန (နိုင်) ၀၂၇၄၄၁] နှင့် ဒေါ်အုန်းရင် (မိခင်) [၁၂/ဒပန(နိုင်)၀၂၈၂၇၈] တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်ရီ[၁၂/ဒပန(နိုင်)၀၂၇၄၃၉] နှင့် ဦးဆန်းမြင့် [၁၂/ဒပန(နိုင်)၀၂၇၄၃၈]တို့နှင့် ကျန်အမည် ပေါက် ဒေါ်တင်(အဘွား)၊ ဦးဘညွန့်(အဘိုး)၊ ဦးသောင်းညွန့် (ဖခင်)နှင့် ဒေါ်ရွှေ(မိခင်) တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောမြေးဖြစ်သူ ဒေါ်မြမြ [၁၂/ဒပန (နိုင်)၀၂၈၂၈၁]ထံမှ GP ၂၁၈၆၃/ ၁၃(၅-၁၁-၁၃)ရရှိသူ ဦးမျိုးမင်း [၁၂/ဒပန(နိုင်)၀၄၉၁၄၄] မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# သဖန်းဆိပ်ဆည် အနောက်ခြမ်းကျေးရွာများတွင် လမ်းချဲ့ခြင်း၊ ပေါင်မြှင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်



**ကျွန်းလှ၊ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည် အနောက်ခြမ်းကျေးရွာများ သွားလာရေးလွယ်ကူစေရန် ဆည်ပတ်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်းချဲ့ခြင်း၊ လမ်းပေါင်မြှင့်ခြင်း၊ လမ်းညှိခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သဖန်းဆိပ်ဆည်ပတ်လမ်းကို အင်တိုင်း-ကျွဲတဲကျေးရွာ မြေသားလမ်း ၅ မိုင်၊ ကျွဲတဲ-လိပ်စင်းတောင်ကျေးရွာ မြေသားလမ်း ၁၀ မိုင်အား လမ်းဧရိယာပေ ၆၀၊ လမ်းအကျယ် ၁၈ ပေကို ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သဖန်းဆိပ်ဆည် အနောက်ခြမ်းနေ ပြည်သူများမှာ မိုးရာသီတွင် ရေလမ်းကိုသာ အားကိုးပြီး သွားရပါတယ်။ ကျွန်းလှမြို့မှ ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် ကြို့ပင်ချောက်လှေဆိပ်၊ အင်တိုင်းလှေဆိပ်၊ ငါဘတ်အိုင်လှေဆိပ်တွေကိုသွားရပါတယ်။

'အင်တိုင်းလှေဆိပ်မှ ပေကုန်းလှေဆိပ်သို့ စက်လှေစီးရင် လူတစ်ဦးအတွက် ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၂၀၀၀၊ ဆိုင်ကယ်တင်ခ၊ ချခငွေကျပ် ၁၀၀၀ ပေးရပြီး အသွားအပြန်ငွေကျပ် ၈၀၀၀ ကုန်ကျပါတယ်" ဟု စက်လှေစီးခရီးသည်တစ်ဦးက ပြောသည်။

ယခုကဲ့သို့ သဖန်းဆိပ်ပတ်လမ်း ဆောင်ရွက်ပေးသည့်အတွက် ခရီးသွားပြည်သူများ စက်လှေစောင့်ရသည့် အချိန်လည်းမကုန် ငွေကုန်ကြေးကျလည်းမများဘဲ ဆည်ပတ်လမ်းမှ သွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း၊ ဆည်အနောက်ခြမ်းကျေးရွာများ တစ်ရွာနှင့်တစ်ရွာ ကူးသန်းရေး လွယ်ကူပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ကျေးရွာသားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မိုင်းဖြတ်၌ပုလဲသွယ်စပ်မျိုး မိုးစပါး စံကွက်ရိတ်သိမ်း

**မိုင်းဖြတ်၊ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် ပုလဲသွယ်စပ်မျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီက ဟိုနားကျေးရွာ၊ တောင်သူ ဦးစိုင်းကျောက်၏ မိုးစပါးစံပြစိုက်ခင်းသုံးဧက၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွဋ်လွင်က ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးမှု၊ သွင်းအားစုများထည့်သွင်းပေးမှု အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်းစပါးအစို ၁၉၀ ဒသမ ၀၂ တင်း ထွက်ရှိသဖြင့် ဒေသစပါးမျိုးများထက် ပိုမိုအထွက်နှုန်းကောင်းကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်သုံးငါးခန်းတွဲ သန့်စင်ခန်းများဆောက်လုပ်

**ကျောက်ပန်းတောင်း၊ အောက်တိုဘာ ၁၆**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော ယင်လုံအိမ်သာများကို ကျန်းမာရေးနှင့်ညီညွတ်စွာ သုံးစွဲခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူမှုဘဝများကို တည်ဆောက်နိုင်စေရန်အတွက်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာ ၁၀ ရွာတွင် ကျေးလက်ဒေသသုံး သန့်ရှင်းသော ငါးခန်းတွဲအိမ်သာ (သန့်စင်ခန်း) များ ဆောက်လုပ်ခြင်းကို စက်တင်ဘာ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက်တွင် ကျေးရွာသုံးရွာ၌ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် သန့်ရှင်းသော ငါးခန်းတွဲသန့်စင်ခန်းများ ဆောက်လုပ်နေခြင်းဖြစ်ပြီး နှစ်ကျပ်ခွဲကျေးရွာ၊ ကုန်းပေါ်နက်ကျေးရွာနှင့် ဒဝါးကျေးရွာတို့တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး ကျန်ကျေးရွာ ၇ ရွာတွင်လည်း အမြန်ဆုံးပြီးစီးရန်ဆောင်ရွက်လျက်ရှိသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

**ကနီ၊ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက ကနီမြို့နယ် အိုင်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး စိုးမြင့်မှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်စခန်း တာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးထိန်လင်းထွန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ကျင့်ဝတ်နှင့်အညီ စောင့်ထိန်းရေး၊ ပြည်သူက အားကိုးရသည့် တပ်ဖွဲ့ဝင်များဖြစ်အောင် စည်းလုံးညီညွတ်သောစွမ်းအားများဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရန်နှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် အိုင်တောင်ကျေးရွာအုပ်စုအတွင်း ကျေးရွာများမှ သင်တန်းသား ၇၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၂ ရက်ဖြစ်ကြောင်း သိရသည်။ ၎င်းသင်တန်းတွင် စစ်ရေးပြ၊ မီးငြိမ်းသတ်နည်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးနည်းများ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရှိ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**သန်းငွေအောင်(ကနီ)**

## ကလေးသူငယ်ပြုစုပျိုးထောင်ရေး ပညာရေးဒါန အဆင့်မြင့်နေ့ကလေးထိန်းကျောင်းဆောင်သစ် ဖွင့်လှစ်

**တမူး၊ အောက်တိုဘာ ၁၆**

ကလေးသူငယ်ပြုစုပျိုးထောင်ရေး ပညာရေးဒါန အဆင့်မြင့်နေ့ကလေးထိန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထန်းလျံနာ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလှမောင်၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောခမ်းတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်နေ့ကလေးထိန်းကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီအကျိုးဆောင် ဒေါ်ကေစုလှိုင်က နေ့ကလေးထိန်းကျောင်းဆောင်သစ် ဖြစ်ပေါ်လာပုံအား ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်စကားများပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့မှ ကျောင်းရေရှည်ထိန်းသိမ်းစီမံရေးအဖွဲ့အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါကလေးသူငယ်ပြုစုပျိုးထောင်ရေး ပညာရေးဒါန အဆင့်မြင့်နေ့ကလေးထိန်းကျောင်းဆောင်သစ်မှာ အလျား ၃၈ ပေ၊ အနံ ၂၀ ပေရှိပြီး တမူးမြို့နယ်အတွင်းရှိ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့်ငွေကျပ် ၁၄၃၃၀၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**


သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

**HTET OO MARITIME TRAINING INSTITUTE**

ပင်လယ်ရေကြောင်းသင်္ဘောသားဖြစ်ချင်သူများအတွက် **Whole Package** စနစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ **BST** နှင့် **Pre-Sea** သင်တန်းများတက်ရောက်ခြင်း၊ **CDC / Passport** လျှောက်ထားခြင်းများကို (၄)လအတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

၁။ **BST (4 Tickets)** - (နေ့လယ်စာ နှင့် **Coffee** ကို အခမဲ့ကျွေးမွေးမည်)
၂။ **Tanker Familiarization Course (T.F)**-(နေ့လယ်စာ နှင့် **Coffee**ကို အခမဲ့ကျွေးမွေးမည်) **( Oil, Chemical ) (CDC** ရှိပြီးသူများသာ**)**
၃။ **Pre-sea Course (Deck , Engine)**-(သင်္ဘောပေါ်သို့ လေ့လာရေး ခရီး ပို့ဆောင်ပေးပါမည်)
၄။ **Designated Security Duties Course ( DSD)** စသည့် သင်တန်းများနှင့်
၅။ **Deck Officer Class IV & V (Combined) NCV** အောက်တိုဘာတန်းခွဲများအတွက် စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပါသည်။

(၁) သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း

**Ph: 09 250278274, 01-544562**

(၂) အမှတ်-က/၁၆၈၊ ဒေါပုံသင်္ဘောကျင်းလမ်း (ရေကြောင်းဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်။

**Ph: 09 421154222**



**ခြံ ရောင်း မည်**

မရမ်းကုန်း ၉ မိုင် ရွှေနှင်းဆီလမ်းတွင်
15000 sqft ခန့်
38000 L (ညှိနှိုင်းဈေး)
ဖုန်း- ၀၉ ၂၅၄၁၃၈၁၀၆၊ ၀၉ ၂၅၃၁၁၄၉၃၇

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၉၈၃၊ မြေကွက်တည်နေရာအမှတ်၉၈၃၊ အင်း၀(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြကြည်၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင် (ဒေါ်မြကြည်)၊ ဖခင် (ဦးအေးကြွယ်)တို့ ကွယ်လွန်သဖြင့် ဦးခင်ကျော်ဦး၊ (၁၂/ကတတ (နိုင်) ၀၀၅၅၈၈၅)၊ ဒေါ်ရှိရှိ (၁၂/မရက (နိုင်)၁၀၀၅၃၁၃)၊ ဦးမျိုးအောင်(၁၂/မရက(နိုင်)၁၀၀၈၈၆၇)၊ ဦးငွေအောင်(၁၂/မရက(နိုင်)၀၈၁၀၀၆၂)၊ ဦးကျော်အောင်(၁၂/မရက(နိုင်)၀၈၁၀၁၄)၊ ဒေါ်ညိုညိုထွေး(၁၂/မရက(နိုင်)၀၀၂၈၉၂)၊ ဒေါ်စောယုနွယ် (၁၂/မရက(နိုင်) ၀၀၂၈၉၁)တို့က သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထူးချွန်ဆုရ စာရေးဆရာကြီး ထွန်းလင်း

ထမ္ဗာရောင်းအကောင်းဆုံး နံပါတ် (၁)စာအုပ်စာရင်းဝင်

**Danielle Steel ၏ Friends Forever**

တင်မောင်မြင့် (ဘာသာပြန်)

ကျောင်းတုန်းက သူငယ်ချင်းတွေ

ဦးဆွေ (ဒဿနိက)

ဟယ်လို . . . လူကြောင် နှင့် အခြားဝတ္ထုတိုများ

ရဲသျှမ်း

လမ်းဆုံဘူတာ နှင့် မဂ္ဂဇင်းဝတ္ထုတိုများ

ဇော်ခိုင်ဦး

ပွဲစားကြီး ငါးခြောက်

ဘ ဝ ဖြတ် သန်း မှု စာ စု များ

ဖြန့်ချိရေး - လင်းလွန်းခင် စာပေတိုက် ထွက်ပြီ။

ဖုန်း - ၀၁-၂၉၃၄၀၁၊ ၀၉- ၂၂၀-၁၇၃၀။

## ဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၀၄၈၈**

**ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)(ကျုံပျော်)**

**စစ်တက္ကသိုလ် အမှတ်စဉ်(၇)**

**အသက်(၇၁)နှစ်**

ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)သည် ၁၄-၁၀-၂၀၁၄ရက်နေ့ နံနက် ၁၀း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး-ဒေါ်မြင့်မြင့်ခိုင် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ကြည်း-၁၀၄၈၈**

**ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)(ကျုံပျော်)**

**စစ်တက္ကသိုလ် အမှတ်စဉ်(၇)**

**အသက်(၇၁)နှစ်**

ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)သည် ၁၄-၁၀-၂၀၁၄ရက်နေ့ နံနက် ၁၀း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာရှိ၊ စစ်သည်နှင့် မိသားစုများ**
**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)**

**D.S.A-7**

အစ်ကို ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားသဖြင့် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။ အစ်ကိုကောင်းရာသုဂတိလားပါစေ။

**ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး(ငြိမ်း)နှင့် ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်း(ခ)ဦးဌေးမောင်(မြန်မာ့အသံ၊ အငြိမ်းစား)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၄၅)၊ (D)သုံးလွှာ၊ ရေတာရှည်လမ်းသစ်နေ (ဦးလှအောင်-ဒေါ်အမာ)တို့၏သား၊ ဒေါ်ရင်လှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်နိုင်(Myanmar Image Co.,Ltd)-ဒေါ်ကြူကြူသင်း(ဗဟိုရ်စည်ဆေးရုံ)၊ မောင်သန်းစိုး၊ မဇင်မာသင်း(Green Cross)၊ မောင်ကျော်ဇံဟိန်း(Eleven Media Group)-မအေးအေးသွယ်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးဌေးမောင်(မြန်မာ့အသံ၊ အငြိမ်းစား)သည် ၁၂-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်ခင်နိုင် (ဝါးခယ်မ)

**(၆) နှစ်ပြည့် ရည်စူးကုသိုလ်**

မေမေနိုင် . . . . မိသားစုနှင့်ခွဲခွာခဲ့သည်မှာ (၁၇-၁၀-၂၀၁၄) ရက်တွင် (၆)နှစ်ပြည့်ခဲ့ပါပြီ။ အမေ. . ဘဝအမော၊ လွန်ထူပြောလည်း၊ မြတ်သောမာတာ မမေ့ပါခဲ့၊ ဘဝညီညာ၊ ရှိသည့်ခါလည်း၊ မာတာကျေးဇူး၊ ဂုဏ်အထူးကို၊ မေ့ဘူးဘယ်ခါ၊ မရှိပါခဲ့၊ တစ်သက်တာ၊ တစ်ဘဝမှာ ရည်စူးပြုသမျှ ဒါနကုသိုလ်အစုစုကို သာဓုအနုမောဒနာခေါ်ဆို နိုင်ပါစေ။

**ဦးအောင်သန်းမိသားစု**

## (၁)နှစ်ပြည့်အလွမ်း

**မစန်းစန်းဌွေး**

ချစ်ရတဲ့ 'မ'
တို့နှစ်ယောက်အတူ ဘဝခရီးလမ်းကို အတူလက်တွဲလို့ ရင်ဆိုင်ကြမယ်။
အပြုံးနဲ့ပြော၊ မနားတန်းလုပ်၊ မမောတန်းခေါ် 'မောင်' ရယ်နော်လို့
နေ့စဉ်ရက်ဆက် ကျောင်းဈေးထွက်လျက် တို့သားတို့သမီး ပညာတတ်ကြီး ဖြစ်ကိုဖြစ်အောင်
စိတ်ရည်သန်၍ ကြိုတင်တွေးရင်း ဈေးရောင်းရင်းပင် ကြွေလွင့်ခဲ့ပြီ . . .။
စက္ကန့်မိနစ်၊ နာရီ၊ ရက်၊ လ မပြတ်အခါခါ သတိရစွာ တမ်းတပါ၏။
မိသားစုနှင့် ခွဲခွာသည်မှာ တစ်နှစ်တာဟု ပြောဆိုသော်လည်း ငါ့ရဲ့ရင်ထဲ အသည်းထဲမှာ
မနေ့ကလိုပဲ စိတ်ထဲစွဲလျက် မြင်ယောင်တမ်းတ လွမ်းဆွေးရသည်
ပြန်လာမယ့်ရက် လုံးဝမရှိလည်း မျှော်နေမိသည် ကြင်သူရယ်ဆီ . . . .။

**စက္ကန့်မလပ်တမ်းတလျက် . .**
**မောင်**

## ဝမ်းနည်းကြေကွဲခြင်း

**Captain အောင်မြတ်တိုး(တိုးကြီး)**

**1971 - 2014**

တို့တွေကို ထားခဲ့တာ စောပေမယ့် သူငယ်ချင်းရဲ့ လူသားချင်းစာနာတဲ့စိတ်နဲ့ ရှာဖွေ အသက် ကယ်ဆယ်ရေးလုပ်ငန်းကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စွန့်လွှတ် စွန့်စားတာဝန်ထမ်းဆောင်ရင်း မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတာမို့ မင်းအတွက် အထူးဂုဏ်ယူမိပါတယ်. .။

မင်းရဲ့မိသားစုဖြစ်တဲ့ ချစ်ဇနီး လှိုင်မြတ်တင့်၊ ချစ်သား မင်းခန့်မောင်နှင့် မိဘမောင်နှမများကိုလည်း တို့တစ်တွေတတ်နိုင်သလောက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြမှာပါ . .။

မင်းမရှိပေမယ့် တို့တွေအားလုံးရဲ့ ရင်ထဲမှာတော့ မင်းက အမြဲရှင်သန်နေမယ်၊ ဂုဏ်ယူနေမယ်၊ လေးစားနေမယ် သူငယ်ချင်း . . .။

ယူကျုံးမရနိုင်မြောတသ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် . . . .။

**ဒသမတန်း(၁၉၈၇-၁၉၈၈)**
**အထက(၂)ကမာရွတ်မှ အဝေးရောက်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဖြစ်သူ ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်**
**အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်စိန်စိန်ရီမိသားစု၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီးသည် ၁၁-၁၀-၂၀၁၄ ရက်(စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Frederick Rawski**
**The Carter Center**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အစ်ကိုကြီးဦးတင်အေး၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲလွင်-ဒေါ်တင်တင်ဝင်း**
**ဥက္ကါရဲလွင်၊ တေဇာရဲလွင်၊ အမယာရဲလွင် မိသားစု**
**Shwe Lwin Lwin Co., Ltd., O.T.A Golden Family Co., Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မ**

**အသက်(၇၆)နှစ်**

ဒုတိယဗိုလ်မှူးကြီး သန်းထိုက်-ဒေါ်မြင့်မြင့်မာတို့၏မိခင်ကြီး ဒေါ်ခင်မ အသက် (၇၆)နှစ်သည် ၃-၁၀-၂၀၁၄ရက် ည ၁၁ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းဖက်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ရွှေမြင်တင်ဦးညို**

**အသက်(၈၉)နှစ်**

မင်္ဂလာသုခပါဠိတက္ကသိုလ်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ ဂုဏ်ထူးဆောင် နာယကကြီး၊ ရွှေမြင်တင်ဦးညို (သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ) သည် ၁၂-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်္ဂလာသုခပါဠိတက္ကသိုလ် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့.**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းသန်း**

**အသက်(၈၆)နှစ်**

FINE 9 Investor Consultancy & Services Co.,Ltd မှ CEO/Director ဦးဉာဏ်လင်းအောင်၏ချစ်လှစွာသောအဘွား ဒေါ်သန်းသန်း အသက်(၈၆)နှစ်သည် ၁၄-၁၀-၂၀၁၄ ရက် နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**FINE 9 Co.,Ltd ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာအေးအေးသွဲ့(မြင်းခြံ)**

**ကထိက-ပထဝီဝင်ဌာန၊ မြင်းခြံဒီဂရီကောလိပ်**

မြင်းခြံမြို့၊ အမှတ်(၅၇)၊ ကံနီးရပ်နေ (ဦးကိုကြီး)(ပြည်နယ်မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)-ဒေါ်ပြုံးကြည်(မန်နေဂျာ-ငြိမ်း၊ ကုန်သွယ်ရေး)တို့၏တတိယသမီး၊ ဒေါ်နွယ်နွယ်ဦး(မန်နေဂျာ၊ M/CB၊ရန်ကုန်)၊ ဦးကျော်ကြီး-ဒေါ်ဝင်းဝင်းလတ်တို့၏ညီမ ဒေါက်တာအေးအေးသွဲ့ အသက်(၄၈)နှစ်သည် ၁၁-၁၀-၂၀၁၄ ရက်(စနေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

## ဦးညွန့်ရှိန် (၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၁၇၅)နေ (ဦးဘိုးစိန်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးပု-ဒေါ်ဖန်)တို့၏သားသမက်၊ (ဦးချစ်ထွန်း-ဒေါ်စိန်မြိုင်)၊ ဦးကျော်-ဒေါ်ဖွားမြင့်၊ (ဦးလှရီ)-ဒေါ်ခင်ကြည်၊ ဦးမြတ်ထွန်းတို့၏ညီ/မောင်၊ အစ်ကို၊ (ဒေါ်မြတင်)၏ခင်ပွန်း၊ မရီရီဝင်း၊ ကိုအောင်ဇော်ဦး-မအေးအေးစိုးတို့၏ဖခင်၊ မောင်ဗိုလ်ဗိုလ်အောင်၊ မငုဝါအောင်တို့၏ဘိုးဘိုးသည် ၁၃-၁၀- ၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဒေါ်စောရီ (၇၆)နှစ်

ရန်ကုန်မြို့နေ (အကော်ဒီယံဦးအုန်းကျော်) ၏ဇနီး၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဒေးလီးစီးတီးနေ ဦးခင်မောင်သန့်ဇင်-ဒေါ်ဖြူသာယာကျော်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် (FMI City)နေ ဒေါ်သူဇာ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေမေတ္တာအိမ်ရာနေ ဦးစိုးမိုး-ဒေါ်ဖြူဖြူဝင်း(မေ-စတူဒီယို)၊ အမေရိကန်ပြည်ထောင်စုနေ မစ္စတာအမ်ပလီယို-(ဒေါ်နေရီရီ)တို့၏ မိခင်ကြီး၊ မြေးခုနစ် ယောက်တို့၏အဘွား ဒေါ်စောရီသည် ၂၈-၉-၂၀၁၄ရက်တွင် အမေရိကန်ပြည်ထောင်စု၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၄ရက်တွင် အမေရိကန်ပြည်ထောင်စု၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မော်လီစိန်(ခ)ဒေါ်ရင်ရင်မြ (၇၄)နှစ်**

**အငြိမ်းစား၊ ဝန်ထောက်(ပစ္စည်း)၊ ပထအ(၉၈၁)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၅၁)၊ ပထမထပ်နေ (ဦးစိန်-ဒေါ်စောလှ)တို့၏ သမီး၊ (ဦးညွန့်မောင်)၊ (ဒေါ်တင်မြင့်)၊ ဒေါ်ခင်တင့်တို့၏ ညီမ၊ ဦးမောင်မောင်တင်(ငြိမ်း၊ ရပကရ)-ဒေါ်အေးအေးမြင့်(ငြိမ်း၊ရပကရ)၊ ဒေါ်ဒေါ်လီစိန်(ငြိမ်း၊ 954 GE)တို့၏အစ်မ၊ ဒေါ်ခိုင်သီတာတင် (MCC)၊ ဦးသော်ဇင်-ဒေါ်လှိုင်သန္တာတင်၊ ဦးနေလင်းထိုက်၊ ဦးနေလင်းထွဋ်-ဒေါ်သီတာဝင်းတို့၏အဒေါ်၊ မနဒီဝင်းမောင်၊မမြတ်သဲချစ်(Grade-8, T.T.C)၊ မောင်စွမ်းရည်ပြည့်မောင်တို့၏အဘွားသည် ၁၅-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ၁၂း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

**ဒေါ်မြင့်မြင့်ရီ(ဖျာပုံ-ဒေါ်ငြိမ်း) (၆၄)နှစ်**

ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ မေတ္တာဝီလမ်း၊ အမှတ်(၁၀၉)နေ ဦးသံချောင်း (ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ်စည်ပင်သာယာရေးကော်မတီ)၊ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ဖျာပုံမြို့ဒေသခံအထောက်အကူပြုအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး၏ ဇနီး ဒေါ်မြင့်မြင့်ရီသည် ၁၀-၁၀-၂၀၁၄(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ခင်မောင်မြင့် ၁၄-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**D.S.A-7 မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ်(၆၅/I) လေးလွှာနေ (ဦးဘိုးလှ-ဒေါ်ပု)တို့၏သမီး ဘုရား၊ ရဟန်း ဒါယိကာမကြီး ဒေါ်ကြည်ကြည် အသက်(၉၅)နှစ်သည် ၁၄-၁၀-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မောင်ဖြစ်သူ ဦးချစ်ဖေနှင့်ဒေါ်သန်းမြင့်မိသားစု**
**ညီမဖြစ်သူ (ဦးမောင်မောင်တင်)-ဒေါ်ခင်မာလေးမိသားစု**
**တူမဖြစ်သူ ဒေါ်မီမီတင်နှင့်ဒေါ်သီတာ**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

**ဒေါ်အုံးအုံးကြည် (၇၇)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၃၅/ဆ-၈)၊ မြစပယ်ရိပ်သာလမ်း၊ ပါရမီရိပ်သာနေ [ဦးအုံးသန့်-ဒေါ်လေးမေ( မော်လမြိုင်)] တို့၏ သမီး၊ (ဦးကြိုင်-ဒေါ်ရင်ရင်)၊ [ဦးဖေသန်း(EPC)-ဒေါ်ကျင်ရင်တို့၏ ညီမ၊ ဦးဘိုဘို (မြန်မာ့ဆိပ်ကမ်းအာဏာ ပိုင်-ငြိမ်း၊ THAI SAWAT IMPORT EXPORT Co., Ltd., CHEUNG HING TIMBER Co., Ltd.) တို့၏ ဒေသခံကိုယ်စားလှယ်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းစိန်-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်မျိုးမင်း-ဒေါ်စိုးစိုးရီ၊ ဦးဘိုဌေး-ဒေါ်သင်းသင်းအေး (နယူးဇီလန်)တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်အုံးအုံးကြည်သည် ၁၄-၁၀-၂၀၁၄ရက် နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဦး (၉၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ ကြို့ကုန်း (၂)လမ်းတောင်၊ အမှတ် (မ/၁၁၉)နေ (ဦးနီ-ဒေါ်စိန်ရင်)တို့၏ သမီးကြီး၊ (ဦးခင်မောင်-အငြိမ်းစား ထောင်ပိုင်)၏ ဇနီး၊ [ဦးမောင်မောင်ဦး (အထပြ-ငြိမ်း)]-ဒေါ်တင်ယုံ (ကုန်သွယ် လယ်ယာ၊ မန်နေဂျာ-ငြိမ်း)၊ (ဗိုလ်ကြီး မောင်မောင်ဝင်း (ဒု/ညွှန်မှူး-ငြိမ်း၊ ပျားလုပ်ငန်းဦးစီးဌာန)၊ ဒေါ်ခင်နီနီဝင်း (မွေး/ရေ-ငြိမ်း)၊ ဦးလှမြင့်သန်း (လ/ထ ညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး-ငြိမ်း)-[ဒေါ်ခင်ဝင်းဆွေ (ပါမောက္ခ၊ ရုက္ခဗေဒဌာန-ငြိမ်း)]၊ ဦးအောင်ဝင်း (ဦး/ရှိ ပတခ၊ ငြိမ်း)-ဒေါ်ခင်ဝင်းရီ (ဦး/ရှိ ပတခ၊ ငြိမ်း) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေးလေးယောက်၏အဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီး ဒေါ်ခင်ခင်ဦးသည် ၁၄-၁၀-၂၀၁၄(အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ၂း၃၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် လက်တွဲညီညီ ကြိုးပမ်းပါဝင်ဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ကမ္ဘာ့ပြည်သူ ပြည်သားများအားလုံးစားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီး၏ ကမကထပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင် နှစ်စဉ်အောက်တိုဘာ ၁၆ ရက်နေ့တိုင်း ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားဖြစ်ပါကြောင်း။

စားရေရိက္ခာဖူလုံမှုမရှိဘဲနှင့်လူမှုဘဝသာယာမှုများကို တည်ဆောက်မည်မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs) ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး (Zero Hunger) ရည်မှန်းချက်သတ်မှတ်ထားရှိသည့်အတိုင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့☆**




ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

# မြန်မာအသင်း ဘရူနိုင်းအသင်းကို ဂိုးပြတ်အနိုင်ရ

စာမျက်နှာ » ၉

## ယနေ့ မာတိကာ


မိခင်နှင့်ကလေး စောင့်ရှောက်ပေး — စာမျက်နှာ » ၂

မြန်မာနိုင်ငံ သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ ညီလာခံကျင်းပ — စာမျက်နှာ » ၈

အာစင်ဝင်းဂါးအား မိုနာကို ပြန်လည်ခေါ်ယူလို — စာမျက်နှာ » ၁၃


# ခြိမ့်ခြိမ့်သဲ ဆင်နွှဲကြမည့် မဒေါက်တန်ဆောင်တိုင် မီးမျှောပွဲ

**သတင်းနှင့်ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)**

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကို နှစ်စဉ် ကျင်းပလျက်ရှိသည်မှာ ယခုနှစ်တွင် (၄၂) ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။ ဒေသရိုးရာယဉ်ကျေးမှုဖြစ်သည့် အမျိုးသား အမျိုးသမီး တက်ပံ့ယိမ်း၊ အမျိုးသမီး တက်ခုတ်ယိမ်း အကများနှင့် တိုင်းရင်းသားရိုးရာယိမ်းအကများကို မဒေါက်မီးမျှောပွဲတော်တွင် တွေ့မြင်ခံစားနိုင်မည်ဖြစ်၍ ယခုနှစ်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပရန် တာဝန်ရှိသူများနှင့် ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီက စီစဉ်လျက်ရှိနေပြီဖြစ်သည်။

မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲတော်ကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၇ ရက်) ညနေ ၆ နာရီတွင် စစ်တောင်းမြစ်အတွင်း ရောင်စုံမီးကြာခွက် ၅၀၀၀၀ ဖြင့် ရှင်ဥပဂုတ္တမထေရ်ကိုရည်မှန်း၍ မီးမျှောပူဇော်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့✪**



ယခင်နှစ် အနောက်ဘက်ကျေးရွာ ဒီကောင်မလေး တက်ခုတ်ယိမ်း ယှဉ်ပြိုင်နေမှုမြင်ကွင်း။




# ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၏ ရွှေဖိနပ်ဆု ဆွာရက်ဇ်နှင့် စီရိုနယ်လ်ဒိုဆွတ်ခူး

ဘာစီလိုနာတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ လိဂ် သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီ၏ ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ် တောင်ပံကစားသမား စီရိုနယ်လ်ဒိုသည်လည်း ပြီးခဲ့သည့်ရာသီက တိုက်စစ်မှူး ဆွာရက်ဇ်၏ သွင်းဂိုးနှင့် ညီမျှသော လိဂ်သွင်းဂိုး ၃၁ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရွှေဖိနပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

ယခုရာစုနှစ်၏ ရွှေဖိနပ်ဆုရရှိမှုစာရင်းကို ကြည့်မည်ဆိုပါက စပိန်လာလီဂါမှ ရှစ်ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး ပရီမီယာလိဂ်မှ လေးကြိမ် ဆွတ်ခူးထားနိုင်ခဲ့သည်။ စီးရီးအေမှ နှစ်ကြိမ်နှင့် ပေါ်တူဂီလိဂ်နှင့် စကော့တလန်လိဂ်တို့မှ တစ်ကြိမ်စီဆွတ်ခူးထားကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့◯**




နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၂၈၊ ၀၆၇-၃၄၁၀၃၀၊ ဖက်စ် ၀၆၇-၃၄၁၀၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁၊
themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ ကြေးမုံ The Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံ နှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ၄၀၀/မမ/CE | တိုင်းအမှတ်(၃) ၊ မန္တလေး<br>မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်းမှကမ်းကပ်ခုံအမှတ် (၁)(၂)နှင့်ရေလယ်တိုင် (၅)ခုအတွက် Bore Pile တူးခြင်းနှင့်Pile Cap & Pier Shaftတည်ဆောက်ခြင်း | ၃၀၀၀၀/- |
| ၂ | ၄၀၁/မမ/CE<br>၄၀၂/မမ/CE | ရန်ကုန်-ပုသိမ် ရထားလမ်းစီမံကိန်း<br>ကျုံဒိုင်းကြီးဘူတာ ပလက်ဖောင်းနှင့် Waiting Shed တည်ဆောက်ခြင်း<br>အိမ်မဲ-ပန်းတနော်-စက္ကော့လမ်းပိုင်း၊မိုင်၊ဖာလုံတိုင်နှင့်သတိပေးဆိုင်းဘုတ်များပြုလုပ်စိုက်ထူခြင်း | ၂၀၀၀/-<br>၂၀၀၀/- |
| ၄ | ၄၀၃/မမ/CE | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း၊ ရထားရဲတပ်ဖွဲ့ဝင် နေအိမ်လိုင်းခန်းများ ရေရရှိရေးအတွက်အဝီစိတွင်းတူးခြင်း 0ver Head Tank,Ground ,Pump House တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း | ၂၀၀၀/- |
| ၅ | ၄၀၄/မမ/CE<br>၄၀၅/မမ/CE | တိုင်းအမှတ်(၁၁)ပုဂံ၊မိုးကောင်းလေး-ဓကရာဇ်ကြား၊မိုင်၂၀၆/၂၀-၂၂ (၂၇၅-ပေ) နှင့် မိုင် ၂၁၈/၈-၉ (၁၂၅-ပေ) တွင် RC Retaining Wall တည်ဆောက်ခြင်း | ၅၀၀၀/-<br>၂၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် - ၃၁ .၁၀ .၂၀၁၄ (သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇.၁၀ .၂၀၁၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန ၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူ လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း:294352,291994

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၉/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-094(14-15) | Spares for Volvo Tractor (6) Items | US $ |
| (၂) | IFB-095(14-15) | Spares for Cummins KTA-2300 C-1050 Water Pump Engine(16) Items | US $ |
| (၃) | IFB-096 (14-15) | Spares for Perkins Engine Ex 435 TC P & H Crane (31) Items | US $ |
| (၄) | IFB-097(14-15) | Spares for Cooper Well Servicing Units (11) Items | US $ |
| (၅) | IFB-098(14-15) | Spares for Rotary Substitutes (1) Lot | US $ |
| (၆) | IFB-099(14-15) | Spares for Rotary Swivels (1)Lot | US $ |
| (၇) | DMP/L-025(14-15) | Hard Surface Brake Drum Rim for Drawwork (Ex EMSCO Rig) (1)Item | Ks |
| (၈) | DMP/L-026(14-15) | AC Kilovars Meter (Ex ZJ 50D SR II Rig) (5) Items | Ks |
| (၉) | DMP/L-027(14-15) | 500 KVA, 33/0.4 KV Transformer and 33 KV Gas Circuit Breaker (2) Items | Ks |
| (၁၀) | DMP/L-028(14-15) | Spares for SATA 1118 (Kenworth Truck) (4) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## အကောင်းကြိုက်သူများအတွက်
## သန့်

**စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ပဲဆီမွှေး၊ရှမ်းဆန်၊ဘာစမာတီ၊ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တပါတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။**

**ရွှေဘိုပေါ် ဆန်းမွှေးရပြီ။**

**ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။**
**ဖုန်း–681209, 681504, 682934, 09 73249922**

## ပိုင်ရှင်ကိုယ်တိုင်
## ရောင်းမည်

Toyota Belta 2010
(7F-5-------)၊
မီးခိုးရောင်၊ G Grade, Push Start
ရောင်းဈေး သိန်း(၁၁၀)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၀၁၁၆
(ရုံးချိန်အတွင်း)ပွဲစားမလို

## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါ ဘာသာရပ်(၃၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်း)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံမှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် အတတ်သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်းသင်တန်းရှိသည်။

**ဖုန်း-၀၉-၄၉၂၆၈၃၀၅၊ ၀၉-၂၅၀၀၃၉၂၃၀**

## "အစွမ်းထက်ရတနာအဆောင်"

နဝရတ်ကိုးပါးဆိုတာ၊
ရက်မြတ်မင်္ဂလာ၊ အခါကောင်းနှင့်၊
ဝတ်ဆင်သူရဲ့၊ မွေးနံ့ကိုက်ညီစွာ၊
သီလဖြင့် စီမံဆောင်ရွက်မှသာ
အစွမ်းထက်ပါတယ်။

**➤1-11-2014 နေ့လည် 12:58 မိနစ် ပွဲတင်စီမံမည်။➤**
**မိုးကုတ်ဦးသန်းမောင်၊ နေလနှစ်ပါးသိဒ္ဓိရတနာဆိုင်**
**Ph:01-705070,09-5130974,09-73205028,01-573600 Ext 115.**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက် အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)အတွက် (66/11-6.6kv)(10 MVA)ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများကို လုပ်ငန်းလိုအပ်ချက်အရ အမြန်ဆောင်ရွက်လိုပါသဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးရန် တင်ဒါတင်သွင်းပေးနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁၀-၂၀၁၄ ရက်၊ ၁၀း၀၀နာရီ

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၃၁-၁၀-၂၀၁၄ရက်၊ ၄း၀၀နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၀၆၇-၄၀၈၁၉၅**

## 3537® ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ သတိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၃၆)လမ်း၊ (၈၃×၈၄)လမ်းကြား၊ အကွက် (၅၃၈)၊ အမှတ် (၂၃၁)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ခိုင် (ဘ) ဦးအုန်းခိုင် [၉/မရတ(နိုင်)၀၆၂၈၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေး ကြေညာအပ်ပါသည်။

အောက်တွင် ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ခိုင်မှ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုနိုင်ရန်အတွက် **3537®** ကုန်အမှတ်တံဆိပ်အား ၁၈-၃-၂၀၁၁ ရက်တွင် မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ မှတ်ပုံတင်သွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**3537®**

အထက်ဖော်ပြပါ **3537®** ကုန်အမှတ်တံဆိပ် အမှတ်အသားကို သံယာစီး၊ ကျားစီး၊ မစီး၊ ကလေးစီးဖိနပ်အမျိုးမျိုး၊ ခေတ်မီအလှဒီဇိုင်းအမျိုးမျိုး၊ ကတ္တီပါဖိနပ်အမျိုးမျိုးတို့အပြင် ကင်းပတ်၊ ရှူးဖိနပ်အမျိုးမျိုး၊ တောစီးဖိနပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ၎င်းဖိနပ်အရွယ်အစားအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ ထည့်သွင်းထားသော ပလပ်စတစ်အိတ်များ၊ ဂျပ်ဘူးများ၊ စက္ကူအိတ်များ အစရှိသော ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို တွယ်ကပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ **3537®** ကုန်အမှတ်တံဆိပ်အမှတ်အသားကို မူပိုင်ရှင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ခိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲပိုင်ခွင့်မရှိပါ။ သို့ဖြစ်ရာ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားအားလုံး၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ ပုံသဏ္ဍာန်တူအောင်ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားဖြစ်စေ၊ ရှေ့-နောက် စာလုံးတိုး၍ဖြစ်စေ၊ လျှော့၍ ဖြစ်စေ၊ တုပပြုလုပ်၍ ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ခိုင်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာခြင်းများပါ တရားစွဲဆိုတောင်းခံပြီး ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်မိုးဟိန်း** | **ဒေါ် မြတ်အိဖြူ** |
| **(LL.B, LL.M, D.B.L)** | **(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၉၀၀၃)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၈၃၁)** |

**( ဥပဒေအကျိုးဆောင်ရှေ့နေများ )**
**(၃၂×၃၃)လမ်းကြား၊ (၆၆×၆၇)လမ်းကြား၊ ပညာရေးကောလိပ်မြောက်ဘက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း -၀၉-၉၁၀၂၂၃၇၃**

## အိမ်ငှားမည်

(ပွဲစားမလို)
ကမ္ဘာအေးစေတီလမ်းမကြီးနှင့်
တက္ကသိုလ်ရိပ်သာလမ်းသစ်အနီး
ဗဟန်းမြို့နယ်။
Ph: 09-5419299

## အမြန်ဆက်သွယ်ပါ

Master Ace 1B/4255 ယာဉ် လက်ဝယ်ရှိသူ အမြန်ဆုံး ဆက်သွယ်ပါ။ ph- 09-73045022

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်
## အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၉-ရပ်ကွက်၊ အင်းစိန်လမ်း၊ အခန်းအမှတ်-၂၀၁၊ ၃လွှာ၊ တိုက်အမှတ်-၅၅ဟုခေါ်တွင်သော တိုက်ခန်းအား ဦးမြတ်တိုးနိုင်(KPU-၁၀၆၀၉၅)နှင့် ဒေါ်မြင့်မြင့်သိန်း (KPU-၁၀၂၆၈၂)တို့မှ လက်ရောက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ယင်းတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ရာ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁**

## အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အိမ်အမှတ် - ၁၄/က/၁၊ (မြေတိုင်းရပ်ကွက်အမှတ် (၇-စီ)၊ မြေကွက်အမှတ် - ၁၄/က/၁) ဟုခေါ်တွင်သော မြေဧရိယာ (၈၀' × ၆၀')အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်နှင့်နေအိမ်သည် မိဘများဖြစ်သည့် ဦးတင်အောင်၊ ဒေါ်မြင့်မြင့်တင်တို့က (၁၉၈၅)ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပြီး (၁၆-၉-၂၀၁၄)ရက်နေ့ ဖခင်ကွယ်လွန်ချိန် အထိ မိသားစုနှင့် အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်ပါသည်။

ယခုအခါ မိဘများကွယ်လွန်ပြီးဖြစ်၍ သားသမီးများဖြစ်ကြသည့် (၁) ဦးစိုးမိုးအောင် (၁၂/အစန (နိုင်) ၀၃၀၇၉၂)၊ (၂) ဦးအေးမိုးအောင် (၅/မရန (နိုင်) ၀၂၆၄၆၂)၊ (၃) ဦးလွှမ်းမိုးအောင် (၁၂/အစန (နိုင်) ၀၃၁၃၄၄)၊ (၄) ဦးသူရဇော် (၁၂/အစန (နိုင်) ၀၃၁၃၄၅)၊ (၅) ဒေါ်လမင်းအောင် (၁၄/ဟသတ (နိုင်) ၀၁၁၂၆၆) တို့မောင်နှမ (၅)ဦး အမွေဆက်ခံပိုင်ဆိုင်သည့်မြေကွက်နှင့် နေအိမ်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေဆွေညိမ်း** | **ဦးဇော်ဝင်းလှိုင်** |
| **LL.B., D.B.L., D.A Psy.** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၃၅၃၀) | အထက်တန်းရှေ့နေ (စဉ်-၃၁၅၁၉) |

အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၅၀၈၂၂၃၄

